နိုက်တင်ဂေးလ်

NIGHTINGALE

ကျန်းမာရေးဂျာနယ်

အတွဲ-၁၊ အမှတ်-၅၊ ဖေဖော်ဝါရီလ၊ ၂၀၀၆-ခုနှစ်

လွတ်မြောက်နယ်မြေမှ ကျန်းမာရေးလုပ်သားများ စုစည်းထုတ်ဝေပြီး BRC မှပံ့ပိုးကူညီသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမား တွေရဲ့သားသမီးတွေအတွက် ဆာသူးလေ အထက်တန်း ကျောင်းသစ် ထပ်မံဖွင့်လှစ်

ထိုင်း-မြန်မာနယ်စပ်မဲဆောက်မြို့မှာနေထိုင်တဲ့မြန်မာရွှေ့ပြောင်းအလုပ်သမားတွေရဲ့ သားသမီးတွေအတွက်ရည်ရွယ်ပြီး တတိယမြောက် အထက်တန်းကျောင်းဖြစ်တဲ့ဆာသူးလေအထက်တန်းကျောင်းကို (၂၂-၂-၂၀၀၆)နေ့က ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါတယ်။ ဆာသူးလေကျောင်းကို ၁၉၉၉ခုနှစ်မှာ မူလတန်း အဆင့်မှစတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာရွှေ့ပြောင်း အလုပ်သမားတွေရဲ့ သားသမီးများ၊ မိဘမဲ့ ခိုကိုးရာမဲ့ကလေးများ၊ ပြည်တွင်းစစ်ကြောင့် ထွက်ပြေးလာရတဲ့ ကလေးများ ကောင်းမွန်စွာ ပညာသင်ကြားနိုင်ဖို့အတွက်ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

ဆာသူးလေကျောင်းမှာ လက်ရှိ အနေနဲ့ ကျောင်းသားဦးရေ (၂၈၀)ရှိပြီး မြန်မာဘာသာနဲ့ သင်္ချာဘာသာရပ်တွေအတွက်မြန်မာပြည်က သင်ရိုးညွှန်းတမ်းကိုယူပြီး ကျန်ဘာသာရပ် တွေကိုတော့ ကရင်အမျိုးသားပညာရေးဌာနရဲ့ သင်ရိုးတွေကယူတယ်လို့ သိရပါတယ်။ ထိုင်းဘာသာရပ်ကိုတော့ ထိုင်းတက္ကသိုလ်တွေက ဘွဲ့ရတဲ့ ဆရာတွေက သင်ကြားပေးတယ်လို့ သိရပါတယ်။ ကျောင်းဆရာ အားလုံး (၁၉)ဦးရှိပြီး အထူးဘာသာရပ်အဖြစ် ကွန်ပျူတာ၊ ဂီတနဲ့ ပန်းချီ ပညာရပ်တွေကို သင်ကြားပေးတယ်လို့သိရပါတယ်။ကျောင်းဝင်ကြေးကို ဘတ်(၂၀၀)သတ်မှတ်ထားပေမယ့် မတတ်နိုင်သူများကို အခမဲ့သင်ကြားပေးပြီး မိဘမဲ့ကလေးများကိုလည်း ကျောင်းအိပ်ကျောင်းစားအနေနဲ့ လက်ခံသင်ကြားပေးတယ်လို့ သိရပါတယ်။

ဆာသူးလေ အထက်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ထိုင်းနိုင်ငံအခြေစိုက် Child's Dream ဆိုတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတခုက အဓိကပံ့ပိုးကူညီတယ်လို့ သိရပါတယ်။ မဲဆောက်ဒေသမှာ ဆာသူးလေ၊ မယ်တော်နဲ့ မယ်ပအထက်တန်းကျောင်း(၃)ကျောင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး စာသင်ကျောင်း(၄၅)ကျောင်းမှာ မြန်မာကလေးငယ်စုစုပေါင်း (၆၀၀၀)ခန့်ကို ပညာသင်ကြားပေးလျက်ရှိတယ်လို့ သိရပါတယ်။ ■ Feb 23, 2006

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဆွီဒင်နိုင်ငံမှအိုလော့ပမ်းဆုချီးမြှင့်

ဆွီဒင်နိုင်ငံအခြေစိုက်အိုလော့ပမ်း အမှတ်တရ ရန်ပုံငွေအဖွဲ့ (The Olof Palme Memorial Fund)က လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်နေသူတွေကို နှစ်စဉ်ချီးမြှင့်တဲ့ အိုလော့ပမ်းဆု (The Olof Palme Prize)ကို ၂၀၀၅ ခုနှစ်အတွက်မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်လိုက်ပါတယ်။ ၃၀-၁-၂၀၀၆ကထုတ်ပြန်တဲ့ကြေညာချက်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် စိတ်ဓာတ်မပြောင်းလဲဘဲ တိုက်ပွဲဝင်နေသူတဦးဖြစ်တဲ့အတွက်ကြောင့် ဆုချီးမြှင့်ရတာလို့ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ဒီမိုကရေစီရရှိရေးအတွက် စွမ်းစွမ်းတမံ ကြိုးစားအားထုတ်နေသကဲ့သို့ တိုင်းပြည်နဲ့လူမျိုးအတွက် ဘဝတခုလုံးမြှုပ်နှံထားပြီး ပြည်သူ့ဆန္ဒအရ အောင်မြင်တဲ့အထိယုံကြည်ချက်ကိုမပြောင်းမလဲ ဆုပ်ကိုင်ထားသူ ဖြစ်တဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီ လိုလားတဲ့ လူသားအားလုံးအတွက် စံပြပုဂ္ဂိုလ် ဖြစ်တယ်လို့ဖော်ပြထားပါတယ်။

အိုလော့ပမ်းဆုဟာ၁၉၈၆ခုနှစ်မှာ ဆွီဒင်နိုင်ငံမြို့တော် စတော့ဟုမ်းမြို့မှာ လုပ်ကြံခံခဲ့ရတဲ့ ဆွီဒင်ဝန်ကြီးချုပ်ဟောင်း မစ္စတာအိုလော့ပမ်း အမှတ်တရအဖြစ် ကမ္ဘာတဝန်း လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးအတွက်ငြိမ်းချမ်းစွာ ဆောင်ရွက်နေသူတွေကို နှစ်စဉ် ပေးအပ်တဲ့ဆု ဖြစ်ပါတယ်။ ဆုငွေတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၅၀၀၀၀)ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီလ (၂၈)ရက်နေ့က စတော့ဟုမ်းမြို့မှာ ကျင်းပခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဆုလက်ခံယူခဲ့တယ်လို့ သိရပါတယ်။ ဆုချီးမြှင့်တဲ့ အိုလော့ပမ်းအမှတ်တရ ရန်ပုံငွေအဖွဲ့ကို မစ္စတာအိုလော့ပမ်းရဲ့မိသားစုအဖွဲ့ဝင်များနဲ့ဆွီဒင်ဆိုရှယ်ဒီမိုကရက်တစ်ပါတီတို့က ၁၉၈၇ခုနှစ်မှာ စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ မစ္စတာအိုလော့ပမ်းဟာ ၁၉၆၉-၁၉၇၆နဲ့ ၁၉၈၂-၁၉၈၆ခုနှစ်တွေမှာ ဆွီဒင်ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ ■

Jan 31, 2006

အယ်ဒီတာချုပ် - ဒေါက်တာစင်သီယာမောင်
တာဝန်ခံအယ်ဒီတာ - ဒေါက်တာလွက်းဆွေ
အဖွဲ့ဝင်အယ်ဒီတာ - မန်းမန်းမန်း၊ စွမ်းမြိုင်
စီစဉ်သူ - နိုင်အေးလွင်
Layout & Design - ကျော်အဲနယ်
စာစီစာရိုက် - ကျော်နောင်းနယ်
စောအောင်သန်းအေး

အ ယ် ဒီ တ ာ့ အ ာ ေ ဘ ာ်

စိတ်ဓာတ်မြှင့်တင်မှုဆိုင်ရာ လှုပ်ရှားမှုများ အချိတ်အဆက်ရှိရှိ ဆောင်ရွက်ရေး

❒ ကမ္ဘာအရပ်ရပ်ရှိ အာဏာရှင်စနစ် အုပ်စိုးလွှမ်းမိုးရာနိုင်ငံ၊ ဒေသများတွင် နေထိုင်ကြရသော လူများစွာတို့သည် ဘဝလုံခြုံမှုနှင့် ငြိမ်းချမ်းရေး၏အနှစ်သာရကို မခံစားနိုင်ကြပါ။ အသက်ရှင်နေသော်လည်း ဘဝမရှင်သန်နိုင်ကြသဖြင့် အခြားသော လွတ်လပ်သည့်နိုင်ငံများနှင့် နှိုင်းစာလျှင် အဘက်ဘက်မှ ဆုတ်ယုတ်မှုများ ကြုံတွေ့ကြရသည်။

ဖိနှိပ်မှုနှင့် ခွဲခြားဆက်ဆံမှုများသည် ကြောက်ရွံ့မှုနှင့် အားငယ်မှုတို့ကို ကြီးထွားလာစေသော၊ အတ္တနှင့်ဒေါသကိုလည်း အစဉ်နှိုးဆွပေးလျက်ရှိသော အကြောင်းတရားများဖြစ်သည်။

ဤဖိစီးမှုတို့သည် ကလေးဘဝမှအစ လူငယ်၊ လူလတ်ပိုင်းနှင့် လူကြီးများကိုပါ အစဉ်လောင်မြိုက်ကူးစက်နေလေတော့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကျန်းမာခြင်းဆိုသည်မှာ လူတဦးသည် အနာရောဂါကင်းရှင်းရုံ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများ ချို့ယွင်းမှုမရှိရုံသာမက လူမှုအသိုင်းအဝိုင်းအတွင်း လူမှုဆက်ဆံရေးကောင်းမွန်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကို ဆိုလိုပါသည်။

လူတို့၏ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခပြည့်ဝစေဖို့ရန်မှာ ကြိုတင်ကာကွယ်တားဆီးရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ရေတိုရေရှည်စီမံကိန်းဖြင့် တစိုက်မတ်မတ် ဆောင်ရွက်ကြရပေမည်။

စိတ်ပိုင်းဆိုင်ရာဖိစီးမှုနှင့်ပတ်သက်သည့် အကြောင်းနှင့်အကျိုးဆက်များကို လေ့လာသုတေသနပြုရန် လိုအပ်သည်။ ကျန်းမာရေးလုပ်သားများ၊ ပညာရေးလုပ်သားများ၊ လူထုအခြေပြုအဖွဲ့အစည်းများသည် စိတ်ပိုင်းဆိုင်ရာဖိစီးမှုကိစ္စရပ်များကို ကာကွယ်ခြင်း၊ ပညာပေးခြင်း၊ ဆွေးနွေးတိုင်ပင်နှစ်သိမ့်ခြင်း စသည့်နည်းပညာများ ကျွမ်းကျင်မှုများရရှိရန် လေ့ကျင့်ပျိုးထောင်ကြရမည်။ စိတ်ဓာတ်မြှင့်တင်မှုဆိုင်ရာ လှုပ်ရှားမှုများကို အချိတ်အဆက်ရှိရှိ စီစဉ်ဆောင်ရွက်ကြဖို့ လိုအပ်နေပါသည်။

ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေဖို့ ပူးပေါင်းဆက်သွယ်ဖလှယ်မှုအားဖြင့် အပြန်အလှန် အင်အားဖြည့်ဆည်းရပေလိမ့်မည်။

ဒေါက်တာစင်သီယာမောင်
အယ်ဒီတာချုပ်
နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်

စာမူဖိတ်ခေါ်ခြင်း

- လစဉ်ထုတ်ဝေမည့် နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်အတွက် စာမူများရေးသားပေးပို့ကြပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။
- အခက်အခဲအမျိုးမျိုးကြောင့် ပြည်တွင်းမှ စာမူရှင်များထံ ခွင့်ပြုချက် မတောင်းခံနိုင်သည့်အပေါ် နားလည်ခွင့်လွှတ်ပေးပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

အယ်ဒီတာအဖွဲ့
နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်

နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ရဲ့ ဒုတိယအကြိမ်ညီလာခံသက်တမ်း ပထမအကြိမ်နှစ်ပတ်လည်အစည်းအဝေးနဲ့ (၁၅) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထိုင်း - မြန်မာနယ်စပ်တနေရာမှာကျင်းပ

နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ရဲ့ဒုတိယအကြိမ် ညီလာခံသက်တမ်း၊ ပထမအကြိမ်နှစ်ပတ်လည် အစည်းအဝေးနဲ့ (၁၅)ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ (၂)ရက်နေ့မှ (၂၀)ရက်နေ့အထိ ထိုင်း–မြန်မာနယ်စပ်တနေရာမှာ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။ အစည်းအဝေးမှာ နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ရဲ့ Strategy များနဲ့ လုပ်ငန်းစဉ်များဖြစ်တဲ့ ဆေးဝါးကုသရေးလုပ်ငန်းစဉ်၊မိခင်နဲ့ကလေးကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်၊လူထုကျန်းမာရေးပညာပေးနဲ့ ကာကွယ်ရေးလုပ်ငန်းစဉ်၊ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းစဉ် စတဲ့ ကိစ္စရပ်များကို ပြန်လည် ဆွေးနွေးသုံးသပ်မှု ပြုလုပ်ခြင်းနဲ့ လုပ်ငန်းစဉ်အလိုက် ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်း၊ ၂၀၀၆ခုနှစ်အတွက် လုပ်ငန်းအစီအစဉ်များ ရေးဆွဲအတည်ပြုခြင်းနဲ့ ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းများကို ဖြည့်စွက်ဆွေးနွေးအတည်ပြုခြင်းကိစ္စများကို ဆောင်ရွက်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ နိုင်ငံတကာကြက်ခြေနီအဖွဲ့မှလည်း ၎င်းတို့ရဲ့ရည်ရွက်ချက်လုပ်ငန်းစဉ်များ၊မူဝါဒများကိုလာရောက်ဆွေးနွေးတင်ပြခြင်းနဲ့ ပူးပေါင်း ဆောင်ရွက်မယ့်ကိစ္စများကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။ ■

မဲဆောက်မြို့မှာ အလုပ်သမား အာမခံကြေးကိစ္စဂယက်ရိုက်

ထိုင်းအစိုးရကပြဋ္ဌာန်းလိုက်တဲ့ အလုပ်သမားမှတ်ပုံတင်ကိစ္စဟာ လုံးဝဖြစ်နိုင်ခြေမရှိဘူးလို့ မဲဆောက်မြို့မှာနေထိုင်တဲ့ ထိုင်းအလုပ်ရှင်များနဲ့ အလုပ်သမားများက ဝေဖန်ပြောဆိုနေကြတယ်လို့ သတင်းရရှိပါတယ်။ ဆက်လက်ပြီး ထိုင်းအလုပ်ရှင်များက မိမိတို့ဒေသအတွင်း ကြုံတွေ့ရမယ့် အခြေအနေ၊ အခက်အခဲများကို တင်ပြသွားဖို့လည်း စီစဉ်နေတယ်လို့ သတင်းရရှိပါတယ်။ အလုပ်သမားမှတ်ပုံတင် ထုတ်ပေးရေးအတွက် ပြဋ္ဌာန်းချက်အသစ်ဟာ အရင်က အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ရှိသူများနဲ့ မသက်ဆိုင်ဘဲ အလုပ်လုပ်ခွင့် မလျှောက်ရသေးတဲ့ နေထိုင်ခွင့်လက်မှတ်ပုံစံ (၃၈/၁) ရှိထားသူများအတွက် တဦးလျှင် အာမခံကြေး ဘတ်ငွေ(၁၀၀၀၀) ပေးသွင်းရမှာဖြစ်ပြီး အသစ်ဝင်ရောက်လုပ်ကိုင်မယ့် အလုပ်သမားသစ်တဦးအတွက် အလုပ်ရှင်က အာမခံကြေး ဘတ်ငွေ(၅၀၀၀၀) ပေးဆောင်ရမှာဖြစ်ပါတယ်။

အဆိုပါသတင်းကို ကြားသိပြီးနောက် မဲဆောက်ရှိ မြန်မာအလုပ်သမားတွေအနေနဲ့ အစီအစဉ်သစ်အတိုင်း လိုက်နာပြီး မှတ်ပုံတင်ကြေး ပေးနိုင်မှာမဟုတ်တဲ့အတွက် အထူးစိတ်ပျက်နေကြတယ်လို့ သိရပါတယ်။ လာမယ့် မတ်လ(၁)ရက်နေ့မှ (၃၁)ရက်နေ့အတွင်း မဲဆောက်မြို့မှာ အလုပ်သမားမှတ်ပုံတင်အသစ် ပြုလုပ်ပေးမှာဖြစ်ကြောင်း မဲဆောက်မြို့ရှိ အလုပ်သမားရုံးရှေ့မှာ ထိုင်းဘာသာနဲ့ ကြေညာထားတယ်လို့ သိရပါတယ်။ ထိုင်းအစိုးရရဲ့ အလုပ်သမားမှတ်ပုံတင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အသစ်ကို MAP ဖောင်းဒေးရှင်းက အကျဉ်းချုပ်ဘာသာပြန်ပြီး မဲဆောက်ဒေသအတွင်းရှိ စက်ရုံ၊ အလုပ်ရုံတွေမှာ လိုက်လံဝေငှလျက်ရှိတယ်လို့ သိရပါတယ်။ အချက်အလက်အပြည့်အစုံကို သိလိုသူတွေအနေနဲ့ ခရိုင်အလုပ်သမားရေးရာဌာနနဲ့ MAP ဖောင်ဒေးရှင်း (ဖုန်းနံပါတ် ၀၅၃၈၀၁၂၀၂၊ ၀၆၉၃၄၅၃၂၄ နဲ့ ၀၆၁၈၂၁၀၂၁) တို့ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိပါတယ်။ ■



ဆေးလိပ်နဲ့ကျန်းမာရေးသင်ဘာကိုရွေးမလဲ

ဆန်တာကလော့(စ်)

“ဝမ်းစမိုး ... ၊ တူးစမိုး ... ၊ သရီးစမိုး ”ဟူ၍ ထောပနာပြုသံတွေ သောသောညံသွားတာ ကြားရသည်။ ထိုင်းနိုင်ငံ မဲဆောက်မြို့မှာ ဘာတွေဖြစ်ကုန်ကြပြီလဲ။ ဒါမှမဟုတ် နိုက်တင်ဂေးလ်ဂျာနယ်တည်ရှိရာ မယ်တော်ဆေးခန်း အနီးအနားမှာ ဘာကိုဘယ်လိုသဘောခွေ့၊ မနောတွေ့ကြ၍ ဤနှယ်ဤပုံ ထောပနာပြုကြတာတုန်းဟု မေးစရာရှိသည်။ ကြည့်လေ ...၊ ဂုရုဆန်၏ အိမ်ဝန်းထဲမှာ၊ နိုက်တင်ဂေးလ်ဂျာနယ်တိုက်ထဲမှာ စာဖတ်ပရိတ်သတ်တွေက ကျွက်စီ၊ကျွက်စီနှင့် ဘီဘီစီဆန်ပေးနေသလားထင်မှတ်များလောက်သည်။ ကုလားတော့မဟုတ် (အဲလေ) အခြားတော့မဟုတ်ပါ။ ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ စာပေဗဟုသုတ ကွမ်းယာဆိုင်ကြီးဖြစ်သည့် (ကိုငွေထွန်းကွမ်းယာဆိုင်နှင့် ခပ်ဆင်ဆင်တူလှသည့်) ကျွန်ုပ်တို့၏ ဂုရုကြီး ဆန်တာကလော့(စ်)ထံသို့ တပည့်ကျော် မီးခိုးခေါင်းတိုင်များ ဖြစ်ကြသော နံပြား၊ ပလာတာ၊ စမူဆာ၊ ဝမ်းတီး၊ အီကြာကွေး စသူတို့က “ဆေးလိပ်မသောက်တော့ပါ”ဟု လာရောက်ဝန်ခံကတိပြုသည့် ပွဲကလေးဖြစ်သည်။ အကြောင်းရင်းဖြစ်သည့် ဤကောင်းသတင်းကို အပေါင်းအသင်းအများ သိစေရန် မောင်းချင်းခတ်စေခြင်းဖြင့် ဤသို့ဤပုံ ဟေးဟေးဟားဟား ဖြစ်နေရခြင်းဖြစ်သည်။

“အိန်း ... အိန်း၊ အခုလို ၂၀၀၆ ခုနှစ်၊ နှစ်သစ်မင်္ဂလာ အခါသမယမှာ မင်းတို့ငါးယောက်ရဲ့ မင်္ဂလာရှိတဲ့ ဆုံးဖြတ်ချက်ကို အီစကို ဂုရုဆန်က ကြိုဆိုတယ်ကွာ၊ အရင်တုန်းကဆို အီစကို ပြောကိုမပြောချင်ဘူး၊ မင်းတို့ဖာသာမင်းတို့ ကင်ပွန်းတပ်တာက ခရီးသွားငါးယောက်တဲ့။ သူများတွေမြောက်ပေးတိုင်း သောက်လိုက်ကြတာ ငါ့အိမ်ပေါ် ဒင်းတို့ငါးယောက် ဆေးလိပ်သောက်နေကြရင် (ဂုရုဆန်ရဲ့ နွားတင်းကုပ်မှာ မီးလောင်နေပြီတဲ့) အဲသလို အရပ်ရပ်နေပြည်တော် ကြားလို့မှ မတော်ရာကနေ၊ မယ်တော်ဆေးခန်းပဲဖြစ်ဖြစ်၊ မဲဆောက်ဆေးရုံကြီးပဲဖြစ်ဖြစ် ဒင်းတို့ကို လက်မခံဘဲ မာလကီးယားပြည်ကို လားကြရမယ့် ခရီးသွားငါးယောက် ဘဝကနေ၊ ဒီနေ့ဒီအချိန် ဒီနှစ်သစ်မှာ အမှားမြင်လို့ အမှန်ပြင်တာကို ငါက ကြိုဆိုတယ်ကွ၊ ဒါဟာ နိုက်တင်ဂေးလ် ကျန်းမာရေးဂျာနယ်ကို ချန်ချန်ဖတ် (အဲလေ) မှန်မှန်ဖတ်တဲ့ အကျိုးရလဒ်ပဲလို့ မှတ်ကြဟေ့ ...။

ဂုရုဆန်က ဆေးလိပ်သောက်ခြင်းသည် ယနေ့ကမ္ဘာတွင် သေခြင်းအတွက် ဒုတိယအကြောင်းရင်း (ဝါ) မာလကီးယားပြည်နှင့် ဆက်သွယ်ရေး တံခါးဝဖြစ်ကြောင်း ကမ္ဘာတဝှမ်းလုံးတွင် ဆေးလိပ်သောက်ခြင်းကြောင့် လူငယ်လူရွယ် (၁၀)ဦးလျှင် (၁)ဦးနှုန်း သေဆုံးနေကြရကြောင်း၊ ဤနှုန်းအတိုင်းသာ ဆက်သွားပါက သက္ကရာဇ် ၂၀၀၅ ခုနှစ်လွန်လျှင် နှစ်စဉ် (၁၀)သန်းခန့် ဆေးလိပ်ကြောင့် သေဆုံးကြရမည်ဟု ခန့်မှန်းထားတာရှိကြောင်း ဆက်လက်ရှင်းပြသည်။ ဂုရုဆန်၏ စကားအဆုံးတွင် တပည့်ကျော်အီကြာကွေးကလည်း အားကျမခံ ဝင်ဖောသ (အဲလေ) ဝင်ပြောသည်။

အီကြာကွေး။ ။နှစ်ကိုးကစ်မင်းကြောင့် ...

ဂုရုဆန်။ ။ဟကောင်... ငါ့မိန်းမ နာမည်ထည့်မပြောနဲ့

အီကြာကွေး။ ။နီကိုတင်းကြောင့် ကျနော်တို့တတွေ ဆေးလိပ်သောက်တဲ့ အလေ့အထရလာကြတာပါ။ ပထမတော့ ကွမ်းယာစားပြီး ဖြတ်ကြည့်တယ်။ ဆေးလိပ်ကမပြတ်ဘူး၊ ကွမ်းယာပါ တခါတည်းစွဲသွားတယ်၊ အဲဒီမှာပဲ ပီကေလှည့်ဝါးကြည့်ပြန်ရော၊ ဆေးလိပ်က ဘယ်ပြတ်မှာတုန်း၊ ပီကေပဲ စွဲသွားတာပေါ့။ နောက်တော့ (ဆေးလိပ်ကိုဖြတ်ဖို့ ဖြတ်မှဖြစ်မယ်) ဆိုတဲ့ စိတ်ခိုင်မာမှုရဲ့ အကျိုးရလဒ်ကောင်းကို ကျနော်တို့ ဒီနေ့ ရလိုက်တဲ့သဘောပါ...

အီကြာကွေး၏စကားအဆုံးတွင် နံပြားကလည်း သူ့အလှည့်ခါတ်ပြားဟု ထင်မှတ်ပြီး အပျိုညှု (အဲလေ) အဆိုပြုသည်။

“ကျနော်လည်း သိသလောက် ပြောရမယ်ဆိုရင် ... ဆေးလိပ်ကို စွဲလန်းစွာ သောက်ခြင်းကြောင့် လူတွေကို ဆင်းရဲတွင်းထဲ အတင်းပို့ဆောင်ပေးနေသလို ဒီလင်္ကာလေး အတိုင်းပဲ ဖြစ်နေကြသတဲ့။‘ကုန်ကျ နှစ်ခါ၊ လျော့ပါး လာငြား၊ ရောဂါ များခြင်း၊ ကျဆင်း လုပ်အား၊ ဤငါးပါး၊ သောက်မှား ဆေးလိပ်အဆိုး’ တဲ့ဗျ”

ဂုရုဆန်။ ။ဟကောင် ... မင်းရဲ့ လင်္ကာကို ဆက်ရှင်းစမ်းပါဦး၊ ဘာဖြစ်လို့ မျက်နှာကြက်က အိမ်မြှောင်တွေကို လိုက်ကြည့်နေရတာလဲ ...

နံပြား။ ။ဒါက ပရိတ်သတ်စိတ်ကို ထွိတ်သုံးပြီး ဆွဲဆောင်ကြည့်တာပါဗျာ။ ပြောပါ့မယ်။ (တစ်) ဆေးလိပ်သောက်ဖို့ ဆေးလိပ်ဖိုးကုန်ကျမယ်၊ (နှစ်) ဆေးလိပ်သောက်ခြင်းနဲ့အတူ ခံနိုင်ရည် လျော့ပါးလာမယ်။ (သုံး) ဆေးလိပ်သောက်ခြင်းနဲ့ ဆက်နွယ်ရရှိလာတဲ့ ရောဂါများခံစားရမယ်။ (လေး) စွမ်းအားလျော့ပါးလာတာနဲ့အမျှ လုပ်အားကျဆင်းလာမယ်။ (ငါး) ရောဂါရပြီး နာမကျန်းဖြစ်မယ်၊ ဆေးကုသစရိတ်ကုန်ကျမယ်။ ဒါကြောင့် ကုန်ကျနှစ်ခါလို့ စချီရတာပေါ့။ ဒီအချက်တွေ ဒီအနေအထား ငါးပါးဟာ ဆေးလိပ်ရဲ့ ဆိုးကျိုးတွေပေါ့ဗျာ ...

သို့ဂလိုနှင့် မယ်တော်ဆေးခန်းအနီး၊ နိုက်တင်ဂေးလ်ဂျာနယ်တိုက်အနားက ဂုရုဆန်၏ နွားတင်းကုပ် (အဲလေ) အိမ်စုတ် အိမ်ကုတ်ကလေးထဲမှာ စကားဝိုင်းလေးက ပျင်းရိစရာ၊ ငြီးငွေ့စရာ ဖြစ်မနေပါလေ။ ပဲကြီးလှော်နှင့် ရေနွေးကြမ်းကို ဝိုင်းအလယ်တွင် ထားကာ ဝါးလည်းဝါး၊ ပွားလည်းပွား၊ ပြုမူကြတာတွေ့ရသည်။ ထို့အပြင် ဆရာရွှေ၏ မွန်ကဖေးမှ လက်ဖက်ရည်ကို အကြွေးနှင့်သိမ်း (အဲလေ) အကြွေးသွားယူပြီး လျှာအရသာခံတာလည်းရှိသည်။ ဟတ်ပလိုင်းမထားဘဲ၊ ရပ်ဆိုင်းမသွားဘဲ ဆက်လက်ဆွေးနွေးကြတာတွေကြည့် ...။

ဂုရုဆန်။ ။‘ဆင်းရဲလို့ရောဂါထူ၊ ရောဂါထူလို့ဆင်းရဲ’ဆိုတာ ရှိတယ်မဟုတ်လား။ ဆေးလိပ်ကျတော့ ဒီလိုဖြစ်သွားတယ်၊ ‘ဆေးလိပ်ပိုသောက်လို့ ကျန်းမာရေးချို့တဲ့ ...ပညာလည်းမဲ့ ... ဝင်ငွေနည်းလို့ဆင်းရဲ ... ဆင်းရဲလို့ဆေးလိပ်ပိုသောက်’ အဲသလို သံသရာရဟတ် အပတ်ပတ်လည်လို့ ဂျာအေးသူ့အမေရိုက်ကိန်းတွေ ဆိုက်ကုန်သဟေ့ ...။

စမူဆာ။ ။အေးဗျ ...၊ ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (မေ ၃၁ရက်)မှာ ထုတ်ပြန်တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (WHO) ကြေညာစာတမ်းမှာလည်း ‘ဆေးလိပ်သောက်သုံးခြင်းကို အမျိုးသားတွေသာမက အမျိုးသမီးတွေကလည်း စွဲစွဲမက်မက် သောက်ကြတယ်။ ဆေးလိပ်ကို ဆင်းရဲသားများက ပိုပြီးသောက်ကြတယ်’လို့ ဖော်ပြထားတယ်ဗျ။ ဒီအချက်ကို ထောက်ရှုခြင်းဖြင့် ဆေးလိပ်သောက်ခြင်းနဲ့ ဆင်းရဲခြင်းဟာ ဆက်နွယ်လျက်ရှိတယ် ဆိုတာရယ်၊ ဝင်ငွေနည်းတဲ့ နိုင်ငံတွေမှာရှိတဲ့ အဆင်းရဲဆုံး အိမ်ထောင်စုတွေဟာ သူတို့ဝင်ငွေရဲ့ (၁၀)ရာခိုင်နှုန်းကို ဆေးလိပ်သောက်ခြင်းနဲ့ ဖြုန်းတီးပစ်ကြတယ်လို့ လေ့လာချက်မှတ်တမ်းတွေက ဆိုတယ်ဗျ။

ဝမ်းတီး။ ။ဆေးလိပ်ဟာ အဆုတ်ရောဂါ၊ နှလုံးရောဂါ၊ ဦးနှောက်နှင့်သွေးကြောရောဂါ၊ နာတာရှည် အဆုတ်ပြွန်ရောင်ရောဂါ၊ ကျောက်ကပ်၊ အခြားသွေးလည့်ပတ်မှုဆိုင်ရာ ရောဂါတွေနဲ့ ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေသတဲ့။

ပလာတာ။ ။ဟုတ်တယ်ဗျ၊ ကျနော်တို့ ဆေးလိပ်သောက်တယ်ဆိုတာက ဆေးရွက်ကြီး၊ သနပ်ဖက်၊ ဆေးရိုး စတာတွေကို မီးရှို့ပြီးတော့ ဖြစ်ပေါ်လာတဲ့ အငွေ့ကို ရှူရင်း၊ ရှိုက်ရင်းနဲ့ကြိုက်သွား၊ ခိုက်သွားကြတာကလား ၊ အဲဒီကနေ မိုက်ပြီးရင်း မိုက်ကြတော့တာပေါ့နော်။ ရှူရှိုက်လိုက်တဲ့ အခိုးခါတ်ငွေ့က ကာဗွန်ဒိုင်အောက်ဆိုဒ်ဗျ။ လူကို အဓိကအန္တရာယ်ဖြစ်စေတာက အီကြာကွေးပြောတဲ့ နှစ်ကိုးကစ်မင်း (အဲလေ) နီကိုတင်းပေါ့ဗျာ

ဂုရုဆန်။ ။သဟာဆိုရင် မင်းတို့ကို ငါမေးမယ်၊ ကျန်တဲ့ဘော်ဒါအပေါင်းအသင်းတွေလည်း ဖြေကြနော်၊ ကိုင်း ... အားလုံး၊ အားလုံး၊ ဆေးလိပ်နဲ့ ကျန်းမာရေးသင်ဘာကိုရွေးမလဲ ...။

အားလုံးတပြိုင်နက်။ ။ကျန်းမာရေးရွေးမယ်၊ ကျန်းမာရေးရွေးမယ်

ဂုရုဆန်။ ။အေး ... ကျန်းမာရေးရွေးရင် ဟိုမှာအိမ်သာ၊ အဲဒီကိုပြေး (အဲဟုတ်ပေါင်)၊ အားလုံး အားလုံး ဗဲရီးအခါတရာ ဗဲရီးအခါတထောင် ဂွတ်(ဒ်)တယ်။

ပြုံးပြုံးကြီးပြောချလိုက်သော ဂုရုဆန်၏စကားအဆုံးတွင် အားလုံးအားလုံးတို့သည် အုံးအုံးကျွက်ကျွက် လက်ခုပ်တီးကြ၊ လက်ဖျောက်တီးကြလေသတည်း။ ■

ဆန်တာကလော့(စ်)

ပိတောက်တွေရှူးခွင့်မရတဲ့ ...နွေဦး

ကမာပုလဲ

အဖေက
မြို့မငြိမ်းသီချင်းနဲ့အမေ့ကို အတာရေလောင်းတဲ့အခါ
သူမရဲ့ဆံနွယ်တခုလုံး
ပိတောက်တွေဖုံးအုပ်သွားခဲ့တယ်။

ကျနော်ငယ်ငယ်က
ရန်ဖြစ်ရင်း လုရူးခဲ့ရတဲ့ပိတောက်တွေ
ပန်းသွေးရောင်ယှက်သန်းနေတဲ့
သူကလေးရဲ့အနမ်းမှာ
တခမ်းတနား ဝေလို့ပေါ့။

ခုတော့
ဟိုးရှေးရှေး ဘိုင်စကုတ်ထဲက
ဗိုလ်အောင်ဒင်လို အလွမ်းမျိုးနဲ့
သူစိမ်းတရံတို့ရဲ့ နယ်မြေမှာ
ပိတောက်ခြေရာကို ရှာရင်း ... ။ ။

ကမာပုလဲ

နိုက်တင်ဂေးလ် ကျန်းမာရေးဂျာနယ် ထုတ်ဝေခြင်း၏ ရည်ရွယ်ချက်

၁။ ပြည်သူလူထု၏ကျန်းမာရေးအသိပညာများ မြင့်မားတိုးတက်လာစေရန်။

၂။ ပြည်သူလူထု၏ကျန်းမာရေးအသိအမြင်၊ ဗဟုသုတများကို မြှင့်တင်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်။

၃။ ပြည်သူလူထုအနေနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လူမှုရေးကိစ္စရပ်များတွင် လုံခြုံမှုရှိစေပြီး အနာဂတ်ဘဝကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဖန်တီးလာနိုင်စေရန်။

၄။ ကျန်းမာရေးဆိုင်ရာနားလည်တတ်သိမှု၊ ကျွမ်းကျင်မှုနှင့် ဂုဏ်သိက္ခာရှိသည့်ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန်။

၅။ ကျန်းမာရေးလုပ်သားအချင်းချင်း ကျန်းမာရေးအသိပညာများ၊ သတင်းအချက်အလက်များ ဖလှယ်နိုင်ရန်နှင့် ဝေမျှလက်ဆင့်ကမ်းနိုင်ရန်။

၆။ နယ်စပ်ဒေသတွင် ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် ကျန်းမာရေးလုပ်သားများအနေနှင့် နိုင်ငံတကာတွင် ရောက်ရှိနေသည့် ကျန်းမာရေးလုပ်သားများ၏ ကျန်းမာရေးအသိအမြင်များနှင့် ချိတ်ဆက်မိစေရန်။

၇။ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လိုအပ်သည့်ဆန်းစစ်ရှာဖွေဖော်ထုတ်ချက်များကို တင်ပြပေးခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရာတွင် အထောက်အပံ့ ဖြစ်စေရန်။

၈။ လူမှုအဖွဲ့အစည်းအတွင်း တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးလုပ်သားများထံသို့ နောက်ဆုံးရရှိသည့် ကျန်းမာရေးသတင်းများနှင့် အသိပညာများကို ဖြန့်ဝေပေးရန်။

၉။ လူ့အခွင့်အရေး၊ ကျန်းမာရေးဆိုင်ရာကျင့်ဝတ်များနှင့် ဆက်နွယ်နေသည့် ကျန်းမာရေးဗဟုသုတများကို မြှင့်တင်ပေးရန်။

စစ်အစိုးရရဲ့ကန့်သတ်ချုပ်ချယ်မှုတွေကို လက်မခံတဲ့အိုင်စီအာစီ

မြန်မာနိုင်ငံအတွင်းမှာ ရုံးစိုက်တဲ့ နိုင်ငံတကာကြက်ခြေနီအဖွဲ့ (အိုင်စီအာစီ)က အကျဉ်းထောင်တွေနဲ့ ပဋိပက္ခဖြစ်ပွားတဲ့နေရာတွေကို သွားရောက်စစ်ဆေးတဲ့အခါ နအဖအစိုးရကတာဝန်ပေးသူများ၊ ကြံ့ဖွံ့အဖွဲ့ဝင်များ အတူတကွ လိုက်ပါခြင်းကို လက်ခံမှာမဟုတ်ကြောင်း၊ ဆေးဝါးဖြန့်ချိရေးနဲ့ ကြက်ခြေနီဆိုင်ရာ သတင်းအချက်အလက် ဖြန့်ဝေရေးလုပ်ငန်းတွေလို ကိစ္စမျိုးတွေမှာသာ အတူလိုက်ပါခွင့်ပေးမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။ ဖေဖော်ဝါရီလဆန်းပိုင်းမှာ စစ်အစိုးရက ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေအပါအဝင် ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံးသို့ လမ်းညွှန်ချက် စည်းမျဉ်းစည်းကမ်းများ ပေးပို့ခဲ့တယ်လို့ သိရပါတယ်။

၂၀၀၅ခုနှစ် ဒီဇင်ဘာလအတွင်းက သာယာဝတီထောင်ကို သွားရောက်မယ့် အိုင်စီအာစီရဲ့ ခရီးစဉ်မှာ ကြံ့ဖွံ့အဖွဲ့ဝင်တွေကို ခေါ်သွားရမယ်လို့ နအဖစစ်အစိုးရက တောင်းဆိုခဲ့တဲ့အတွက် ခရီးစဉ်ကို ဖျက်သိမ်းခဲ့ရပါတယ်။ အခုအချိန်အထိ အိုင်စီအာစီအနေနဲ့ သီးခြားလွတ်လပ်စွာ သွားလာခွင့်ရဖို့အတွက် စစ်အစိုးရနဲ့ ညှိနှိုင်းနေဆဲဖြစ်ပြီး ခွင့်ပြုချက်မရသေးဘူးလို့ သိရပါတယ်။

အကျဉ်းသားတွေနဲ့ တွေ့ဆုံရာမှာ လွတ်လွတ်လပ်လပ် တွေ့ဆုံ မေးမြန်းခွင့် ရရှိရေးဟာ နိုင်ငံတကာမှာ လုပ်ဆောင်နေတဲ့ အိုင်စီအာစီရဲ့ လုပ်ထုံးလုပ်နည်းဖြစ်တယ်လို့ ဆိုပါတယ်။ အိုင်စီအာစီအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ ၁၉၉၉ခုနှစ်မေလကစပြီး အကျဉ်းထောင်များ၊ အလုပ်စခန်းများ၊ အစိုးရ ဧည့်ဂေဟာများသို့ သွားရောက်ကာ အကျဉ်းသားတွေနဲ့ လွတ်လပ်စွာ တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။ ■

Feb 17, 2006

အာဆီယံပါလီမန်မြန်မာကော့ကပ်အဖွဲ့ (AIPMC) ကရင်နီဒုက္ခသည်စခန်းကိုသွားရောက်လေ့လာ

မြန်မာနိုင်ငံအရေးကို ဆောင်ရွက်နေတဲ့ အာဆီယံပါလီမန် မြန်မာကော့ကပ်အဖွဲ့ (AIPMC)မှ လွှတ်တော်ကိုယ်စား လှယ်အဖွဲ့တဖွဲ့ဟာ ထိုင်းနိုင်ငံမြောက်ပိုင်း မယ်ဟောင်ဆောင်ခရိုင် ကရင်နီဒုက္ခသည်စခန်းကို ဖေဖော်ဝါရီလ (၂၃)ရက်နေ့က သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိပါတယ်။ ဒီခရီးစဉ်ဟာ AIPMC ရဲ့ ပထမဦးဆုံးအကြိမ် ထိုင်း–မြန်မာနယ်စပ် ဒုက္ခသည်စခန်းတွေကို သွားရောက်လေ့လာတဲ့ခရီးစဉ်ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီကိုယ်စားလှယ်အဖွဲ့မှာ ထိုင်းဆီးနိတ် လွှတ်တော်အမတ် ကရိုင်ဆတ်ခွန်ဟာဗမ်၊ ကမ္ဘောဒီယားပါလီမန်အဖွဲ့ဝင် စမ်ချေ၊ အင်ဒိုနီးရှားပါလီမန်အဖွဲ့ဝင် နူဆာရာဘနီကာရှစ္စမ်ကနနဲ့ အီဗားကုစုမစမ်ဒါရီ၊ မလေးရှားပါလီမန်အဖွဲ့ဝင် ထရီရှာကော့တို့ ပါဝင်တယ်လို့ သိရပါတယ်။

မြန်မာဒုက္ခသည်ပြဿနာကို ပြေလည်အောင်ဖြေရှင်းနိုင်မယ့် နည်းလမ်းနဲ့ပတ်သက်ပြီး မလေးရှား လွှတ်တော်ကိုယ်စားလှယ် မစ္စထရီရှာကော့က 'ကျမအထင်က အဓိကပြဿနာဖြစ်နေတာ စစ်အစိုးရဲ့ မူဝါဒကြောင့်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေတွေကလည်း သိကြတဲ့အတိုင်းပါပဲ။ အကျိုးဆက်အနေနဲ့ကတော့ အခုလို မြန်မာဒုက္ခသည်တွေ များပြားလာပြီး သူတို့တွေဟာ နှစ်ပေါင်းများစွာ ဒုက္ခသည်စခန်းတွေမှာ နေနေရတာဖြစ်ပါတယ်။ မြန်မာဒုက္ခသည်ပြဿနာကို ပြေလည်အောင် ဖြေရှင်းဖို့ဆိုရင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာကို အရင်ဦးဆုံး ဖြေရှင်းရမှာဖြစ်ပါတယ်'လို့ပြောကြားသွားပါတယ်။

မစ္စထရီရှာကော့က နိုင်ငံရေးပြဿနာကို အဓိကဖြေရှင်းဖို့ လိုတယ်လို့ ပြောကြားခဲ့ပေမယ့် ထိုင်းဝန်ကြီးချုပ်သက်ဆင်ကတော့ မြန်မာဒုက္ခသည်တွေကို နေရင်းရပ်ဆီပြန်ပို့ဖို့ မကြာမီကပဲ ပြောဆိုခဲ့ပါတယ်။ သက်ဆင်ရဲ့ ပြောဆိုချက်နဲ့ ပတ်သက်ပြီး မစ္စထရီရှာကော့ရဲ့အမြင်ကို မေးကြည့်တဲ့အခါ 'တကယ်လည်း ဒုက္ခသည်အတော်များများဟာ သူတို့ရဲ့ နေရပ်ကိုပြန်ဖို့ အမြဲမျှော်လင့်နေကြပါတယ်။ ဒါပေမယ့် အိမ်ပြန်ဖို့အတွက် လုံခြုံစိတ်ချမှု လုံးဝမရနိုင်တဲ့အတွက်သာ အခုလိုဒုက္ခသည်အဖြစ်မှတပါး အခြားရွေးချယ်စရာ မရှိဖြစ်နေကြရတာပါ။ ဒါကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ကမ်းလှမ်းချက်ကို စစ်အစိုးရက သဘောတူလက်ခံပြီး ဒီဒုက္ခသည်ပြဿနာအပါအဝင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာတရပ်လုံးကို အတူပူးပေါင်းပါဝင်လက်တွဲဖြေရှင်းဖို့ အမှန်ကို လိုအပ်ပါတယ်'လို့ ဖြေကြားသွားခဲ့ပါတယ်။

AIPMCဟာ မြန်မာဒုက္ခသည်တွေရဲ့ ပကတိအခြေအနေမှန်ကို လက်တွေ့သိမြင်ဖို့နဲ့ ဒီခရီးစဉ်က စုဆောင်းရရှိလာမယ့် သတင်းအချက်အလက်တွေကို အာဆီယံနိုင်ငံတွေရဲ့ သက်ဆိုင်ရာလွှတ်တော်တွေမှာ ပြန်လည်တင်ပြနိုင်ဖို့အတွက် အခုလို သွားရောက်လေ့လာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ကိုယ်စားလှယ်အဖွဲ့ဟာ မယ်ဟောင်ဆောင်ဒေသခံအဖွဲ့အစည်းတွေ၊ NGO တွေနဲ့ တွေ့ဆုံပြီး ဒုက္ခသည်စခန်းက လက်ရှိအခြေအနေတွေကိုမေးမြန်းခဲ့သလို မယ်ဟောင်ဆောင်ဒေသမှာရှိတဲ့ ကရင်နီဒုက္ခသည်တွေနဲ့လည်း တွေ့ဆုံမေးမြန်းခဲ့တယ်လို့ သိရပါတယ်။ ■

Feb 26, 2006

အေအိုင်ဒီအက်စ်သတိ

လိင်ဆက်ဆံသည့်အခါတိုင်း ကွန်ဒုံးသုံးပါ။



ထိုင်း - မြန်မာနယ်စပ်မှာကျင်းပတဲ့ပညာရေးနှီးနှောဖလှယ်ပွဲ

ပထမအကြိမ်မြောက်ကျင်းပတဲ့ ပြည်ပရောက်မြန်မာကျောင်းဆရာ၊ ဆရာမများ ပညာရေးနှီးနှောဖလှယ်ပွဲကို ၂၅–၂–၂၀၀၆နေ့က ထိုင်း–မြန်မာနယ်စပ်တနေရာမှာ ကျင်းပခဲ့တယ်လို့ သတင်းရရှိပါတယ်။ (၂)ရက်ကြာကျင်းပခဲ့တဲ့ အဲဒီနှီးနှောဖလှယ်ပွဲကို ထိုင်း–မြန်မာနယ်စပ်တလျှောက်မှာ တရားမဝင်ဖွင့်လှစ်ထားတဲ့ မြန်မာစာသင်ကျောင်း(၃၀)က ဆရာ၊ ဆရာမ စုစုပေါင်း(၆၀)နီးပါး တက်ရောက်ခဲ့ကြသလို မြန်မာပြည်တွင်းက ကျောင်းဆရာ၊ ဆရာမတချို့လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ အဲဒီနှီးနှောဖလှယ်ပွဲမှာ ဆွေးနွေးဆုံးဖြတ်ခဲ့တဲ့ အကြောင်းအရာတွေကိုတော့ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပညာရေးကော်မတီ BMWEC ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဆရာမနော်ဖောရယ်က 'ကျမတို့ရဲ့ နှီးနှောဖလှယ်ပွဲမှာကတော့ အဓိက ကျောင်းဆရာ ဆရာမတွေအားလုံး စည်းစည်းလုံးလုံးနဲ့ တနှစ်တခါ ဒီလိုနှီးနှောဖလှယ်ပွဲကို လုပ်ပေးဖို့၊ ပညာရေးမှာ သင်ကြားရေးစနစ်ကို မြှင့်တင်နိုင်ရေးအတွက် တဦးနဲ့တဦး ရှိထားတဲ့ အတွေ့အကြုံတွေကို ဖလှယ်ပြီးတော့ ကျောင်းမှာရှိတဲ့ ကလေးတွေကို ထိထိရောက်ရောက်နဲ့ ဝေငှပေးနိုင်ဖို့၊ နောက်တခုကတော့ ပညာတတ်ကလေးတွေ ပိုမိုမွေးထုတ်ပေးနိုင်ဖို့နဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများရဲ့ ကလေးတွေရဲ့ ပညာရေးအတွက် ကျောင်းတွေ တည်တံ့ခိုင်မြဲဖို့အတွက် ကျမတို့ဆွေးနွေးပါတယ်' လို့ ပြောကြားသွားပါတယ်။

ဒေါက်တာစင်သီယာမောင် ဖွင့်လှစ်ထားတဲ့ မယ်တော်အထက်တန်းကျောင်းမှာ စာသင်ကြားပေးနေတဲ့ ဆရာမနော်မူမူကတော့ 'ကလေးတွေရဲ့ရှေ့ပညာရေးကို ဘယ်လိုဆက်သွယ်နိုင်မလဲပေါ့နော်၊ နောက်ပြီးတော့ သူတို့ရဲ့အနာဂတ်မှာ တတန်းပြီးတတန်း ဘယ်လိုတက်ရမလဲ၊ နောက်ပိတ်ဆုံး ဒီအထက်တန်းပညာရေး ပြီးဆုံးသွားတဲ့အခါ ပြည်ပအထိပေါ့၊ ကလေးတွေရဲ့ မိဘဆရာတွေ အဓိကပါဝင်ပူးပေါင်းဖို့ရယ်၊ ကလေးတွေရဲ့ ရှေ့ရေး အနာဂတ်ပညာ ဆက်လက်သင်ကြားနိုင်ဖို့နဲ့ နောက်ပြီးတော့ ပြည်တွင်းပြန်နိုင်တဲ့ကလေးတွေကိုလည်း ပြည်တွင်းမှာ ကောင်းကောင်းမွန်မွန် ဆက်လက်ပညာသင်ကြားနိုင်ဖို့၊ ပြီးတော့ ပြည်တွင်းမပြန်နိုင်တဲ့ ကလေးတွေကလည်း ဒီနယ်စပ်မှာရှိတဲ့ ကျောင်းတွေမှာ ဆက်လက်ပြီးတော့ ပညာသင်ကြားနိုင်ဖို့အတွက်ဆွေးနွေးခဲ့တယ်'လို့ ပြောကြားသွားပါတယ်။

ဒီနှီးနှောဖလှယ်ပွဲကို တက်ရောက်တဲ့ မြန်မာပြည်တွင်းက အမည်မဖော်လိုတဲ့ ကျောင်းဆရာတဦးကတော့ 'နှီးနှောဖလှယ်ပွဲကို လာရောက်ရခြင်းရဲ့ အကြောင်းရင်းကတော့ ကျနော်တို့က ဒီမဲဆောက်မှာ ရောက်ရှိနေတဲ့ အလုပ်သမားတွေရဲ့ကလေးတွေ၊ ဟိုလေလွင့်နေတဲ့ကလေးတွေ ပညာတတ်လာအောင် နောက်ပြီး ကျောင်းတွေလည်း ပိုတက်ချင်လာအောင်၊ ကလေးတွေ အလေအလွင့်မရှိအောင်၊ သူများနိုင်ငံမှာ နေတဲ့အတွက် သူများတွေကို အနှောက်အယှက်မဖြစ်အောင် ပညာပေးပြီး ပညာတတ် စေတာပေါ့နော်၊ သူများတွေနဲ့ သင့်တင့်အောင်နေနိုင်ဖို့အတွက်၊ နောက်ပြီးတော့ အေးအေးချမ်းချမ်းနေနိုင်ဖို့အတွက်ကို ကျနော်တို့ဆွေးနွေးပါတယ်'လို့ ပြောကြားသွားခဲ့ပါတယ်။ ■

Feb 26, 2006

နှစ်လအတွင်းကရင်ဒုက္ခသည်(၃၇၄)ဦး ထိုင်း - မြန်မာနယ်စပ်သို့ရောက်ရှိလာ

၂၀၀၆ခုနှစ် ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလ နှစ်လအတွင်း ကရင်ဒုက္ခသည်(၃၇၄)ဦးဟာ ထိုင်း–မြန်မာနယ်စပ်ကို ထွက်ပြေးတိမ်းရှောင်လာကြကြောင်း သတင်းရရှိပါတယ်။ တောင်ငူနဲ့ညောင်လေးပင်ခရိုင်မှာ မြန်မာစစ်အစိုးရရဲ့ လူ့အခွင့်အ ရေးချိုးဖောက်မှုတွေကြောင့် ဒေသခံကရင်ပြည်သူတွေ အခုလို ထိုင်း–မြန်မာနယ်စပ်ဒေသကို ဒုက္ခသည်တွေအဖြစ် ထွက်ပြေးခိုလှုံလာကြတာဖြစ်တယ်လို့ သိရပါတယ်။ မြန်မာစစ်တပ်တွေကို ကရင်အမျိုးသားအစည်းအရုံး အခြေစိုက်ရာ နယ်မြေတချို့မှာ အတင်းတိုးချဲ့နေရာချထားလာပြီး စစ်တပ်ရိက္ခာသယ်ယူပို့ဆောင်ဖို့နဲ့ နအဖတပ်စခန်းသစ်တွေ တည်ဆောက်ဖို့အတွက် အဲဒီဒေသက ကရင်ပြည်သူတွေကို အတင်းအဓမ္မ ဖိအားပေးခိုင်းစေခဲ့တယ်လို့ သိရပါတယ်။

နအဖစစ်အစိုးရအနေနဲ့ မြို့တော်သစ်ပျဉ်းမနားကို လုံခြုံစိတ်ချဖို့အတွက် နယ်ချင်းဆက်နေတဲ့ တောင်ငူခရိုင်ဘက်ကို အခုလို တပ်တွေတိုးချဲ့ချလာတာဖြစ်တယ်လို့ သုံးသပ်ပြောဆိုနေကြပါတယ်။ အခုလို နအဖစစ်တပ်တွေက နယ်မြေတိုးချဲ့မှုတွေကို ဆက်လုပ်နေပြီး လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဆက်ပြီး ကျူးလွန်နေမယ်ဆိုရင် ထိုင်း–မြန်မာနယ်စပ်ကို ဒုက္ခသည်အသစ်တွေ ထပ်ပြီး ထွက်ပြေးလာနိုင်ဖွယ်ရှိတယ်လို့ ကရင်ဒုက္ခသည်ကော်မတီက ခန့်မှန်းထားပါတယ်။ အခုလတ်တလောထွက်ပြေး လာကြတဲ့ ဒုက္ခသည်အသစ်တွေဟာ မယ်ရာမူစခန်းမှာ ခိုလှုံနေတယ်လို့ သိရပါတယ်။ ■

Feb 26, 2006

အနိုင်းမဲ့စွန့်လွှတ်သူ

ညိုမှာ

"လောဘဒေါသတိုက်နေတဲ့ လူတွေက တခြားလူတွေအပေါ် မတရား ဆင်နွှဲတဲ့ စစ်တွေကို ငုံ့ခံ စိတ်နဲ့ပဲဖြစ်ဖြစ်၊ ဝတ္တရား ပျက်ကွက်လို့ပဲ ဖြစ်ဖြစ် ကျနော် လက်မခံနိုင်ဘူး။ စပိန်နဲ့ တရုတ်တို့ဟာ စစ်ပွဲတခုတည်းရဲ့ မတူညီတဲ့ အစိတ်အပိုင်းတွေပါ။ ကျနော် တရုတ်ပြည်ကို သွားတာက အဲဒီမှာ ပိုပြီးအသုံးဝင်မယ်လို့ ထင်လို့ပါ"

ဒေါက်တာနော်မန်ဘီသွန်
(၁၈၉၀-၁၉၃၉)

မျိုးရိုးဇာတိ

ဘီသွန်ကား အွန်တေးရီးယိုဒေသ၊ ဂရေဘင်ဟတ်စ်မြို့၌ ၁၈၉၀ ပြည့်နှစ်၊ မတ်လ(၃)ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဂရေဘင်ဟတ်စ်မြို့ကား တိုရွန်တိုနှင့် မိုင် ၁၀၀ခန့်ဝေး၏။ သူ၏ ဘိုးဘေးများကား ပြင်သစ်အနွယ်ဝင်၊ အင်္ဂလန်ရေဖျန်း အယူဝါဒကို မနာယူသော ခရစ်ယာန်များဖြစ်ကြ၏။ ၁၈ရာစုတွင် စကော့တလန်မှတဆင့် မြောက်အမေရိကသို့ ပြောင်းရွှေ့လာခဲ့ကြသည်။

နယ်စွန်နယ်ဖျားကောလိပ်မှ ကျောင်းဆရာလေး

ဘီသွန်ကား တက္ကသိုလ် တက်ရောက်နေစဉ်အတွင်း နှစ်ကြိမ်ကြိမ်တိုင်တိုင် ကျောင်းမှထွက်ခဲ့သည်။ သူ၏အသက် ၂၁-၂၂ နှစ်အရွယ်တွင် ကျောင်းမှထွက်ပြီး နယ်စွန်နယ်ဖျားကောလိပ် (Frontier College)၌ ကျောင်းဆရာဝင်လုပ်ခဲ့၏။ နယ်စွန်နယ်ဖျား ကောလိပ်သည်ကား ကနေဒါနိုင်ငံ၏ တော်ဝင် စံပြသက်ကြီးပညာ သင်ကြားရေး အေဂျင်စီတခုဖြစ်၏။

၁၉၁၄ ခုနှစ်တွင် သူဒုတိယအကြိမ် ကျောင်းမှထွက်ပြန်သည်။ ဤနှစ်တွင် ပထမကမ္ဘာစစ်အတွင်းသို့ ကနေဒါနိုင်ငံ ဝင်ရောက်လိုက်သည်။ ထိုအခါဘီသွန်သည် လူနာထမ်းစင်သယ်သူအဖြစ် ကနေဒါစစ်တပ်အတွင်းသို့ ရောက်သွားခဲ့တော့သည်။

ပဲရဲတိုက်ပွဲတွင် ဘီသွန်သည် ဗုံးထိမှန်၍ ဒဏ်ရာပြင်းထန်စွာ ရခဲ့၏။ ဆေးရုံ၌ (၆)လကြာအောင် ကုသခံခဲ့ရသည်။ ဆေးရုံကဆင်းပြီးနောက် တက္ကသိုလ်ဆက်တက်ပြီး ဆေးပညာဘွဲ့ရခဲ့၏။

ပရော်ဖက်ဆာ ဒေါက်တာဘီသွန်

စစ်ကြီး ပြီးဆုံးသည့်အခါ၌ ဘီသွန်သည် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တော်ရှိ ကလေးဆေးရုံနှင့် ဖျားနာကုဆေးရုံများတွင် အလုပ်သင်ဆရာဝန် သင်တန်းပြီးဆုံးအောင် တက်ခဲ့သည်။ ဆင်းရဲဒုက္ခမျိုးစုံကို ကျော်လွှားရင်း ၁၉၂၃ခုနှစ်၌ ခက်ခဲလှသည့် တော်ဝင်ခွဲစိတ်အထူးကု (FRCS) စာမေးပွဲကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့၏။ ထိုအချိန်တွင် သူ၏အသက်ကား (၃၃)နှစ် ရှိခဲ့ပြီဖြစ်သည်။

ချိုမြိန်သော အချစ်၏ ခါးသီးသောဘာဝများ

၁၉၂၄ခုနှစ်တွင် သူတို့ဇနီးမောင်နှံ အနောက်ဥရောပတလွှားခရီးထွက်ခဲ့၏။ ခရီးစဉ်အတွင်း ဘာလင်၊ ဗီယင်နာ၊ ပါရီတို့၌ နာမည်ကြီး ခွဲစိတ်ဆရာဝန်များ၏ ခွဲစိတ်ကုသပုံတို့ကို သူလေ့လာခဲ့သည်။

၁၉၂၄ခုနှစ်အကုန်တွင် မီချီဂန်ပြည်နယ်၊ ဒက်ထရွိုက်တွင် သူတို့ အခြေချနေထိုင်ခဲ့ကြသည်။ လက်ထဲ၌ကား ပိုက်ဆံမရှိ။ တိုက်ခန်း သေးသေးလေး တခန်းသာ ငှားရမ်းနေထိုင်ခဲ့ကြ၏။ ဆင်းရဲမွဲတေသည့် နွမ်းနွမ်းပါးပါး ဘဝအတွေ့အကြုံများကို သူတို့ ခါးသီးစွာ တွေ့ကြုံခဲ့ရသည်။

ဒက်ထရွိုက်ရှိ ဒေါက်တာဘီသွန်လူနာအများစုသည် အဆုံးအစမရှိသော ကျန်းမာရေးနှင့် ငွေကြေးပြဿနာ ဝဲဂယက်အတွင်း တာတေလန်အောင် ခံစားရသူများဖြစ်ကြသည်။သူ၏ကျွမ်းကျင်မှုနှင့် စေတနာကြောင့် ဒက်ထရွိုက်တွင် သူ့အား တဖြည်းဖြည်းနှင့် လူသိများလာခဲ့သည်။

အဆုတ်နာတီဘီရောဂါသည် ဆရာဝန်

၁၉၂၆ခုနှစ်တွင် အဆုတ်နာတီဘီရောဂါ ကူးစက်၍နေပြီ။ ရောဂါက သူ၏အဆုတ်တခြမ်းအား လိုက်စား၍နေခဲ့ပြီ။ ၁၉၂၆ခုနှစ်နောက်ပိုင်းတွင် ကားဆားရန့်က်ရေအိုင် တီဘီရောဂါကုစခန်းသို့ သူရောက်သွားခဲ့၏။ သူ၏ လက်ဝဲဘက်အဆုတ်တခြမ်းအား ခွဲစိတ်မှုခံယူရန် ဘီသွန် ဆုံးဖြတ်ခဲ့သည်။ ထိုအချိန်တွင် တီဘီရောဂါစွဲကပ်နေသည့်အဆုတ်အား ခွဲထုတ်ပစ်သည့် ကုသမှုက ခေတ်စားနေ၏။ ၂လအကြာတွင် သူ ပကတိ ကျန်းမာလာ၍ ဆေးရုံမှ ဆင်းလာခဲ့တော့သည်။

တီဘီရောဂါအား ကိုယ်တိုင် ခံစားလိုက်ရ၍ ထင်သည်။ ဘီသွန်တယောက် နယူးယောက်၊ ရေဘရွတ်ရှိ တီဘီဆေးရုံ၌ ၂နှစ်မျှတာဝန်ထမ်းဆောင်ခဲ့တော့သည်။

ဘီသွန်ဘာတွေလုပ်ခဲ့လဲ

၁၉၂၈ခုနှစ်တွင် မွန်ထရီယယ်မြို့၊ တော်ဝင်ဝိတိုရိယ ဆေးရုံတွင် ရင်ခေါင်ခွဲစိတ်မှု အထူးကုဆရာဝန် တယောက်ဖြစ်လာအောင် သူသင်ယူလေ့ကျင့်ခဲ့ပြန်သည်။ ကုသမှုသာမက ဆေးပညာဂျာနယ်များတွင် သူတေသနဆောင်းပါးများ၊ သူ့အတွေ့အကြုံအပေါ် အခြေခံသည့် ခွဲစိတ်နည်းသစ်များကို ရေးသားခဲ့၏။ ၎င်းအပြင် ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများ ပိုမို၍ တိုးတက်ကောင်းမွန်လာအောင် ဘီသွန်ပြုပြင်တီထွင်ခဲ့သည်။ သူ၏တီထွင်ပြုလုပ်ခဲ့သော ခွဲစိတ်ကိရိယာများစွာတို့အား ကနေဒါနှင့် နိုင်ငံအတော်များများတွင် ကျယ်ပြန့်စွာ သုံးစွဲလာခဲ့ကြလေပြီ။ ထို့နောက် ဒေါက်တာဘီသွန်ကမွန်ထရီယယ်မြို့တော်တွင် အလုပ်လက်မဲ့များအတွက် အခမဲ့ဆေးခန်းတခု ထူထောင်ပေးခဲ့ပြန်၏။

လူထုကျန်းမာရေးလုံခြုံမှု

၁၉၃၅ခုနှစ်တွင် ဆိုဗီယက်ယူနီယံသို့ နိုင်ငံတကာ ဇီဝကမ္မဗေဒဆိုင်ရာ ညီလာခံ (International Physiological) တက်ရောက်ရန် ဒေါက်တာဘီသွန်သွားခဲ့၏။ ၎င်းညီလာခံမှ ပြန်လာပြီးနောက် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းများအနေနှင့် လူထုကျန်းမာရေးစောင့်ရှောက်မှုအား ယခုထက်ပို၍ အားစိုက်သင့်သည်ဟု သူသဘောပေါက်လာခဲ့သည်။ 'လူထုကျန်းမာရေးလုံခြုံမှုအုပ်စု' ပေါ်ပေါက်လာအောင် သူစည်းရုံးခဲ့၏။ ဤအဖွဲ့၏အယူအဆကား ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းအတွင်း ဆရာဝန်တို့၏ အခြေခံအကျဆုံးတာဝန်မှာ ပြည်သူလူထုတရပ်လုံး၏ ကျန်းမာရေးအား ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ ဖြစ်ရမည်။

နယ်လှည့်သွေးဘဏ်စနစ်

၁၉၃၆ ခုနှစ်၊ ဇူလိုင်လလယ်၌ စပိန်နိုင်ငံ ပြည်တွင်းစစ်ဖြစ်ပွားမှုတွင် ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ကိုင်ရန် စပိန်နိုင်ငံသို့ ဘီသွန် သွားရောက်ခဲ့သည်။ စပိန်ရောက်သည်နှင့် မဒရစ်မြို့တော်တွင် နယ်လှည့်သွေးဘဏ်စနစ်ကို သူတီထွင်ဖွဲ့စည်းခဲ့၏။ မြို့များစွာရှိ သွေးလှူရှင်များထံမှ သွေးများရယူပြီး မိုင် ၆၀၀ကျော်ဝေးကွာသည့် ရှေ့တန်းစစ်မြေပြင်နေရာများသို့ ပို့ပေးခဲ့သည်။ သူတီထွင်ခဲ့သော သွေးသွင်းကုသမှုစနစ်ကား များစွာအောင်မြင်ခဲ့ပြီး လူ့အသက်ပေါင်းများစွာကို ကယ်ဆယ်နိုင်ခဲ့၏။ နောင်သောအခါ ဘီသွန်က "စပိန်ဟာ ကျနော့်နှလုံးသားပေါ်က အမာရွတ်တခုပါပဲ" ဟု ရေးသားခဲ့သည်။

ယန်စီမြစ်ပေါ်ဝယ်

ဂျပန်တို့သည် ၁၉၃၁ခုနှစ်မှစ၍ မန်ချူးရီးယားအား ကျူးကျော်သိမ်းပိုက်ခဲ့သည်။ ယခုအခါ ထပ်မံ၍ နယ်ချဲ့လာခဲ့ပြန်ပြီ။ သို့အတွက် တရုတ်နိုင်ငံသည် စပိန်နိုင်ငံထက်ပင် အရေးပေါ်အကူအညီများ လိုအပ်သည်ဟု ဒေါက်တာဘီသွန်ယုံကြည်၏။ ၁၉၃၈ခုနှစ်၊ ဇန်နဝါရီလ ၂ရက်နေ့တွင် ဗန်ကူးဘားမြို့မှ တရုတ်ပြည်သို့ ဒေါက်တာဘီသွန် ထွက်ခွာလာခဲ့လေပြီ။

တရုတ်တို့ ပြောက်ကျားစစ်ခေါင်းဆောင် မော်စီတုန်းနှင့် ဒေါက်တာဘီသွန်တွေ့သောအခါ "အမှတ်(၈)လမ်းကြောင်းတပ်များတွင် တာဝန်ထမ်းဆောင် နေကြတဲ့ နယ်လှည့်လှုပ်ရှားဆေးတပ်ဖွဲ့ငယ်များ ဘယ်လောက်ရှိပါသလဲ" ဟု ဘီသွန်မေးကြည့်သည်။ ဥက္ကဋ္ဌကြီးမော်က "တခုမှမရှိဘူး" ဟူသော အဖြေအား တိုတိုတုတ်တုတ်ပင်ပြောလိုက်သည်။ဆေးဝန်ထမ်းတပ်များ အရေးတကြီး လိုအပ်နေကြောင်း ဒေါက်တာဘီသွန် ချက်ချင်း သဘောပေါက်သွားပြီ။ ၁၉၃၈ခုနှစ် မေလ အစောပိုင်းတွင် ယီနန်စခန်း၏ မြောက်ဘက်ရှိ နယ်စွန်နယ်ဖျား တောင်တန်း ဒေသများသို့ ဘီသွန်ခရီး ထွက်လာခဲ့၏။ ဤနေရာများတွင်ကား တိုက်ပွဲပြင်းထန်လှသည်။ လူ ၁၃ သန်းမျှနေထိုင်သော ထိုဒေသတွင်ကား တတ်ကျွမ်းနားလည်သော ကျန်းမာရေးဝန်ထမ်းများ ရှားပါးလွန်းလှသည်။ ပထမဦးစွာ အရေးပေါ်လိုအပ်နေသည့် အခြေခံ ရှေးဦးသူနာပြုအတတ်နှင့် တကိုယ်ရေသန့်ရှင်းမှုများ သင်ကြားပေးခဲ့၏။ ၎င်းနောက် ရိုးရှင်းလွယ်ကူလှသော ခွဲစိတ်မှုများ သင်ကြားပေးခဲ့သည်။ သင်ကြားမှုလွယ်ကူစေရန် သရုပ်ဖော်ပုံများပါဝင်သည့် လက်စွဲစာအုပ်များ ထုတ်ဝေခဲ့သည်။ ထို့နောက် သန့်ပြန့်သည့်ဆေးရုံငယ်များထူထောင်ပေးခဲ့၏။ သူကား ဒဏ်ရာရလာသည့် စစ်သားများနည်းတူ နာမကျန်းဖြစ်သည့် တောသူတောင်သားများကိုလည်းကုသပေးခဲ့သည်။

အခက်အခဲများစွာ ကြားကပင် သင်ကြားရေးနှင့် သူနာပြုစုမှု ဆေးရုံပေါင်း(၂၀)ကျော်ကို ဒေါက်တာဘီသွန် ထူထောင်ပေးခဲ့သည်။ ခွဲစိတ်ဖို့လိုပြီဆိုလျှင် သူဘယ်တော့မှ အနားယူဖို့မစဉ်းစား။ တခါကဆို အရေးပေါ်ကုသမှု လိုအပ်နေသော လူနာ (၁၁၅)ဦးကို (၆၉)နာရီကြာမျှ မရပ်မနား ဆက်တိုက်ခွဲစိတ်ပေးခဲ့သည်။

သေတမ်းစာ

၁၉၃၉ခုနှစ် အောက်တိုဘာလ အကုန်ပိုင်းတွင် ဒဏ်ရာရစစ်သည်တစုကို သူခွဲစိတ်ကုသနေခဲ့သည်။ ခွဲစိတ်ခန်းသုံး လက်အိတ်မရှိ၍ လက်ချည်းဗလာခွဲစိတ်နေရသည်။

▶ ဥက္ကဋ္ဌကြီးမော်စီတုန်းနှင့် ဒေါက်တာနော်မန်ဘီသွန်တို့ စကားလက်ဆုံ ကျနေစဉ်

မတော်တဆနှင့် လက်ဝဲဘက်လက်ကို ခွဲစိတ်ဓား ထိသွားခဲ့သည်။ ပိုးသေစေရန် အိုင်အိုဒင်းဆေးရည်ထဲသို့ သူ့လက်ကို ချက်ချင်းထိုးနှစ်လိုက်၏။ ပြီးသည်နှင့် ခွဲစိတ်မှုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သည်။ အမှန်ဆိုလျှင် ကား ခွဲစိတ်ခန်းထဲတွင် လက်ဓားထိသည်မှာ သူ့အတွက်မဆန်း၊ အကြိမ်ကြိမ်ရှိခဲ့ပြီ။ ယခင် အကြိမ်များကဲ့သို့ပင် အနာကျက်သွားလိမ့်မည်ဟု ဒေါက်တာဘီသွန် ယုံကြည်သည်။ ဒါပေမယ့် ဒီတကြိမ်တွင် အနာကမကျက်၊ ပြည်တည်အနာကို အကြိမ်ကြိမ်ဖောက်ထုတ်သော်လည်း မထူးခြား၊ ပုံ့နှံ့၍သာ နေခဲ့ပြီ။ လက်မောင်းတခုလုံး မမြင်ဝံ့အောင် ဖူးရောင်ဖောင်းပွလာခဲ့ပြီ။ သူ့လက်ကိုဖြတ်ပစ်ဖို့ အကြံပေးသော်လည်းသူလက်မခံ။

သူကား သွေးအဆိပ်သင့်ခဲ့ပြီ။ သူ့တကိုယ်လုံး ပုံ့နှံ့နေခဲ့ပြီ။

ပြင်းထန်စွာ ဝေဒနာခံစားနေရချိန်တွင် သူ့ဆန္ဒကို သေတမ်းစာ ရေးသွားခဲ့၏။ ၎င်းအထဲတွင် သူတို့အဖွဲ့ လိုအပ်နေသောဆေးဝါးများ၏ စာရင်းကို ပြုစုပေးသွားခဲ့၏။

"လွန်ခဲ့တဲ့ နှစ်နှစ်တာ ကာလကတော့ ကျနော့်ဘဝမှာ အထူးခြားဆုံး၊ အဓိပ္ပာယ်အရှိဆုံးပဲ။ ကျနော်ချစ်တဲ့ ရဲဘော်၊ ရဲဘက်တွေကြားမှာ ကျနော့်ရဲ့ အမြင့်မားဆုံး ဆန္ဒတွေ ပြည့်ခွင့်ရခဲ့ပါတယ်" ဟု၍ သူ့စာကို အဆုံးသတ်ထား၏။

၁၉၃၉ခုနှစ်၊ နိုဝင်ဘာလ(၁၂) ရက်နေ့တွင်တရုတ်နိုင်ငံ၊အနောက်မြောက်ဘက် ရှေ့တန်းစခန်း တနေရာတွင် ဒေါက်တာနော်မန်ဘီသွန် ကွယ်လွန်ခဲ့လေပြီ။ ဒေါက်တာဘီသွန်၏ ဂုဏ်သတင်းသည်ကား သူ့ရဲကောင်းတဦးအဖြစ် ခေတ် သစ်တရုတ်နိုင်ငံသမိုင်းတွင် ထွန်းပြောင်စွာ မော်ကွန်းတွင် ကျန်ရစ်ခဲ့လေသည်။

"လုံးဝဥဿုံ အတ္တကင်းမဲ့တဲ့ စိတ်ဓာတ်ကို သူ့ဆီကနေ ကျနော်တို့ အားလုံးလေ့လာ သင်ကြားရမှာဖြစ်တယ်။ သူ့စိတ်ဓာတ်နဲ့သာဆို လူတိုင်းလူတိုင်းဟာ ပြည်သူတရပ်လုံးအတွက် အလွန် အသုံးဝင် လာကြမှာ ဖြစ်ပါတယ် ... ။

လူတယောက်ရဲ့ စွမ်းပကားဟာ ကြီးမားနိုင်တယ်၊ သေးငယ်နိုင်တယ်။ ဒါပေမယ့် သူ့မှာသာ ဘီသွန်စိတ်ဓာတ်ရှိ နေပါစေ သူဟာ မြင့်မြတ်တဲ့ စိတ်နှလုံးရှိသူ၊ ပြည့်ဝသန့်စင်သူ၊ စာရိတ္တမြင့်မားသူ၊ အပေါစား ကိုယ်ကျိုးစီးပွားတွေနဲ့ လွတ်ကင်းနေသူ၊ ပြည်သူတရပ်လုံးက တန်ဖိုးထားတဲ့သူ ဖြစ်လာမှာပါပဲ"

(ဥက္ကဋ္ဌကြီး မော်စီတုန်း)

ဒေါက်တာနော်မန်ဘီသွန် (သို့မဟုတ်) သန့်စင်သည့်နှလုံးသားပိုင်ရှင်

ဒေါက်တာနော်မန်ဘီသွန်၏ နိုင်ငံရေးအယူဝါဒနှင့်ယုံကြည်မှုကမည်သို့ရှိမည်မသိ။ မဆန်းစစ်လို။ သို့သော် ဒေါက်တာဘီသွန်သည် အဖိနှိပ်ခံ ကျောမွဲပြည်သူတို့ဘက်မှရပ်၍ သူတတ်ကျွမ်းသော ဆေးပညာဖြင့် အသက်စွန့် အလုပ်အကျွေး ပြုခဲ့သည်။ ငြင်း၍မရ။ ■

ညီမြာ

ပျင်းရိခြင်းဟာ ဆေးလိပ်ထက်ပိုဆိုးတယ်

ဒေါက်တာရဲနိုင်

'တသက်လုံး ကိုယ်လက်လှုပ်ရှားမှုမရှိ သက်သက်သာသာ ငြိမ်ငြိမ်လေး နေသွားတဲ့သူတွေဟာ ဆေးလိပ်သောက်တဲ့သူတွေထက် ပိုပြီး သက်တမ်းတိုပါတယ်'

၁၉၈၈ခုနှစ်အတွင်း သေဆုံးခဲ့တဲ့ ဟောင်ကောင်မြို့သူမြို့သား ၂၄၀၀၀တို့ရဲ့ဘဝပုံစံကို လေ့လာပြီး အထက်ပါအတိုင်းကောက်ချက်ချထားပါတယ်။ ဘဝပုံစံဆိုတာ သူတို့အသက်ရှင်စဉ်က နေထိုင်စားသောက်ခဲ့တဲ့အကျင့်၊ ဆေးလိပ်သောက်၊အရက်သောက်တာရော၊ ကိုယ်လက်လှုပ်ရှား အားကစားလုပ်တာရော အစုံပါဝင်ပါတယ်။

ဒီလိုလေ့လာတဲ့အခါ ကိုယ်လက်လှုပ်ရှားအားကစား အလေ့အကျင့် မရှိခဲ့တဲ့ သူတွေဟာ သက်တမ်းတိုဖို့ ယောကျ်ားဆိုရင် ၅၉ ရာခိုင်နှုန်း၊ မိန်းမဆိုရင် ၃၃ရာခိုင်နှုန်းပိုများတယ်လို့ South China Morning Post သတင်းစာမှာ ဖော်ပြထားပါတယ်။

"ဆေးလိပ်မသောက်တာဟာ အသက်ရှည်ကျန်းမာစေဖို့ လိုအပ်ပါတယ်။ ဒါပေမယ့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း မလုပ်ရင်တော့ စိတ်မချရသေးပါဘူး"လို့ စစ်တမ်းကောက်ယူသူ ဟောင်ကောင် တက္ကသိုလ်ပြည်သူ့ကျန်းမာရေးဌာနရဲ့ ဌာနမှူးပါမောက္ခ တိုင်ဟင်း ပြောကြားပါတယ်။

အနည်းငယ်လှုပ်ရှားခြင်းတောင်မှ ဘာမှမလုပ်ဘဲ နေတာထက်တော့အကျိုးရှိတယ်လို့ဆိုပါတယ်။ တနေကုန် ရုံးထိုင်၊ ဆိုင်ထိုင်၊ အိမ်ကို ကားစီးပြန်၊ အိမ်ရောက်တော့ တီဗီရှေ့မှာထိုင်ပြီး အိပ်မယ့်အစား နာရီဝက်လောက် လမ်းလျှောက်သင့်တယ်လို့လည်း ပါမောက္ခလမ်က အကြံပြုပါတယ်။

ဆေးလိပ်မသောက် သွေးတိုးရောဂါမရှိ၊ ကိုလက်စထရောလည်းမများလို့ ကိုယ်လက်လှုပ်ရှားဖို့ မလိုဘူးထင်ရင် မှားလိမ့်မယ်လို့ စတန်းဖို့ဒ်တက္ကသိုလ်က သုတေသီများကလည်း ပြောကြပါတယ်။ သုတေသီတို့က စမ်းသပ်ခံလူပေါင်း ၆၂၁၃ယောက်ကို မတ်စောက်တဲ့ဆင်ခြေလျှောအတက် လမ်းကို လမ်းလျှောက်ပြီး တက်စေပါတယ်။ ဘယ်သူတွေ အစောဆုံး အမောဆို့ပြီး ရပ်သွားသလဲဆိုတာလည်းစောင့်ကြည့်ပါတယ်။

ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်ရှိတဲ့သူများကတော့ သက်လုံကောင်းပြီး တောင်တက်လမ်းကို အမောခံစေစေ လျှောက်လှမ်းနိုင်ကြပါတယ်။ အလေ့အကျင့်မရှိတဲ့ သူတွေကတော့ ခဏလေး တက်လှမ်းရုံနဲ့ အမောဆို့ကြ၊ ရပ်နားကြရပါတယ်။(ကျိုက်ထီးရိုး တောင်တက်သလိုဖြစ်ပါလိမ့်မယ်။)

သူတို့တတွေကို မှတ်သားပြီး ဆက်လက်လေ့လာတဲ့အခါ ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်မရှိတဲ့ သူတွေဟာ ခြောက်နှစ်အတွင်း သေဆုံးတဲ့နှုန်းထားဟာ အလေ့အကျင့်ရှိလို့ သက်လုံကောင်းတဲ့ သူတွေထက် လေးဆပိုသွားတာတွေ့ရပါသတဲ့။

ကိုယ်လက်လှုပ်ရှားအားကစား အလေ့အကျင့်ရှိလို့ သက်လုံကောင်း၊ အမောခံစေတဲ့သူတွေဟာ ဆီးချိုရောဂါရှိတာ ဆေးလိပ်သောက်တဲ့အကျင့်ရှိတာ ဖြစ်သည့်တိုင် အသက်ပိုပြီးရှည်ဖို့ ၁၂ ရာခိုင်နှုန်း အခွင့်အလမ်းရှိတယ်လို့လည်း ဖော်ပြထားပါတယ်။

ပျင်းရိခြင်းဟာ ဆေးလိပ်ထက်ပိုပြီး ကြောက်စရာကောင်းတယ်လို့ ခေါင်းစဉ်တပ်ထားတာကို ဖတ်ရှုရပါတယ်။ ■ Ref: Awake

ချမ်းသာမှအသက်ရှည်မည်

မာလေးမောင်

အိမ်နားကမိတ်ဆွေတဦး နှလုံးရောဂါကြောင့် ရင်ဘတ်အောင့်ပြီး အသက်ရှူမဖြစ်လာလို့ မဲဆောက်ဆေးရုံကြီး အရေးပေါ်ဌာနကို အပြေးအလွှားပို့ကြပါတယ်။ အရေးပေါ်ဌာနကတဆင့် နှလုံးအထူးကု အရေးပေါ်အခန်းကို ပို့ပြီး ချက်ချင်းပဲ ဆေးကုသပေးကြတဲ့အတွက်(၁၀)မိနစ်လောက်နောက်ကျရင် အသက်ပါဆုံးနိုင်တဲ့အခြေအနေကနေ အခုဆို လူကောင်းပကတိနီးပါး နေကောင်းသွားခဲ့ပါပြီ။

မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ (၃)နှစ်ခန့်က ကျမအမေလည်း ဒီလိုဝေဒနာကြောင့် ဦးနောက်ထဲ သွေးခဲပြီး ညာဘက်တခြမ်းလုံး လှုပ်ရှားမရတော့တဲ့ လေဖြတ်ဝေဒနာကို ခံစားခဲ့ရပါတယ်။ စကားလည်း လုံးဝမပြောနိုင်တော့ဘဲ အသိလုံးဝမရှိတော့တဲ့ အဖြစ်ကို ရောက်ခဲ့ရပါတယ်။ ဒါနဲ့ ကျမလည်း ဆေးရုံကြီးအရေးပေါ်ဌာနကိုပို့ပြီး ဦးနောက်နဲ့အာရုံကြောဆေးရုံကြီးကို တင်ဖို့လုပ်တော့ အိမ်နားက အစ်မတယောက်က အရေးပေါ်ကို တန်းသွားလို့မရဘူး၊ ဦးနောက်နဲ့အာရုံကြောဆေးရုံကြီးက အထူးကုဆရာဝန်မကြီး ဒေါ်...က ဒီနေ့တနင်္ဂနွေနေ့ဆိုတော့ ရွှေဂုံတိုင်အထူးကုဆေးရုံကြီး (S.S.C) မှာထိုင်တယ်၊ အဲဒီကိုအရင်သွားပြ၊ သူကဆေးရုံတက်ခွင့် လက်မှတ်ရေးပေးလိုက်တော့မှ မနက်ဖြန်တနင်္လာနေ့မှာ ဦးနောက်နဲ့အာရုံကြော ဆေးရုံကြီးက သူ့အဆောင်မှာ တက်ခွင့်ရမှာလို့ ရှင်းပြပါတယ်။ ကျမတော်တော်တုံးတာပဲ၊ ဒါကိုမသိခဲ့ဘူး၊ အရင်ကတော့ အရေးပေါ်ကနေတဆင့် ဆေးရုံတက်ရတာပဲ။ အခု ဦးနောက်နဲ့အာရုံကြော ဆေးရုံကြီးက ဒေါ် ... က ဘယ်လိုဖြစ်တာလဲမသိဘူး၊ ဒါပေမယ့် အစ်မပြောတာ မှန်မှာဆိုပြီး ခန္ဓာကိုယ်တခြမ်းလုံး သေနေပြီး စကားပါမပြောနိုင်တော့တဲ့ မေမေ့ကို ဝိုင်းဝန်းပွေ့ချီပြီး ကားပေါ်တင်၊ S.S.C ရောက်တော့ ပွေ့ပြီး Wheel chair ပေါ်တင်၊ ခြေတွေလက်တွေတွဲလောင်းကျ၊ ဦးခေါင်းကိုလည်း တယောက်က ငြိမ်အောင် ကိုင်ပေးထားရ၊ သွားရည်တွေ ကျနေတာကို သုတ်ပေးရ၊ အသိမရှိတော့ ရှူးရှူးတွေပေါက်ချတာကိုလည်း သုတ်ပေး၊ အိမ်သာထဲ သွားပြီး ထမီလဲပေးရင်းနဲ့ ကိုယ့်ရှေ့ကလူနာ(၅၀)ကျော်ကို စောင့်ပြီးတော့မှ ကိုယ့်အလှည့်ရောက်ပါတယ်။ အလှည့်ရောက်တော့ ဆရာဝန်မကြီးက နားကြပ်နဲ့ ရင်ဘတ်ကိုတချက်၊ နှစ်ချက် ထောက်ပြီး ဆေးစာအုပ်မှာ ဆေးရုံတက်ခွင့် ပြုကြောင်း ရေးပေးလိုက်ပြီး သောက်ဆေးတချို့ကို ညွှန်လိုက်ပါတယ်။ ဒါနဲ့ စမ်းသပ်ခ(၁၆၀၀ိ) နဲ့ ဆေးတချို့ ဝယ်ယူငွေရှင်းပြီး ပြန်ခဲ့ရပါတယ်။ နောက်မနက် တနင်္လာနေ့မှာ ဦးနောက်နဲ့ အာရုံကြော ဆေးရုံကြီးကို အဲဒီ ဆေးစာအုပ်နဲ့သွားတော့မှ အမျိုးသမီး လူနာဆောင်မှာ ကုတင်တလုံး ပေးပါတယ်။ ကျန်တဲ့ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး အားလုံး အိမ်က ယူလာရပါတယ်။ Special nurse ငှားမလားလို့ မေးပါတယ်။ မငှားနိုင်တဲ့အတွက် မငှားနိုင်ကြောင်း ကိုယ်တိုင်စောင့်မှာဖြစ်ကြောင်း ပြောတော့ ဆေးကုသမှုဘာမှလုပ်မပေးသေးဘဲ ဆရာဝန် Round တဲ့အချိန်အထိ ဒီအတိုင်းပဲ စောင့်ခိုင်းထားပါတယ်။

ဆရာဝန်တွေ Round ပြီးလို့ (၁)နာရီလောက်ကြာမှ သူနာပြုက လူနာစောင့်ကျမကို ခေါ်ပြီး ဆေးတွေဝယ်ခိုင်းတော့တာပါပဲ။ အဲဒီထဲမှာ (ညှုထရိုဖေး) ဆိုတဲ့ (၂၀၀၂ခုနှစ်လောက်က) တပုလင်း(၄၅၀ိ) ပေးရတဲ့ ထိုးဆေးကအစ ဆေးထိုးပြွန်၊ ဆေးထိုးအပ်၊ ဂွမ်း၊ စပရစ်၊ ပလာစတာနဲ့ ပလာစတာဖြတ်ဖို့ ဓားအဆုံး အကုန်ဝယ်ခိုင်းတော့တာပါပဲ။ လူနာရှင် ကျမကမရှိရှိတာရောင်းချပေါင်နှံ ချေးငှားလာတဲ့ ငွေလေးကိုင်ပြီး ဆေးရုံကြီးအောက်က စရိတ်မျှပေး ကျန်းမာရေးဆိုတဲ့ အပြင်ဈေးနဲ့ မကွာတဲ့ ဆေးဆိုင်မှာ သွားဝယ်ရပါတယ်။ အဲဒီဆိုင်မှာ မရှိတဲ့ဆေးဆိုရင် မိုလ်ချုပ်ဈေးသစ်ထဲက သူတို့ညွှန်တဲ့ဆေးဆိုင်မှာ ဝယ်ရပါတယ်။ သူနာပြုကို ဆေးဝယ်ပြီးကြောင်း အကြောင်းကြားထားရပါတယ်။ ထမိအနိတ် permanent သူနာပြုဆရာမက သူ့လက်ထောက်အကူ အလုပ်သင် သူနာပြုငယ်ကိုလွှတ်ပြီး ဆီးပိုက်၊ အစာပိုက်များထည့်ခိုင်းပါတယ်။ ဝယ်ထားတဲ့ဆေးတောင်းပြီး ဆေးထိုးပေးပါတယ်။ ဆေးတိုက်ဖို့ကိုတော့ လူနာစောင့်ကျမကိုပဲ မှာခဲ့ပြီး အချိန်နဲ့တိုက်ခိုင်းပါတယ်။ အစာကို နှာခေါင်းပိုက်ကတဆင့် သွင်းဖို့အတွက် ကျမကိုသင်ပေးခဲ့ပြီး နှစ်နာရီခြားတကြိမ် ရေနှင့် Ovaltine သွင်းခိုင်းခဲ့ပါတယ်။ E.C.G လာရိုက်ရင် ရိုက်ခပေးရပါတယ်။ ဆီးချို ရှိ/မရှိ လာစစ်ရင်လည်း စစ်ခပေးရပါတယ်။ ဦးနှောက်ဓာတ်မှန်ရိုက်တာကိုလည်း ရိုက်ခပေးရပါတယ်။

ငွေပေးရတာကတော့ ဆေးရုံဝင်းအတွင်း ကားဝင်ခွင့်ကစပြီး ဆေးရုံပေါ်တက်တဲ့ဂိတ်စောင့်၊ ဓာတ်လှေကားမောင်း၊ လူနာတင်လှည်းတွန်းသူ၊ သန့်ရှင်းရေးအလုပ်သမားအဆုံး အားလုံးကျေနပ်အောင်ပေးရပါတယ်။ မပေးရင် ဂိတ်စောင့်ကမပေးဝင်ဘူး။ ဓာတ်လှေကားမောင်းက မီးအားမပြည့်လို့မောင်းမရဘူး။ လူနာတင်လှည်းတွန်းတဲ့သူက ဆောင့်အောင့်ပြီးတွန်း၊ သန့်ရှင်းရေးသမားက ကိုယ့်ကုတင်ဝန်းကျင်ကို ပြောင်အောင် သန့်ရှင်းမပေးလို့ သူနာပြုက ဟောက်မှာမို့ ပေးရမှာတွေကို လူနာရှင်များက အလိုက်တသိပေးရတာ ထုံးစံဖြစ်နေပါပြီ။ မြန်မာနိုင်ငံမှာ မြန်မာနိုင်ငံသား ကျမအမေကို (၁၅)ရက်ပြည်သူ့ဆေးရုံမှာ ဆေးကုတာ ဆေးဖိုးနဲ့ အထွေထွေပေးရငွေ (၃)သိန်းခန့် ကုန်ကျပါတယ်။ ဆေးရုံက ကုတင်တခုပဲ အလကားရပါတယ်။ (ဒါတောင် အတွင်းလူနာများလွန်းရင် ကုတင်မရပါဘူး) ဒီလိုဆေးဖိုးကို အကုန်မခံနိုင်ရင် အလကားရတဲ့ ကုတင်ပေါ်မှာ ကိုယ့်လူနာကို အသေခံလိုက်ရမှာပါ။ ငွေကြေးတတ်နိုင်သူတွေကတော့ အပြင်ဆေးခန်း၊ အထူးကုဆေးရုံကြီးတွေမှာသာ တက်ရောက်ကုသကြပါတယ်။

ကျမတို့နိုင်ငံမှာ လူချမ်းချမ်းလူ့တန်ဖိုးကို မကြည့်တော့ဘဲ ငွေမျက်နှာတခုတည်းကိုသာ ဘာကြောင့် ကြည့်နေကြတာလဲ။ ဘာကြောင့် ဘယ်သူ့သေသေ၊ ငတေမာ ပြီးရော ဖြစ်နေကြတာလဲ၊ ဘာကြောင့်တိုင်းပြည်ကြီး ချွတ်ခြုံကျနေရုံမက လူတွေရဲ့ စိတ်ဓာတ်ပါ ပျက်စီးပြီး ချွတ်ခြုံကျနေရတာလဲ။ ပညာတတ်နိုင်ငံခြားပြန် အထူးကုဆရာဝန်ကြီး များကလည်း အထူးကုဆေးရုံများမှ လူနာများကိုသာ အချိန်ပြည့် (ငွေမျက်နှာနဲ့) ဂရုစိုက်ပြီး ကုပေးနေတော့မှာလား။ အစိုးရဆေးရုံမှ လူနာများကိုတော့ လက်ထောက်ဆရာဝန်၊ သူနာပြုငယ်များနဲ့သာ မျက်နှာ လွှဲထားကြတော့မှာလား။ မရှိဆင်းရဲသား အများပြည်သူတွေကတော့ ဆေးဝယ်ဖို့ ငွေရှာနေရတာနဲ့ အချိန်မီ ကုသမပေးနိုင်လို့ အပ်နဲ့ထွင်းရမယ့် ဝေဒနာက ပုဆိန်နဲ့ ပေါက်ရမယ့် ဝေဒနာဖြစ်၊ မသေသင့်ဘဲသေ၊ ကုသမှုမဲ့ ဘဝများ၊ ဒုက္ခပင်လယ်ထဲမှာ မျောပြီး ရင်း မျောနေကြရတော့မှာလား။

အထူးကုဆေးရုံကြီးတွေမှာ တက်ပြီး ဆေးကုသမှုမခံနိုင်ကြတဲ့ ပြည်သူအများစုဟာ ပြည်သူ့ဆေးရုံပေါ်က အလကားရတဲ့ တခုတည်းသော ကိုယ့်ကုတင်ပေါ်မှာ ထိုင်ပြီး ဘေးကဖြတ်သွားတဲ့ သူနာပြုနဲ့ ဆရာဝန်ငယ်လေးများက ကိုယ့်ကို ဆေးလာကုနိုး အားကိုးတဲ့မျက်လုံးများနဲ့ ဖြတ်သွားသမျှ လိုက်ကြည့်နေကြရတဲ့ လူနာများနဲ့ဘဝတူ လူနာရှင်များကို သနားစိတ်၊ သတိရတဲ့စိတ်နဲ့ ဒီဆောင်းပါးကို ရေးလိုက်မိပါတယ်။ ■

မာလေးမောင်

မိုဘိုင်းဖုန်းနဲ့ကျန်းမာရေး

စိုးနေလင်း

ဒီကနေ့ခေတ် လူ့အဖွဲ့အစည်းတိုင်းမှာ မရှိမဖြစ်ဆိုရလောက်အောင် အရေးပါလာတဲ့ လူ့အသုံးအဆောင်ပစ္စည်းကတော့ မိုဘိုင်းဖုန်း (Mobile Phone) လို့ခေါ်တဲ့ လက်ကိုင်ဖုန်းလေးတွေပါပဲ။ ဆက်သွယ်ရေးဟာ ဒီကနေ့ခေတ်မှာ သိပ်ပြီးအရေးကြီးလာတာနဲ့အမျှ တယ်လီဖုန်းရဲ့အခန်းကဏ္ဍဟာ ပိုပြီးကြီးမားကျယ်ပြန့်လာတာတွေ့ရပါတယ်။ မြန်မာနိုင်ငံလို စစ်အာဏာရှင်တွေက ဆက်သွယ်ရေးကျယ်ပြန့်လာမှာစိုးလို့ မိုဘိုင်းဖုန်းကို ကန့်သတ်စိစစ်ပြီး ဈေးကြီးကြီးနဲ့ ရောင်းချတဲ့နိုင်ငံမျိုးကလွဲရင် တခြားနိုင်ငံတွေမှာ အလွယ်တကူ ဈေးသက်သက်သာသာနဲ့ ဝယ်ကိုင်နိုင်ကြတဲ့အတွက် မူလတန်းကျောင်းသား၊ ကျောင်းသူလေးတွေကအစ လူတိုင်းလူတိုင်းရဲ့လက်ထဲမှာ၊ လည်ပင်းမှာ မိုဘိုင်းဖုန်းကလေးတွေ တွေ့နိုင်ပါတယ်။ လမ်းမှာ၊ စားသောက်ဆိုင်မှာ၊ ဘတ်စ်ကားပေါ်မှာ၊ ရထားပေါ်မှာ၊ ကုန်တိုက်တွေပေါ်မှာ၊ လမ်းသွားရင်း တတွတ်တွတ်ပြောနေကြတာပါပဲ။ ကိုယ်စကားပြောချင်တဲ့လူကို အချိန်မရွေး၊ နေရာမရွေး ဆက်သွယ်ပြောဆိုနိုင်တဲ့အပြင် လူမှုဆက်ဆံရေး၊ စီးပွားရေးမှာ အများကြီးပိုပြီး အဆင်ပြေတဲ့အတွက်လည်း မိုဘိုင်းဖုန်းမကိုင်တဲ့သူ မရှိသလောက်ဖြစ်နေပါပြီ။

ဒါပေမယ့် အဲဒီမိုဘိုင်းဖုန်း အသုံးပြုတဲ့အတွက် လူတွေမှာ ကျန်းမာရေးအရ တစုံတရာ ထိခိုက်မှုရှိနိုင်သလားဆိုတာ စဉ်းစားတဲ့သူ စူးစမ်းတဲ့သူနည်းပါးပါသေးတယ်။ ဆေးဘက်ဆိုင်ရာပညာရှင်တွေနဲ့ သိပ္ပံပညာရှင်တွေကတော့ ဒါကို လေ့လာစူးစမ်း သုတေသနလုပ်လာကြပါပြီ။ မိုဘိုင်းဖုန်းတွေရဲ့ လုံခြုံစိတ်ချရမှုကို အဓိကလေ့လာမှုတခုကတော့ ဖုန်းအသုံးပြုသူတွေရဲ့ကျန်းမာရေးကိုသက်ရောက်မှုရှိနိုင်တယ်လို့ ကောက်ချက်ချထားပါတယ်။ ဖင်လန်နိုင်ငံက သိပ္ပံပညာရှင်တွေ ဆောင်ရွက်ခဲ့တဲ့ သုတေသနပြုမှုတခုအရ မိုဘိုင်းဖုန်းတွေက အပူနဲ့ လှိုင်းဖြာထွက်မှုတွေက ဦးနှောက်အတွင်း အပြောင်းအလဲတချို့ကို ဖြစ်စေနိုင်တယ်လို့ ဆိုပါတယ်။ ဒါဟာ မိုဘိုင်းဖုန်းတွေက လှိုင်းဖြာထွက်မှုတွေကြောင့် ကြွက်တွေရဲ့ဆဲလ်တွေပေါ် သက်ရောက်မှုထက် လူသားဆဲလ်တွေအပေါ်သက်ရောက်မှုနဲ့ပတ်သက်ပြီး ပထမဆုံး သိပ္ပံပညာရှင်တွေရဲ့ လေ့လာသုတေသနပြုဖြစ်ပါတယ်။ အဲဒီ နှစ်နှစ်ကြာ သုတေသနပြုလေ့လာမှုမှာ လက်ကိုင်ဖုန်းတွေက ဖြာထွက်လာတဲ့ အဆင့်နိမ့်ဖြာထွက်မှုလေးတွေကတောင် ပျက်စီးယိုယွင်းမှုရှိနိုင်တယ်လို့ ကောက်ချက်ချခဲ့ကြပါတယ်။ (Radiation and Nuclear Safety Autority)က သိပ္ပံပညာရှင်တွေကတော့ မိုဘိုင်းဖုန်းလှိုင်းဖြာထွက်မှုဟာ လူသားရဲ့ဆဲလ်တွေအပေါ်သက်ရောက်မယ်ဆိုရင် သွေးထဲကနေဦးနှောက်ထဲကို အန္တရာယ်ရှိတဲ့အရာတွေ မဝင်ရောက်နိုင်အောင်တားထားပေးတဲ့ လုံခြုံရေးအရံအတားဖြစ်တဲ့ ဦးနှောက်သွေးအရံအတား (Blood-brain barrier) ကို ပျက်စီးစေနိုင်တယ်ဆိုတာကို တွေ့ရှိခဲ့ကြပါတယ်။ သူတို့က အဲဒီသက်ရောက်မှုဟာ သွေးကြောနံရံတွေထဲက ဆဲလ်တွေကို ရှုံ့သွားစေနိုင်ပြီး မော်လီကျူးတွေကို ဦးနှောက်တစ်သျှူးတွေထဲ ကျော်ဖြတ်ဝင်ရောက်သွားစေနိုင်တယ်ဆိုတာ တွေ့ရှိခဲ့ကြပါတယ်။

လေ့လာမှုကို ဆောင်ရွက်ခဲ့တဲ့ ပရော်ဖက်ဆာ Darius Leszczynski ကတော့ ဒီအဖြေတွေဟာ လူသားဆဲလ်ပေါ် သက်ရောက်မှုကို ဓာတ်ခွဲခန်းထဲ စမ်းသပ်မှုကရလာတာသာဖြစ်ပြီး လူတွေအပေါ်တကယ်တမ်း အလားတူသက်ရောက်မှု ရှိမရှိ သိရဖို့ကတော့ နောက်ထပ်သုတေသနပြုလုပ်မှုတွေ လုပ်ရဦးမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ သူက BBC Online ကို 'လှိုင်းဖြာထွက်မှုက သွေးဦးနှောက်အရံအတားကို ပျက်စီးစေနိုင်တယ်ဆိုတာ တိရိစ္ဆာန်နဲ့ လေ့လာမှုမှာသာ တွေ့ရသေးတာပါ'လို့ ပြောခဲ့ပါတယ်။ တကယ်လို့ လူတွေအပေါ်မှာလည်း ဒီလိုပဲ အလားတူသက်ရောက်ခဲ့မယ်ဆိုရင်တော့ ခေါင်းကိုက်တာ၊ မောပန်းနွမ်းနယ်တာလို ဒါမှမဟုတ် အိပ်တာနဲ့ဆိုင်တဲ့ ပြဿနာမျိုးတွေ ဖြစ်လာနိုင်တယ်လို့ ဆိုပါတယ်။ ဆွီဒင်သုတေသနအုပ်စုတစုရဲ့ လေ့လာမှုအရကတော့ အယ်လ်ဇိုင်းမား (Alzheimer) လို့ ခေါ်တဲ့ ရောဂါမျိုးအထိ ဖြစ်သွားနိုင်တယ်လို့ ဆိုပါတယ်။

ဒါပေမယ့် အခုအချိန်မှာတော့ မိုဘိုင်းဖုန်းအသုံးပြုမှုအပေါ်မှာ အကန့်အသတ်တမျိုးမျိုးလုပ်ဖို့ ဒါမှမဟုတ် အန္တရာယ်ကင်းရှင်းရေးစနစ်အသစ်တခု တပ်ဆင်ဖို့ သိပ္ပံပညာရပ်ဆိုင်ရာ ထောက်ခံတိုက်တွန်းမှု ဘာမှမရှိသေးပါဘူး။

ဗြိတိန်နိုင်ငံတခုတည်းမှာပဲ လူသန်း(၄၀)ကျော်ကျော် မိုဘိုင်းဖုန်းသုံးစွဲနေကြပြီး ကလေးအတော်များများလည်း ပါဝင်ပါတယ်။ လွန်ခဲ့တဲ့(၂)နှစ်က ဗြိတိသျှအစိုးရ စုံစမ်းစစ်ဆေးမှုကို ဦးဆောင်ခဲ့တဲ့ Sir William Stewart ကတော့ မိုဘိုင်းဖုန်းက သက်သေပြနိုင်တဲ့ ကျန်းမာရေးအန္တရာယ်ပေးနိုင်မှုတော့ မတွေ့ရသေးပါဘူးလို့ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် အဲဒီစုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ အစီရင်ခံစာက မိုဘိုင်းဖုန်းတွေကနေ ကျန်းမာရေးအပေါ် သက်ရောက်မှုနဲ့ပတ်သက်ပြီး နောက်ထပ်မသိရသေးခင်မှာတော့ ကလေးတွေရဲ့ မိုဘိုင်းဖုန်းအသုံးပြုမှုကို သတိရှိသင့်တယ်လို့ တိုက်တွန်းထားပါတယ်။ သူတို့တွေ အဓိကစိုးရိမ်တာက မိုဘိုင်းဖုန်းလှိုင်းဖြာထွက်မှုဟာ ဦးနှောက်ကင်ဆာရောဂါနဲ့ ဆက်စပ်လာမှာကိုပါပဲ။

ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ သတင်းခေတ် (Information) လို့ခေါ်နေတဲ့ ဒီကနေ့ခေတ်မှာ မိုဘိုင်းဖုန်းဟာ မရှိမဖြစ် လိုအပ်တဲ့ပစ္စည်းတခုဖြစ်နေပြီမို့ အသုံးမပြုလို့လည်း မရပါဘူး။ သုံးနေကြရမှာပါပဲ။ ဒါပေမယ့် သိသာထင်ရှားတဲ့ အချက်ကတော့ ကြာကြာပြောလာသုံးလာရင် နားတဝိုက်မှာတော့ အပူဓာတ်ကို ခံစား လာရတာပါပဲ။ အဲဒီကနေ ဦးနှောက်ကိုများ တစုံတရာ အန္တရာယ်ပေးလာမလားဆိုတာ စဉ်းစားဆင်ခြင်ရပါလိမ့်မယ်။ သိပ္ပံပညာရှင် တွေကတော့ ဒေါ်လာသန်းပေါင်းများစွာ အကုန်ခံပြီး သုတေသနလုပ်နေကြပါပြီ။ မကြာမတင်မှာတော့ မိုဘိုင်းဖုန်းဟာ လူရဲ့ကျန်းမာရေးကို အန္တရာယ်ပေးနိုင်၊ မပေးနိုင် တိတိကျကျ သိလာကြမှာပါ။

ဒါပေမယ့် မသိရသေးခင်မှာလည်း မိုဘိုင်းဖုန်းတွေကို အချိန်တိုတိုပဲသုံး၊ လိုရင်းတိုရှင်းပြောကြမယ်ဆိုရင် ကျန်းမာရေးအတွက် သတိရှိရာရောက်ပါကြောင်း၊ ကလေးငယ်လေးတွေ မမောနိုင် မပန်းနိုင် လေရှည်နေကြမယ်ဆိုရင်လည်း သတိပေးတားဆီးသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။■

Ref: Fresh fear over mobile phones (BBC - Health News)

ရာသီလာစဉ် နာကျင်ကိုက်ခဲခြင်း

ဒေါက်တာရည်ညွန့်မေ

အပျိုဖော်ဝင်ပြီဆိုတာနဲ့ အမျိုးသမီးတိုင်း တချိန်မဟုတ်တချိန်ကြုံတွေ့ရမှာကတော့ ရာသီလာစဉ် နာကျင်ကိုက်ခဲခြင်းပဲဖြစ်ပါတယ်။ ရာသီလာစဉ် နာကျင်ကိုက်ခဲခြင်းဟာ လူကို မအီမသာဖြစ်စေပြီး၊ တချို့သောအမျိုးသမီးတွေမှာ ဗိုက်အောင့်ခြင်း၊ ဆီးစပ်ကိုက်ခဲခြင်း၊ အော့အန်ခြင်းရှိတဲ့အပြင် အိပ်ရာပေါ်ကမထနိုင်လောက်အောင် ဒုက္ခရောက်စေပါတယ်။ ရာသီလာစဉ် နာကျင်ကိုက်ခဲရာမှာ ပထမတမျိုးကတော့ ရာသီစလာပြီး (အပျိုဖော်ဝင်ပြီး) သုံးနှစ်အတွင်း ခံစားခဲ့ရင် Primary Dysmenorrhoea ရှေးဦးပထမရာသီလာစဉ်ကိုက်ခဲခြင်းဖြစ်ပြီး၊ အခြားရောဂါအခံရှိလို့ ဥပမာ သားအိမ်အသားပိုအလုံးရှိလို့ သားအိမ်အမြှေးပါး ပုံမှန်မဟုတ်ဘဲ သားအိမ်အပြင်ဘက် အခြားနေရာများမှာ ရှိတဲ့အခါ၊ ဆင့်ပွားရာသီလာစဉ်ကိုက်ခဲခြင်း Secondary Dysmenorrhoea လို့ ခေါ်ပါတယ်။ ပထမအမျိုးအစားကတော့ ရောဂါအခံဘာမျှမရှိဘဲ နာကျင်ကိုက်ခဲတတ်ပြီး သားဥကြွေချိန်မှာ ပိုနာလေ့ရှိပါတယ်။ အသက်၂၅နှစ်အောက်အရွယ် အမျိုးသမီးလေးတွေမှာ ဖြစ်လေ့ရှိပါတယ်။ တချို့ဆိုရင် အိမ်ထောင်ကျပြီး သားသမီးရတာတောင် နာကျင်ကိုက်ခဲတာ ခံစားရတတ်တယ်လို့ ဆိုပါတယ်။ အမျိုးသမီးများရဲ့ သုံးပုံတပုံဟာ ဒီဝေဒနာကို ခံစားရတတ်ပါတယ်။

❑ ဘာကြောင့် ရာသီလာစဉ် နာကျင်ကိုက်ခဲရပါသလဲ

လေ့လာချက်အရ ရှေးဦးပထမရာသီလာစဉ် ကိုက်ခဲရတဲ့ အမျိုးသမီးလေးတွေ ရာသီသွေးဆင်းချိန်မှာ ပရိုစတာဂလက်ဒင်ဟော်မုန်း အလွန်အမင်းထွက်လာတဲ့အတွက် အဲဒီဟော်မုန်းကို ထိခိုက်ခံစားလွယ်ကာ တအားနာကျင်ကိုက်ခဲရခြင်းဖြစ်တယ်လို့ သိရပါတယ်။ ပရိုစတာဂလက်ဒင်ဟော်မုန်းဟာ ကလေးမီးဖွားနေစဉ်ထွက်တဲ့ ဟော်မုန်းများအနက် တမျိုးဖြစ်ပြီး သားအိမ်ကျုံ့စေဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဟော်မုန်းဟာ သားအိမ်ကြွက်သားတွေကို ကျုံ့စေခြင်းဖြင့် ကြွက်တက်သလို နာကျင်ကိုက်ခဲလာရခြင်း ဖြစ်စေပါတယ်။

❑ ရာသီလာစဉ် ကိုက်ခဲရတဲ့ ဝေဒနာများကတော့

ရာသီလာစဉ် နာကျင်ကိုက်ခဲတတ်တဲ့ အမျိုးသမီးတွေဟာ ရာသီသွေးဆင်းတဲ့ (၃)ရက်အတောအတွင်း ဗိုက်အလွန်အောင့်ခြင်း၊ ဆီးစပ်ကိုက်ခဲခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ဆီးမကြာခဏသွားခြင်း၊ ချွေးထွက်များခြင်း၊ ဆီးစပ်နဲ့ ခါးအောက်ပိုင်း နာကျင်ကိုက်ခဲတာဟာ ပေါင်များအပေါ်ပိုင်းတလျှောက်နဲ့ ခါးဆီသို့တိုင် ပျံ့ကာ နာကျင်စေပါတယ်။ ဒါ့အပြင် ဝမ်းဗိုက်တင်းနေခြင်း၊ ခါးနာခြင်း၊ မအီမသာဖြစ်ကာ ပျို့အန်ခြင်း စတဲ့ ဝေဒနာတွေခံစားရကာ အိပ်ရာက မထနိုင်အောင် ခံစားကြရရှာပါတယ်။

❑ ဆရာဝန်နဲ့ ပြသင့်သလား

မကြာသေးမီကမှ အပျိုဖော်ဝင်ပြီး ရာသီသွေးစဆင်းတယ်။ ရာသီသွေးဆင်းနေစဉ် နာကျင်ကိုက်ခဲခြင်း၊အဆင်မပြေ ကသိကအောင့်ဖြစ်တာတွေရှိလာရင် အဲဒီဝေဒနာတွေကို အောင့်မထားသင့်ပါ။ တချို့အမျိုးသမီးတွေဟာ အကိုက်အခဲပျောက်ဆေးတွေ ကိုယ့်ဘာသာကိုယ် ဝယ်သောက်ပြီး ဝေဒနာကို ကြိတ်ခံစားရလေ့ရှိပါတယ်။ အမှန်တော့ ရာသီလာစဉ် နာကျင်ကိုက်ခဲခြင်းက ဟော်မုန်းကြောင့် သိပ်နာရတာဖြစ်သလို၊ သားအိမ်ရောဂါများကြောင့်လည်း နာကျင်ကိုက်ခဲတတ်တာမို့ အက်(စ်)ပရင်လို ဆေးပြားသောက်နေခဲ့ရင် ခေတ္တခဏတော့ ကိုက်တာ၊ ခဲတာ၊ နာကျင်တာ သက်သာသွားစေပေမယ့် ရေရှည်မှာ သားအိမ်နဲ့ပတ်သက်လို့ ရောဂါအခံရှိနေရင် မူလရောဂါကို မပေါ်လွင်စေဘဲ နှောင့်နှေးဟန့်တားထားသလိုဖြစ်ကာ ရာသီသွေးဆင်းတာ အနည်းအများ၊ ကိုက်ခဲရခြင်းစတဲ့ ပြောင်းလဲမှုတွေကို ချက်ချင်းမသိဘဲ၊ ရာမတွေ့ဘဲဖြစ်မှာ စိုးရိမ်ရတဲ့အတွက် အကိုက်အခဲပျောက်ဆေး သောက်လျက်နဲ့ မသက်သာဘူးဆိုရင် ဆရာဝန်နဲ့ ပြကိုပြသင့်ပါတယ်။

❑ ဆရာဝန်က ဘာတွေလုပ်ပေးနိုင်ပါသလဲ

ရာသီလာစဉ် နာကျင်ကိုက်ခဲတာဟာ အဖြစ်များတဲ့ မီးယပ်ဆိုင်ရာဝေဒနာပါပဲ၊ အမျိုးသမီးတိုင်း ဒီဝေဒနာ နည်းနည်းပါးပါးတော့ ခံစားဖူးကြတာချည်းပဲ။ အသက်အရွယ်ရလာရင် သူ့ဘာသာသူ ပျောက်သွားလိမ့်မယ်။ ကလေးရရင် ပျောက်သွားလိမ့်မယ်"စတဲ့ ယုံကြည်ချက်တွေနဲ့ မဟန့်တားသင့်ပါဘူး။ အချို့သော ဆရာဝန်များကလည်း အမျိုးသမီးတွေ ရာသီလာစဉ် နာကျင်ကိုက်ခဲတာကို စိတ်ပိုင်းဆိုင်ရာ ပြဿနာကြောင့်လို့ ပြောကြပါတယ်။ တချို့ကလည်း ပရိုစတာဂလက်ဒင် ဟော်မုန်း ထွက်တာများလို့ဆိုပြီး၊ ပရိုစတာဂလက်ဒင် မထွက်အောင် တားဆီးဟန့်တားပေးတဲ့ဆေးတွေ စမ်းပြီး ပေးလေ့ရှိတတ်ပါတယ်။ ရာသီလာတဲ့ ပထမနှစ်ရက်၊ သုံးရက်လောက်မှာ ဒီဟော်မုန်းဆေးပြားတွေ သောက်ထားဖို့လိုပါတယ်။ တချို့သောဆရာဝန်များကလည်း ပဋိသန္ဓေတားဆေးတွေကို မကြာခဏပေးလေ့ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၎င်းတားဆေးတွေဟာ သားဥထုတ်လုပ်တာကို ဟန့်တားပေးပြီး၊ ဟော်မုန်းမျှခြေကိုလည်း ပြောင်းလဲစေပါတယ်။ သို့သော် အမျိုးသမီးငယ်တွေမှာ ဒီပဋိသန္ဓေတားဆေးတွေကို မပေးသင့်ပါဘူး။ ဒီဆေးတွေဟာ သွေးလှည့်ပတ်မှု ပြဿနာများကို ဖြစ်စေနိုင်တဲ့အပြင် အီစထရိုဂျင်ဟော်မုန်းနဲ့ နှစ်ပေါင်းများစွာ ထိတွေ့မှုရနိုင်လို့ ဖြစ်ပါတယ်။

ရာသီသွေးဆင်းစဉ် နာကျင်ကိုက်ခဲမှုဝေဒနာ ခံစားရတာ နှစ်ပေါင်းကြာလာရင် ရောဂါရှာဖွေသင့်ပါပြီ။ ဘာရောဂါကြောင့်လဲဆိုတာ ရှာဖွေဖော်ထုတ်ပြီး လိုအပ်တဲ့ကုသမှုကို ခံယူရမှာဖြစ်ပါတယ်။

❑ ရာသီလာစဉ် နာကျင်ကိုက်ခဲလာရင် ကိုယ်တိုင်လုပ်ပေးနိုင်တာကတော့

(၁) ရေနွေးပုလင်း (သို့) ရေနွေးအိတ်ကပ်ပေးနိုင်ပါတယ်။

(၂) အိပ်ရာထဲမှာ အနားယူပါ။ ■

ဒေါက်တာရည်ညွန့်မေ

Health Digest

အတွဲ(၃) အမှတ်(၂၀)

မာသာထရီဆာ

လင်းယုန်မောင်မောင်

မာသာထရီဆာ၏ အံ့မခန်းလောက်စရာ စေတနာ့ဝန်ထမ်း ကုသိုလ်ဖြစ် ကယ်ဆယ်ရေးလုပ်ငန်းများ

(ယခင်လမှအဆက် ...)

၁၉၅၄ ခုနှစ် မိုးရာသီအတွင်း စွတ်စိုထိုင်းမှိုင်းနေသော နေ့တနေ့၌ အဝတ်အစားဗလာ ကိုယ်လုံးတီးဖြင့် အသက်၁၃နှစ်၊ ၁၄ နှစ်အရွယ် သူတောင်းစားကလေး တယောက်သည် ကလကတ္တားမြို့ လူနေရပ်ကွက်တခု၏ လမ်းဘေးတနေရာတွင် အစာရေစာငတ်ပြတ်သည့် ဝေဒနာဖြင့် ခွေခွေကလေးလဲကျကာ သေအံ့မူးမူး ဖြစ်နေခဲ့ရာသည်။ ဤတွင် အနီးအနားရှိ အိမ်တအိမ်က သက်ဆိုင်ရာတာဝန်ရှိသူများထံ ဖုန်းဆက်အကြောင်းကြားလိုက်ရာမှ သူနာပြုကားတစီး ရောက်ရှိလာပြီး အသက်ငင်နေသော သူတောင်းစားကလေးအား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ သို့သော် ထိုသူတောင်းစားကလေးမှာ ခိုကိုးရာမဲ့ တကောင်ကြွက်မျက်နှာငယ်ကလေး ဖြစ်နေသည့်ပြင်၊ ထိုကလေးအတွက် တာဝန်ယူမည့်ပုဂ္ဂိုလ် တဦးတယောက်မျှ ပါမလာသဖြင့်၊ ဆေးဖိုးဝါးခ ပေးနိုင်မည့် အလားအလာမရှိသော ထိုသူတောင်းစားကလေးအား ဆေးရုံက လက်မခံဘဲ ပြန်လွှတ်ခဲ့ရာ၊ ထိုကလေးငယ်အား သူနာပြုကားဖြင့် မူလခေါ်ဆောင်လာခဲ့သည့် လမ်းဘေးသို့ပင် ပြန်ပို့ပေးခဲ့သည်။

များမကြာမီ နာရီပိုင်းအတွင်း ထိုကလေးငယ်မှာ သေဆုံးခဲ့ရာ၊ တယ်လီဖုန်းဆက်ပေးသော အိမ်မှတဆင့် သတင်းစကား ပျံ့သွားပြီး နောက်တနေ့ထုတ် သတင်းစာများတွင် ထိုသတင်း ပါလာခဲ့သည်။ ဤတွင် ကလကတ္တား တမြို့လုံး အုတ်အော်သောင်းတင်းဖြစ်သွားခဲ့ပြီး လူ့ဘဝတွင် လူသားစင်စစ် ဖြစ်ပါလျက် လူလိုမနေ၊ လူလိုမသေရဘဲ တိရိစ္ဆာန်တကောင်လို သေသွားခဲ့ရရှာသော ထိုကလေးငယ်အကြောင်း တမြို့လုံး ပြောမဆုံးအောင် ဖြစ်သွားခဲ့ကြသည်။

ထိုသတင်းကို အကြောင်းပြု၍ လောလောဆယ် အစာရေစာပြတ်၍ ငတ်မွတ်ခေါင်းပါးမှုဒဏ်နှင့် ရောဂါဝေဒနာခံစားရပြီး လမ်းဘေးပလက်ဖောင်းများနှင့် အမှိုက်ပုံများထဲတွင် ကြေကွဲဖွယ်ရာ အတိဒုက္ခရောက်နေကြရှာသည့် ဆင်းရဲသား နင်းပြားများကို ကုသိုလ်အဖြစ် ကယ်ဆယ်စောင့်ရှောက် ထောက်ပံ့အားပေးနေသည့် မာသာထရီဆာ၏ စေတနာ့ဝန်ထမ်း ပရဟိတလုပ်ငန်းများ၏ အရေးပါပုံကို ကလကတ္တားမြို့သူမြို့သားအားလုံး နားလည်သဘောပေါက်ခဲ့ကြသည်။

ထိုသူတောင်းစားကလေး၏ ကြေကွဲဖွယ်ရာ အဖြစ်အပျက်ဖြစ်ပွားခဲ့ပြီး ရက်များမကြာမီ မာသာထရီဆာကိုယ်တိုင် သည့်ထက်ပို၍ ရင်နာစရာဖြစ်ရပ် တခုကို ကြုံတွေ့ခဲ့ရပါသည်။ ထိုနေ့က မာသာထရီဆာသည် တနေရာမှ တနေရာသို့ အလုပ်ကိစ္စတခုဖြင့် သွားလာနေခိုက် လမ်းဘေးတနေရာတွင် လူများတကာ၏ စွန့်ပစ်ခြင်းခံရသည့် အမျိုးသမီးတယောက်အား ဝေဒနာမချိမဆံ့ ခံစားရပြီး သေအံ့ဆဲဆဲ ဖြစ်နေရှာသည်ကို တွေ့လိုက်ရသည်။ အမျိုးသမီးမှာ လုံးဝ သတိလက်လွတ်ဖြစ်ကာ အသက်ငင်နေခဲ့ရာ သူမ၏ ခြေထောက်နှင့် လက်များကို ကြွက်များက ကိုက်စားနေခဲ့ပြီး တကိုယ်လုံး ပုရွက်ဆိတ်များက တက်နေခဲ့ပါသည်။ သို့ဖြင့် မာသာထရီဆာသည် သူမ၏ ခန္ဓာကိုယ်မှ မြင်မကောင်းဖြစ်နေသည့် ဒဏ်ရာများကို မရွံမရှာ သုတ်သင်ပြုစု၍ သူမအား ဆေးရုံသို့ ကြင်နာယုယစွာ ပို့ဆောင်ပေးခဲ့သည်။ သို့သော် ဆေးရုံတာဝန်ခံများက သေလုမြောပါး ဖြစ်နေသော ထိုလူနာအမျိုးသမီးအား ရုတ်တရက် လက်မခံဘဲ နှင်ထုတ်ခဲ့ရာ မာသာထရီဆာက ထိုအမျိုးသမီးကို လက်မခံလျှင် မိမိ ထိုဆေးရုံမှ မပြန်ဟု တင်းခံဆန္ဒပြခဲ့သဖြင့် နောက်ဆုံး၌ မာသာထရီဆာပြန်သွားစေရန် ထိုလူနာအမျိုးသမီးအား လက်ခံလိုက်ပါသည်။

မာသာထရီဆာသည် ထိုနေ့မှာပင် သက်ဆိုင်ရာ မြူနီစီပယ်အာဏာများထံသို့ သွားရောက်၍ အဖြစ်အပျက်များကို ပြောပြကာ ထိုသို့ မျှော်လင့်ချက် မရှိသေးသည့် သေလုမြောပါး လူနာအား လက်ခံပြုစုနိုင်ရန် နေရာတခု စီစဉ်ပေးဖို့ မေတ္တာရပ်ခံခဲ့ပါသည်။ သက်ဆိုင်ရာ မြူနီစီပယ် အာဏာပိုင်များသည် အထက်အရာရှိများ၏ ငြိုငြင်မှု ခံရမည်ကို တဖက်က ကြောက်ရွံ့နေကြသည်။ တချိန်တည်းတွင် သတင်းစာများက ဝေဖန်ရေးသားကြမည်ကိုလည်း စိုးရိမ်နေကြသည်။ ထို့ပြင် မာသာထရီဆာ၏ ကုသိုလ်ဖြင့် စေတနာ့ဝန်ထမ်း ကယ်ဆယ်ရေးလုပ်ငန်းများအကြောင်းကိုလည်း ယုံကြည်လေးစားမှု ရှိနေကြပြီ ဖြစ်သည်။

သို့ဖြင့် နောက်ဆုံး၌ မြူနီစီပယ်အာဏာပိုင်များသည် မိမိမြို့တွင်းမှ ဆင်းရဲသားနင်းပြားများ အမိုးအကာမဲ့သည့် လမ်းများပေါ်တွင် တိရိစ္ဆာန်များပမာ ခွေးသေဝက်သေ သေကြရမည်ကို အပြောအဆို အငြိုအငြင် ခံရမည့်အရေးတွေးမိသဖြင့် မာသာထရီဆာ တောင်းဆိုသည့်အတိုင်း ခိုကိုးရာမဲ့ ရောဂါသည်လူအများကို လက်ခံထားရှိရန် ဟိန္ဒူဘုရား ကာလီနတ်သမီး၏ ကျောင်းဆောင်ဟောင်းတခုမှ တွဲဖက်အဆောက်အအုံကို အသုံးပြုဖို့ ခွင့်ပြုခဲ့သည်။

အဆိုပါ ကာလီနတ်သမီး ကျောင်းဆောင်ဟောင်းမှ အဆောက်အအုံတခုကို အသုံးပြုခွင့် ရလိုက်သည့်အတွက် မာသာထရီဆာမှာ အကြီးအကျယ် ဝမ်းမြောက်သွားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ထိုကျောင်းဆောင်မှာ ဟိန္ဒူလူမျိုးများ ဘာသာရေးအရ အထွတ်အမြတ်ထားသည့် နေရာတခုဖြစ်၍ ဘုရားဝတ်ပြုရန်အတွက် လည်းကောင်း၊ အသုဘ ဈာပနများ သင်္ဂြိုဟ်ရန်အတွက်လည်းကောင်း၊ နေ့စဉ်လိုလို အဝင်အထွက်များသည့်နေရာ ဖြစ်သည့်အတွက် ထိုနေရာကိုဗဟိုပြု၍ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်မည်ဆိုပါက ပြည်သူလူထုအတွင်း မိမိတို့၏ စေတနာ့ဝန်ထမ်း ပရဟိတ ကယ်ဆယ်ရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်ထိရောက်အောင်မြင်မည်ကို ကြိုတင်တွေးတော ယူဆသောကြောင့် ဖြစ်သည်။ အထူးသဖြင့် သက်ဆိုင်ရာအာဏာပိုင်များက မာသာထရီဆာ၏ စေတနာ့ဝန်ထမ်း ပရဟိတလုပ်ငန်းများအတွက် အသုံးပြုရန် ပေးအပ်ခဲ့သည့် အခန်းကျယ်ကြီး နှစ်ခန်းမှာ ယခင်က ကာလီနတ်သမီး ကျောင်းသို့ ဘုရားဝတ်ပြုရန် လာရောက်ကြသည့် ဘုရားဖူးများအတွက် တည်းခိုနားနေရာ အဆောင်ဖြစ်ရာ၊ နေရာထိုင်ခင်း ကျယ်ပြန့်သည်နှင့်အမျှ လေကောင်းလေသန့်ရရှိသည့် အခန်းများဖြစ်သောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ မာသာထရီဆာကိုယ်တိုင်က 'ဒီဟိန္ဒူဘုရားရှိခိုးကျောင်းဟာ အင်မတန်နာမည်ကြီးပါတယ်။ လူတွေဟာ ဒီနေရာကို ဘုရားဝတ်ပြုဖို့နဲ့ အနားယူအပမ်းဖြေဖို့ အမြဲတမ်း ဝင်ထွက်စည်ကားနေခဲ့ပါတယ်။ ဒါကြောင့် ဒီနေရာဟာ ဆင်ရဲသား ဒုက္ခသည်တွေအတွက် မသေခင် ဝေဒနာခံစားရချိန်ကလေးမှာ ကောင်းကင်ဘုံမရောက်ခင် အေးအေးချမ်းချမ်းနဲ့ အနားယူသွားနိုင်မယ့် နေရာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာကို ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံပြီး ၂၄ နာရီအတွင်း နေရာထိုင်ခင်းအတွက် အမြန်ဆုံး ရှင်းလင်းခဲ့ပါတယ်'ဟူ၍ ဖွင့်ဟပြောကြားခဲ့ပါသည်။

မကြာမီ ရက်ပိုင်းအတွင်း ကာလီနတ်သမီးဘုရားကျောင်းဝင်းအတွင်း မာသာထရီဆာ၏ စေတနာ့ဝန်ထမ်း ကုသိုလ်ဖြစ် ကယ်ဆယ်ရေးအဖွဲ့ ဝင်များနှင့် လှုပ်ရှားစည်ကားလာခဲ့သည်။ မာသာထရီဆာ ခေါင်းဆောင်သော ဆာရီအဖြူဝတ်စုံ များဖြင့် ကယ်ဆယ်ရေးဝန်ထမ်း အမျိုးသမီးကလေးများသည် ကလကတ္တားမြို့တွင်း နေရာအနှံ့အပြား လမ်းကြိုလမ်းကြားမှမကျန်း မမာ ရောဂါဝေဒနာ ခံစားနေရရှာသည့် လူနာများ၊ အစာရေစာငတ်ပြတ်နေကြသည့် သူတောင်းစား သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၊ မိသားစု၏ စွန့်ပစ်ခြင်း ခံရသည့် အပယ်ခံအနာကြီး လူနာများ၊ ဆေးရုံများမှ လက်မခံဘဲ နှင်ချလိုက်သည့် သေခါနီး လူနာများအား မိမိတို့၏ ခိုကိုးရာ ဒုက္ခသည်စခန်းသို့ ဂရုတစိုက် ပွေ့ပိုက်ခေါ်ဆောင်လာခဲ့ကြပြီး ရှိရှိသမျှ ဆေးဝါးများဖြင့် အတတ်နိုင်ဆုံး ပြုစုကုသစောင့်ရှောက် အားပေးခဲ့ကြသည်။ ထိုသို့ ပြုစုစောင့်ရှောက်ကုသခဲ့ရာ၌ စားဆေး၊ သောက်ဆေး၊ ထိုးဆေးများဖြင့် ရောဂါပျောက်ကင်းခဲ့သူများရှိသလို ဆေးဝါးကုသ၍ မရနိုင်လောက်အောင် ရောဂါကျွမ်းသဖြင့် အသက်ဆုံးရှုံးခဲ့ကြ သူများလည်း ရှိခဲ့သည်။

မာသာထရီဆာသည် ထိုသို့ ရောဂါဝေဒနာဖြင့် သေဆုံးသွားခဲ့သူများအား သူတို့ ယုံကြည်ကိုးကွယ်သည့် ဘာသာထုံးတမ်း ဓလေ့အတိုင်း သင်္ဂြိုဟ်ပေးခဲ့သည်။ ဟိန္ဒူဘာသာဝင်တယောက်ဖြစ်ပါက မသေမီ ဂင်္ဂါမြစ်မှ ရေကြည်တပေါက်ကို သောက်သုံးနိုင်ရန်လည်းကောင်း၊ မူဆလင်ဘာသာဝင်တယောက်ဖြစ်ပါက 'ကိုရန်' ကျမ်းစာများကို ဖတ်ကြားပေးခြင်းဖြင့်လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင် တယောက်ဖြစ်ပါက ခရစ်တော်၏ သမ္မာကျမ်းစာများကို ဖတ်ကြားနာယူ စေခြင်းဖြင့်လည်းကောင်း၊ ဘာသာရေးထုံးစံ အတိုင်း ဆောင်ရွက်ပေးခြင်းဖြင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာ သိက္ခာရှိရှိ သေနိုင်ရန် စီစဉ်ပေးခဲ့သည်။ ထိုသို့ ဘာသာအယူဝါဒမရွေး၊ ဆင်းရဲချမ်းသာမရွေး အစွမ်းကုန် ကူညီ စောင့်ရှောက် ထောက်ပံ့ပြုစုခဲ့ သည့်အတွက် မာသာထရီဆာ၏ ကုသိုလ်ဖြစ် စေတနာ့ဝန်ထမ်းအဖွဲ့၏ အမည်သတင်းမှာ ကလကတ္တား တမြို့လုံး ပျံ့နှံ့ထင်ရှား ကျော်ကြားလာခဲ့သည်။

'လူတွေဟာ မသေခင်က လူ့ဘဝမှာ တိရိစ္ဆာန်လို နေခဲ့ရပေမယ့် သေတဲ့အခါမှာတော့ နတ်သမီးနတ်သားတွေလို လှလှပပ သေနိုင်ဖို့ လိုပါတယ်'ဟူ၍ မာသာထရီဆာက အနေလှဖို့ထက် အသေလှဖို့က အရေးကြီးကြောင်း အလေးအနက် ပြောကြားခဲ့သည်။ သို့ဖြစ်၍လည်း တသက်လုံး အိပ်ယာခင်းဖြင့် မအိပ်ခဲ့ဖူးသော လူနာတယောက်သည် သေအံ့ဆဲဆဲတွင် အိပ်ယာနေရာများခင်း၍ သေရတော့မည်ကို သိရသောအခါ အခုလိုဆိုတော့ ကျွန်တော်ဟာ လူလိုသေနိုင်ပါပြီဟူ၍ ဖွင့်ဟပြောကြားသွားသူများ ရှိခဲ့သည်။ မာသာထရီဆာ၏ ကုသိုလ်ဖြစ် ပရဟိတ စေတနာ့ဝန်ထမ်း အလုပ်များတွင် အထူးဦးစားပေး၍ ဆောင်ရွက်ခဲ့သည့် အခြားလုပ်ငန်းတခုမှာ ကလေးသူငယ်များ

ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းဖြစ်သည်။ ကလကတ္တားမြို့ ဆာကူလာလမ်းပေါ်မှာ မာသာထရီဆာ၏ ဂေဟာနှင့် ကိုက်နှစ်ရာ၊ သုံးရာခန့်အကွာတွင် (SHI SHU BHAVAN) အမည်ဖြင့် ကလေးဂေဟာကို ၁၉၅၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ကလကတ္တားမြို့တွင် ခိုကိုးရာမဲ့ ဒုက္ခသည် ကလေးများ၏ အရေအတွက် မရေတွက်နိုင်အောင် ပေါများလှသည်ကို မာသာထရီဆာ သတိပြုမိသည်။ မိဘမဲ့ကလေးများ၊ ရောဂါဝေဒနာ ခံစားနေရသည့် ကလေးများ၊ ခြေလက်အင်္ဂါမစုံသည့် ဒုက္ခိတကလေးများ၊ မွေးရာပါ စိတ်ရောဂါသည် ကလေးများ စသည်ဖြင့် ခိုကိုးရာမဲ့ ဒုက္ခသည်ကလေးများ ရပ်ကွက်တိုင်းတွင် ပေါများလှသည်။ ထိုကလေးများအား ကယ်ဆယ်စောင့်ရှောက်ရေးအတွက် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများ ယခင်က ရှိခဲ့ပြီးဖြစ်သည်။ သို့သော် နေ့စဉ်နှင့်အမျှ တိုးပွားနေသော ခိုကိုးရာမဲ့ဒုက္ခသည်ကလေးများ၏ အရေအတွက်မှာ တနေ့တခြား များပြားလာခဲ့ရာ ကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့များမှာ မနိုင်မနင်း ဖြစ်နေခဲ့သည်။

သို့ဖြစ်ရာ မာသာထရီဆာသည် ခိုကိုးရာမဲ့ ဒုက္ခသည်ကလေးများအတွက် အသစ်ဖွင့်လှစ်လိုက်သော ကလေးများဂေဟာတွင် ကလေးများကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းကို အားကြိုးမာန်တက် လုပ်ဆောင်ခဲ့သည်။အထူးသဖြင့် ကလကတ္တားမြို့ နေရာအနှံ့အပြားတွင် မွေးကင်းစကလေးငယ်များအား စွန့်ပစ်ထားကြသည့် အလေ့အထမှာ ခေတ်စားပေါများလှသည်။ လူဦးရေ အဆမတန်ထူထပ်လှသည့် မြို့ကြီးတမြို့ဖြစ်သည့်အလျောက် အကြောင်းအမျိုးမျိုးဖြင့် စွန့်ပစ်ထားကြသည့် ခိုကိုးရာမဲ့ ကလေးများ၏ အရေအတွက်မှာလည်း ကြောက်ခမန်းလိလိ ပေါများလှသည်။ ခြေလက်အင်္ဂါမစုံသည့် ဒုက္ခိတကလေးငယ်များ၊ ခြေလက်အင်္ဂါစုံပါလျက် စီးပွားရေးကြပ်တည်းလှသောကြောင့် ကျွေးမွေးပြုစုရန် မတတ်နိုင်သဖြင့် စွန့်ပစ်ခြင်းခံရသည့် ကလေးငယ်၊ လူနေမှုအဆင့်အတန်း ကွဲပြားခြားနားမှုကြောင့် လုံးဝလက်ထပ်ခြင်းမပြုနိုင်ဘဲ မွေးဖွားလာခဲ့ရသည့် ကလေးငယ်များ စသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် စွန့်ပစ်ခြင်း ခံရရှာသည့် သနားစဖွယ် ကလေးငယ်များမှာ အမှိုက်ပုံများထဲတွင်လည်းကောင်း၊လမ်းဘေး ရေမြောင်းထဲတွင်လည်းကောင်း၊ ဘူတာရုံပလက်ဖောင်းများတွင်လည်းကောင်း နေ့စဉ်နေ့တိုင်း တွေ့ရှိနေကြရသည်။

ထိုသို့ စွန့်ပစ်ခံရသော ကလေးငယ်များအား နေ့စဉ် နေရာအနှံ့ လှည့်လည်သွား လာနေကြသည့် စေတနာ့ဝန်ထမ်း ပရဟိတ ကယ်ဆယ်ရေးဝန်ထမ်း အမျိုးသမီးများက တွေ့ရှိ၍ မာသာထရီဆာ၏ ကလေးများဂေဟာသို့ သယ်ယူလာခဲ့ကြသည်။ အချို့ကလေး များဆိုလျှင် ကာယကံရှင် မိဘနှစ်ပါးကိုယ်တိုင် ကျွေးမွေးစောင့်ရှောက် ပြုစုရန် စီးပွားရေးအရ မတတ်နိုင်သဖြင့် ကလေးများဂေဟာသို့ဝမ်းနည်းပက်လက် မျက်ရည်စက်လက်နှင့် လာရောက်ပို့ဆောင်အပ်နှံခဲ့ကြသည်ကို တွေ့ရသည်။

မာသာထရီဆာ၏ ကလေးများဂေဟာမှ ဒုက္ခသည်ကလေးများအား ကိုယ်ဖိရင်ဖိ စောင့်ရှောက်ပြုစုမှုများမှာ တနေ့တခြား ကျော်ကြားလာခဲ့ရာ နောက်ပိုင်းတွင် တဆင့်စကား တဆင့်နားကြားလာကြရာမှ ခိုကိုးရာမဲ့ ဒုက္ခသည် ကလေးများအား ရဲစခန်းများမှလည်းကောင်း၊ လူမှုရေးအဖွဲ့အစည်းများမှလည်းကောင်း၊ ဆရာဝန်များနှင့် ယုတ်စွအဆုံး ဆေးရုံ များကလည်းကောင်း မာသာထရီဆာ၏ ကလေးများဂေဟာသို့ ပို့ဆောင်ပေးခဲ့ကြသည်။ မာသာထရီဆာသည် အနယ်နယ်အရပ်ရပ်မှ ပေးပို့လာကြသည့် ခိုကိုးရာမဲ့ ဒုက္ခသည်ကလေးငယ်များအား "မယ်တော်ထရီဆာ" ဟူသောအမည်နှင့် လိုက်လျောညီအောင်ပင် မိခင်ရင်းပမာ ဂရုတစိုက် ပြုစုစောင့်ရှောက်ခဲ့သည်။

မည်သို့ဖြစ်စေ မာသာထရီဆာသည် သူမ၏ဘဝကို သာသနာပြုကုသိုလ်ဖြစ် ပရဟိတ ကယ်ဆယ်ရေးလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်သွားရန် သန္နိဋ္ဌာန်ချခဲ့ပြီးဖြစ်ရာ ၁၉၄၈ခုနှစ်ကပင် အိန္ဒိယနိုင်ငံသားအဖြစ် တရားဝင် ခံယူခဲ့သည်။ ထိုအချိန်မှစ၍ မာသာထရီဆာသည် အိန္ဒိယနိုင်ငံတွင် မွေးဖွားလာသည့် ကလေးမှန်သမျှ မိမိ၏ရင်၌ဖြစ်သော သားသမီးများပမာ ယူဆသတ်မှတ်ခဲ့ပြီး ဖြစ်ရာ ခိုကိုးရာမဲ့ ဒုက္ခသည်ကလေးများ စောင့်ရှောက်ရေးလုပ်ငန်းမှာ သူမ၏စိတ်ဓာတ်နှင့် လိုက်လျောညီစွာ တသားတည်း၊ တထပ်တည်း ကျနေခဲ့သည်။ မာသာထရီဆာသည် ခိုကိုးရာမဲ့ ကလေးငယ်များအား ရောဂါဘယများ ပျောက်ကင်းသည်အထိ စောင့်ရှောက်ကုသပေးခဲ့ပြီး၊ အကယ်၍ သူတို့၏မိဘများက ပြန်လည်ခေါ်ယူစောင့်ရှောက်ကျွေးမွေးရန် တာဝန်ယူခဲ့ပါက ထိုကလေးငယ်များအား မိဘအရင်းများထံ ပြန်လည်ပေးအပ်ခဲ့သည်။ ကျန်ရှိနေသော ကလေးများကိုလည်း မွေးစားလိုသူများရှိပါက ဟိန္ဒူကလေးငယ်များအား ဟိန္ဒူဘာသာဝင်များထံသို့လည်းကောင်း၊ ခရစ်ယာန်ကလေးငယ်များအား ခရစ်ယာန်ဘာသာဝင်များထံသို့လည်းကောင်း အပိုင်မွေးစားရန် ပေးအပ်ခဲ့သည်။

ထိုမျှမက ဂေဟာတွင် ဆက်လက်ကျန်ရှိနေသူများကိုလည်း ကျန်းမာရေးနှင့် ပညာသင်ကြားရေးအတွက်ပါ တာဝန်ယူခဲ့ယုံမျှမက လူလားမြောက်၍ အရွယ်ရောက်လာပြီး အိမ်ထောင်ပြုလိုသူများကိုလည်း သင့်လျော်ရာအမျိုးသားများနှင့် အိမ်ထောင်ချပေးခြင်းဖြင့် လူ့လောက လူ့ဘဝထဲသို့ တဖန်ပြန်ရောက်အောင် လုပ်ဆောင်ပေးခဲ့သည်။

မာသာထရီဆာအဖို့ အထူးစိတ်မချမ်းမြေ့စရာ ဖြစ်ခဲ့ရသည်မှာ အချိန်မတိုင်မီ နေ့မစေ့ လမစေ့ဘဲ မွေးဖွားလာသည့် ကလေးများနှင့် သားသမီးမလိုချင်၍ သန္ဓေသားဖျက်ချရာမှ လူ့လောကထဲသို့ ရောက်လာကြသည့် ကလေးများမှာ များသောအားဖြင့် ကလေးများဂေဟာသို့ရောက်ပြီး နာရီပိုင်းမျှသာ အသက်ရှင်၍ သေဆုံးခဲ့ကြသောကြောင့် ဖြစ်သည်။

မည်သို့ဖြစ်စေ ထိုသို့သော ကလေးများနှင့်ပတ်သက်၍ မာသာထရီဆာက 'ကျွန်မတို့ ကလေးများဂေဟာကို ဘယ်လောက်ဘဲ အချိန်နောက်ကျပြီးမှ ရောက်လာပါစေ၊ ရောက်လာတဲ့ ကလေးမှန်သမျှကို ကြိုဆိုလက်ခံပါတယ်' ဟူ၍ အတိအလင်း ပြောကြားခဲ့ပါသည်။ ဤနေရာတွင် မာသာထရီဆာ၏ အယူအဆမှာ လူ့ဘဝထဲသို့ရောက်ပြီးမှ ဂရုတစိုက် ပြုစုစောင့်ရှောက်မှု လုံးဝမခံရဘဲ မလှမပ သေဆုံးသွားရသည့်အဖြစ်မျိုးကို မရောက်စေရန်ပင် ဖြစ်သည်။ အထူးသဖြင့် သေအံ့ဆဲဆဲ အချိန်လေးတွင် သေခြင်းတရားကို ငြိမ်းချမ်းစွာ ရင်ဆိုင်နိုင်ရေးကို ရည်ရွယ်ခြင်းဖြစ်သည်။

စင်စစ် လူမျိုးရေးနှင့် ဘာသာရေးအရ ဇာတ်နိမ့်သူ၊ ဇာတ်မြင့်သူဟူ၍ အယုတ်အမြတ် လူတန်းစားခွဲခြားမှု စိတ်ဓာတ်ပြင်းပြလှသော အိန္ဒိယနိုင်ငံတွင် ဘာသာမရွေး၊ လူမျိုးမရွေး၊ အဆင့်အတန်းမခွဲခြားဘဲ ဆင်းရဲသားနင်းပြားမှန်သမျှ ကယ်ဆယ်စောင့်ရှောက်ရေးများကို လုပ်ဆောင်ရသည်မှာ မာသာထရီဆာအတွက် လွယ်လွယ်ကူကူဖြင့် လုပ်ကိုင်နိုင်ခဲ့ခြင်းမဟုတ်ဘဲ၊ အခက်အခဲနှင့် အတားအဆီးပေါင်း မြောက်များစွာတို့ကို ခက်ခက်ခဲခဲ ဇွဲနပဲဖြင့် ကျော်လွှားခဲ့ရသည်။ ဥပမာအားဖြင့် မာသာထရီဆာ၏ ဒုက္ခသည်များ ဂေဟာကို စတင်ဖွင့်လှစ်ခဲ့စဉ်က ရပ်ကွက်အတွင်းမှ အထက်တန်းလွှာများက အပြင်းအထန် ကန့်ကွက်ခဲ့ကြသည်။ မိမိတို့ရပ်ကွက်အတွင်း ပုတ်လှောင်နံစော်နေသည့် အနံ့အသက်များ တထောင်းထောင်းဖြင့် ယင်တလောင်းလောင်း မြင်မကောင်းအောင် ဖြစ်နေကြသည့် ရောဂါသည် ဝေဒနာရှင်များအား ခေါက်တုံ့ခေါက်ပြန် သယ်ယူပို့ဆောင်နေကြသည့် အနိဋ္ဌာရုံမြင်ကွင်းများကို မမြင်လိုမတွေ့လိုကြသဖြင့် သက်ဆိုင်ရာ အာဏာပိုင်များထံစာရေး၍လည်းကောင်း၊ လူကိုယ်တိုင်သွားရောက်၍လည်းကောင်း တိုင်တန်းကန့်ကွက်ခဲ့ကြသည်။

သို့ဖြင့် သက်ဆိုင်ရာ အာဏာပိုင်များ၏ အမိန့်အရ ရဲအရာရှိချုပ်ကိုယ်တိုင် မာသာထရီဆာ၏ ဒုက္ခသည်ဂေဟာ ဆေးခန်းများသို့ လာရောက်စစ်ဆေးခဲ့သည်။ ထိုဆေးခန်းများတွင် မာသာထရီဆာကိုယ်တိုင် ဦးစီးကာ ကုသိုလ်ဖြစ် ပရဟိတ ကယ်ဆယ်ရေးအဖွဲ့ဝင် သီလရှင်ကလေးများက ဆေးရုံမှ သူနာပြုများထက်ပင် ကြင်နာယုယစွာ ပိုက်ထွေး၍ ရောဂါသည် ဝေဒနာရှင်များအား ဖေးဖေးမမ စောင့်ရှောက်ကုသပေးနေကြသည်များကို မြင်တွေ့ရသောအခါ ရဲအရာရှိချုပ်ကိုယ်တိုင် တအံ့တသြ ဖြစ်သွားခဲ့သည်။

ထိုရဲအရာရှိချုပ်မှာ မူလကပင် မာသာထရီဆာ၏ ကုသိုလ်ဖြစ် စေတနာ့ဝန်ထမ်းကယ်ဆယ်ရေးလုပ်ငန်းများကိုလေးစားနေသူဖြစ်၍၊ ယခုကဲ့သို့ အံ့သြဖွယ်ရာ စေတနာအပြည့်အဝဖြင့် ဆောင်ရွက်နေကြသည်ကို မြင်ရသောအခါ မည်သို့မျှ အရေးမယူရုံမျှမက ရပ်ကွက်တွင်းမှ တိုင်တန်းသူများအား ခေါ်ယူ၍ 'ခင်ဗျားတို့ရဲ့ တိုင်ကြားချက်အရ ဒီကုသိုလ်ဖြစ်ဆေးပေးခန်းက သီလရှင်တွေကို နှင်ထုတ်ပေးပါ့မယ်။ ဒါပေမဲ့ ဒီမှာရှိနေတဲ့ ဝေဒနာရှင်ရောဂါသည်တွေကို ဆက်လက်ပြုစုဖို့ ခင်ဗျားတို့မိခင်များ၊ နှမများကိုယ်တိုင် သီလရှင်များကိုယ်စား သူနာပြုလုပ်ငန်းတွေ လုပ်ပေးဖို့ တိုက်တွန်းနှိုးဆော်ပေးကြပါ'ဟု ပြောကြားခဲ့ရာ ရပ်ကွက်တွင်းမှ တယောက်မျှ ထွက်မလာဘဲ ဖြစ်ခဲ့သည်။

ထို့ပြင် လူမျိုးရေးနှင့် ဘာသာရေး ကွဲပြားမှုများကို အခြေခံ၍ ယခုကဲ့သို့ ကာလီနတ်သမီး၏ ဟိန္ဒူဘာသာ ဘုရားရှိခိုးကျောင်းပရိဝုဏ်အတွင်း ခရစ်ယာန် ကက်သလစ်ဘာသာဝင် မာသာထရီဆာ၏ ကယ်ဆယ်ရေးဂေဟာ ဖွင့်လှစ်ပေးထားသည်ကိုလည်း အချို့သော ဟိန္ဒူဘာသာရေးခေါင်းဆောင် လူကြီးများက မကျေမနပ်ဖြစ်နေခဲ့ကြသည်။ သို့သော် မာသာထရီဆာ၏ ဖြူစင်သန့်ရှင်းစွာ ဘာသာမရွေး၊ လူမျိုးမရွေး ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ဆောင်ချက်တရပ်ကို တွေ့လိုက်ကြရသဖြင့် ကျေနပ်သွားခဲ့ကြသည်။

ထိုဖြစ်ရပ်မှာ အဆုတ်နာရောဂါ ဖိစီးနှိပ်စက်သည့်ဝေဒနာ ခံစားနေရသော ဟိန္ဒူဘုန်းတော်ကြီး တပါးသည် အဆုတ်နာရောဂါကု ဆေးရုံသို့ ရောက်ရှိသွားခဲ့သည်။ သို့သော် ဆေးရုံတာဝန်ခံများက ဘုန်းတော်ကြီး၏ အဆုတ်နာရောဂါမှာ ကျွမ်းနေပြီးဟုဆိုကာ လက်မခံဘဲ ပြန်လွှတ်လိုက်သည်။ ဤတွင် မာသာထရီဆာက ရောဂါရှင် ဘုန်းတော်ကြီးအား သူမ၏ ဒုက္ခသည်ဆေးခန်းသို့ ခေါ်ဆောင်လာခဲ့သည်။ သို့သော် ရောဂါမှာ အချိန်နှောင်းနေပြီဖြစ်၍ အစွမ်းကုန် ပြုစုကုသနေသည့်ကြားမှ ဘုန်းတော်ကြီးမှာ ပျံလွန်တော်မူသွားခဲ့သည်။ ဤတွင် မာသာထရီဆာကိုယ်တိုင် ဦးစီး၍ ဘုန်းတော်ကြီး၏ ရုပ်ကလာပ်ကို ဟိန္ဒူဘာသာဝင်တို့၏ ထုံးစံအတိုင်း စနစ်တကျ သင်္ဂြိုဟ်ပေးခဲ့ရာ စောစောက မာသာထရီဆာအပေါ် လူမျိုးရေး၊ ဘာသာရေး အစွဲအလမ်းဖြင့် မကျေမချမ်း ဖြစ်နေကြသော ရပ်ကွက်တွင်း ဟိန္ဒူဘာသာဝင်အားလုံး ကျေနပ်မှုရသွားခဲ့ကြသည်။

မာသာထရီဆာသည် ရောဂါသည် ဝေဒနာရှင်များအနက် ကိုယ်ရေပြားရောဂါသည်များကို အထူးဦးစားပေး ဂရုစိုက်ခဲ့သည်။ ၎င်းတို့၏ဘဝမှာ မိဘ၊ ဆွေမျိုးသားချင်း၊ ပတ်ဝန်းကျင် မိတ်ဆွေ အပေါင်းအသင်းများ၏ ဝိုင်းပယ်ခြင်းကိုသာမက လူ့လောကကြီးတခုလုံးမှ လူသားအားလုံး၏ စွန့်ပစ်ခြင်းခံရသည့် အပယ်ခံများဖြစ်ရာ တသက်တာ လူရာမဝင်၊ လူတောမတိုးနိုင်အောင် ဖြစ်နေခဲ့ကြသည်။ ထိုသို့ ဆိုးရွားလှသည့် ရောဂါဝေဒနာ၏ ဖိစီးနှိပ်စက်မှု ဒဏ်များအပြင် ပတ်ဝန်းကျင်၏ စွန့်ပစ်ခြင်းခံရသည့် အပယ်ခံဘဝသို့ ရောက်ရှိခံစားနေခဲ့ရာမှ အသက်ရှင်နေနိုင်ရေးအတွက် အစားအာဟာရများ နေ့စဉ် အချိန်မှန်မှီဝဲရန်အတွက်ပင် အခက်တွေ့နေခဲ့ကြသည်။ သူတပါးထံမှ အသနားခံ၍ တောင်းရမ်းစားသောက်ရသည့် သူတောင်းစားဘဝမှာပင် ကိုယ်ရေပြားရောဂါသည် သူတောင်းစားများမှာ တောင်းရမ်းစားသောက်၍ မရနိုင်လောက်အောင် အခက်အခဲတွေ့ခဲ့ကြရသည်။

သို့ဖြစ်ရာ မာသာထရီဆာ၏ ကုသိုလ်ဖြစ် သာသနာပြု ပရဟိတ စောင့်ရှောက်ရေးအဖွဲ့ဝင်များသည် ကလကတ္တားတမြို့လုံးမှ ကိုယ်ရေပြားရောဂါ ဝေဒနာရှင်များအား မိမိတို့ ဒုက္ခသည်စခန်းသို့ ခဲခဲယဉ်းယဉ်း ခေါ်ဆောင်လာခဲ့ကြပြီး ရောဂါဝေဒနာ သက်သာအောင် မရှုံ့မရှာ ပွေ့ပိုက်ပြုစုခဲ့ကြသည့်ပြင်၊ ၎င်းတို့၏ စားရေးသောက်ရေးအတွက် ပရဟိတ ကယ်ဆယ်ရေးအဖွဲ့ဝင် သီလရှင်ကလေးများကိုယ်တိုင် မြို့တွင်းရှိ ဈေးကြီးဈေးငယ်များ၊ စတိုးဆိုင်ကြီးငယ်များနှင့် သဒ္ဓါတရားထက်သန်သည့် စေတနာရှင်များထံသို့ တနေကုန်တနေခန်း လှည့်လည် တောင်းရမ်း အလှူခံ၍ ချက်ပြုတ်ကျွေးမွေး ပြုစုခဲ့ရသည်။

ကလကတ္တားမြို့တွင် မာသာထရီဆာ၏ ကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ယူထောက်ပံ့ခဲ့ရသည့် ကိုယ်ရေပြားရောဂါသည်များ၏ ဒုက္ခသည်စခန်းမှာ တခုတည်းမဟုတ်ဘဲ အားလုံးစုစုပေါင်း ရှစ်ခုမျှ ရှိခဲ့သည်။ မာသာထရီဆာ၏ ကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့ဝင် သီလရှင်ကလေးများသည် မြို့တွင်းမှ လှည့်လည်အလှူခံ၍ ရလာခဲ့သော ဆန်၊ ဆီနှင့် ဂျုံ၊ ပဲ၊ ဟင်းသီးဟင်းရွက် စသည်များကို ချက်ပြုတ်၍ ပုပ်ရဟန်းမင်းကြီး လှူဒါန်းထားသော မော်တော်ယာဉ်ဖြင့် တင်ဆောင်ကာ ကိုယ်ရေပြား ဒုက္ခသည်စခန်းရှစ်ခုသို့ နေ့စဉ် လှည့်လည်သွားရောက်၍ ကျွေးမွေး ပြုစုခဲ့ရသည်။

ထိုစခန်း ရှစ်ခုတွင် ကိုယ်ရေပြားရောဂါရှင် လူမမာပေါင်း ၁၃,၀၀၀ (တသောင်း သုံးထောင်) ရှိသည်ဟု သိရသည်။

မာသာထရီဆာနှင့် အပေါင်းပါ သီလရှင်ကလေးများ၏ စေတနာ၊ မေတ္တာနှင့် ကရုဏာကို အခြေခံသော ကုသိုလ်ဖြစ် ပရဟိတ ကယ်ဆယ်ရေးလုပ်ငန်းများမှာ အမှန်တကယ်ပင် အံ့မခန်းလောက်စရာများပါတကား။

(ရှေ့လဆက်ဖတ်ပါရန်)

စောင့်ကြည့်

မြင့်အောင်သန့်



(၁)

(၁၀)နှစ်သားကတည်းက တွေ့ခဲ့ရတဲ့မျက်နှာတွေကို ခုချိန်ထိ မှတ်မိနေတယ်။ ကျောင်းသား၊ အလုပ်သမား၊ သူဌေး၊ ဆင်းရဲသား၊ တော်လှန်ရေးသမား၊ နိုင်ငံရေးသမား၊ ဝန်ထမ်း၊ စာရေးဆရာ၊ ထောင်မှူး၊ လူယုတ်မာ၊ လူသူတော်ကောင်း။

မျက်နှာတွေ့လိုက်တာနဲ့ အဲဒီလူကို သိပ်မစဉ်းစားရဘဲ တွေ့တဲ့နေရာ၊ မျက်နှာထား၊ ပြောစကား၊ ဟန်ပန်တွေ မျက်စိထဲ တကွက်ခြင်းပေါ်လာတယ်။

(၂)

၁၉၇၉ခု၊ ကျနော်တို့ စိတ်ပညာမိုင်နာယူထားတဲ့ကျောင်းသားတွေ (၈)မိုင်မှာရှိတဲ့ စိတ္တဇဆေးရုံကို လေ့လာရေးသွားကြတယ်။

အမျိုးသမီးက အသက် ၂၀ လောက်၊ ဖြူသီရဲ့သီချင်းကို အမူအရာတွေ၊ သံနေသံထားတွေနဲ့ ဆိုနေတယ်။ ရုပ်ကောအသံပါ မဆိုးလှ။ ကျောင်းသားတွေ၊ ဆရာမတွေ ဝိုင်းအုံအားပေးနေတုန်း ဖြန်းဆို ထမီကိုချွတ်ချလိုက်တယ်။ ဟဲ့ ... ဟဲ့ လုပ်ကြပါဦးဆိုပြီး မိန်းကလေးတွေ ထွက်ပြေးကြတယ်။ သူ့ကို နပ်စ်မတွေ ဝိုင်းချုပ်ပြီး ခေါ်သွားတယ်။ သူက အဆိုတော်ရူးရူးနေတာတဲ့။

နောက်အမျိုးသမီးတယောက်က ကိုကို့ကိုတွေ့ပြီ၊ ကိုကို့ကိုတွေ့ပြီဆိုပြီး သူငယ်ချင်းမောင်မောင်ဇော်ရဲ့လက်ကို အတင်းလိုက်ဆွဲတယ်။ မောင်မောင်ဇော်ခမျာ ရှက်ပြီး မျက်နှာကိုနီရဲလို့။

ရုပ်ရည်သန့်သန့်နဲ့ လူတယောက်က အင်္ဂလိပ်စကားကို မွတ်နေအောင်ပြောနေတယ်။ နိုင်ငံခြားသားများ ပြောနေသလားထင်ရတယ်။ သဒ္ဒါရော လေယူလေသိမ်းပါ အမှားမယွင်းမရှိ၊ ချောလို့။ ဒါပေမယ့် သူ့စကားတွေက ရှေ့နောက်ကိုက်ညီမှုမရှိဘူး။ ဖောက်ပြန်နေတယ်၊ ပါရဂူရူး ရူးနေတာလို့ ဆရာဝန်က ရှင်းပြတယ်။

တယောက်ကအရပ်ရှည်ရှည်၊ ဆံပင်စုတ်ဖွာဖွာ၊ မျက်မှန်ထူထူ၊ တတောင်လောက်ရှိတဲ့ ထင်းရှူးသေတ္တာပေါ် မတ်တတ်ရပ်ပြီး နိုင်ငံရေးတရားတွေ အာခေါင်အာရင်းသန်သန်နဲ့ ဟောပြောနေတယ်။ သူမပါရင် ဘယ်ဟာမှမပြီးဆိုတဲ့ ထင်တလုံးမျက်နှာပေးနဲ့၊ မျက်လုံးက တဖက်သားကို အထင်မကြီးဘူးဆိုတဲ့မျက်လုံး၊ ဘယ်သွားသွား ထင်းရှူးသေတ္တာကို လက်ကမချဘူး၊ သူကအာဏာရူး။

စိတ်မနှံ့တဲ့ ယောကျ်ား၊ မိန်းမတွေ လက်ဝါးဖြန့်ပြီး ပိုက်ဆံငါးပြားလောက်၊ ပိုက်ဆံငါးပြားလောက် လိုက်တောင်းတယ်။ ဒီထက် ပိုမတောင်းဘူး။ နပ်စ်မတွေက သွားမပေးနဲ့၊ တယောက်ပေးလိုက်ရင် အားလုံးပြုံပြီး ရောက်လာကြရောတဲ့။ အဲဒါ ဘယ်လိုသဘောလဲလို့ နပ်စ်မချောချောလေးကိုမေးပြီးမေးတော့ သူကလက်ခါပြီးပြုံးနေတယ်။ အဲဒီနပ်စ်မလေးရဲ့မျက်နှာကို ခုထိ မျက်စိထဲကမထွက်ဘူး။

"အမလေး"လို့ အသံကြားလို့ လှည့်ကြည့်လိုက်တော့ သူငယ်ချင်း ကယားမလေး၊ ယောကျ်ားကြီးတယောက်က လက်ထဲမှာ ဒူးယားစက္ကူဖူးထဲက စက္ကူတွေ အထပ်လိုက်ကိုင်ပြီး ပိုက်ဆံတွေယူမလား၊ ပိုက်ဆံတွေယူမလားဆိုပြီး သူ့ကို အတင်းလိုက်ပေးနေတယ်။ ပိုက်ဆံယူမလားမေးတာနဲ့ နင်ကဘာဖြစ်လို့ ထွက်ပြေးရတာလဲမေးတော့ 'ငါက အဲသလိုလူတွေ ရွံတယ်ဟဲ့'လို့ ပြန်ပြောတယ်၊ သူက ဥစ္စာရူးလေ။

ဒီအခန်းက ဂန္ထဝင်မမတွေ ငြိမ်လှချည်လား။ အုန်းဆံထုသူထု၊ သိုးမွေးထိုး၊ စက်ချုပ်သူချုပ် အလုပ်ကိုယ်စီနဲ့။ စိတ်တည်ငြိမ်အောင် အလုပ်တခုလုပ်နေတာ အကောင်းဆုံးလို့ တာဝန်ကျဆရာဝန်က ရှင်းပြတယ်။

'ဒီဘက်ကို မိန်းကလေးတွေ မလာနဲ့နော်'လို့ နပ်စ်မတယောက်က ခြေဖျားထောက်ပြီး အော်ဟစ်နေတယ်။ သံတိုင်တွေကာထားတဲ့ အချုပ်ခန်းထဲမှာ အဝတ်ဗလာနဲ့ ဗလကောင်းကောင်းလူတယောက်။ သူ့ကိုယ်သူ သတ်သေဖို့ အမြဲကြံစည်နေလို့ အခန်းထဲ ထည့်ထားရတာ။ ဘာပစ္စည်းမှ သူ့အနားထားလို့မရဘူး။ စိတ်ကျရောဂါ။ သံတိုင်အောက်က ထိုးပေးတဲ့ ထမင်းပန်းကန်ကို အပြင်ဘက် အတင်းပြန်တွန်းထုတ်နေတယ်။

(၃)

စိတ်ပညာအသင်းနဲ့ ကျနော်တို့ မြန်မာစာအသင်း ဘောလုံးကန်တော့ ကျနော်က နောက်တန်း နံပါတ်(၄)၊ အတန်းထဲက မိန်းကလေးတွေလည်း အားပေးဖို့ လိုက်လာကြတယ်။ ကျနော်နဲ့ အမြဲရင်ဆိုင်တွေ့တဲ့လူက ဘယ်တောင်ပံရှေ့တန်းနံပါတ်(၁၁)၊ သဘောကောင်းတဲ့ရုပ်မျိုး၊ ထောင်ထောင်မောင်းမောင်းခပ်ဝဝ။ ပေါင် ၁၆၀ လောက် ရှိမယ်ထင်တယ်။ ကျနော်က ပေါင် ၁၁၀ ပဲရှိတယ်။ သူသယ်လာတဲ့ဘောလုံးကို မနားတမ်း ကြုံးကြုံးပြီးကန်လို့ တဘုံးဘုံးနဲ့ လဲနေတယ်။ လဲတာနဲ့ လူးလဲပြီးပြန်ထတယ်။ မျက်နှာက စိတ်ဆိုးဟန်မပြ။ မခံနိုင်တာက စိတ်ပညာအသင်းက မိန်းကလေးတွေ။ နံပါတ် (၄) ဘောလုံးမကန်ဘူး၊ လူပဲချနေတယ်လို့ ဒေါသတကြီး အော်ဟစ်ကြိမ်းမောင်းနေတယ်။ ဒီပွဲမှာ ကံကောင်းထောက်မလို့ တဂိုးဂိုးမရှိနဲ့ နိုင်လိုက်တယ်။ ဘောလုံးပွဲပြီးတော့ ကျောင်းထဲမှာ နံပါတ်(၁၁)ကို မကြာခဏပြန်တွေ့တယ်။ ကျနော်မျက်နှာပူပေမယ့် သူကတော့ မှတ်မိပုံတောင်မရဘူး။ နံပါတ် (၁၁)ရဲ့ မျက်နှာကို ယနေ့ထိ မှတ်မိနေတယ်။

(၄)

စစ်ကြောရေးတာဝန်ကျလို့ ဝင်လာတာလား၊ ဒါမှမဟုတ် တမင်ရစ်ချင်လို့လားမသိ။ စစ်ကြောရေးခန်းထဲကို မကြားဝံ့မနာသာ ဆဲဆိုပြီး ဝင်လာတယ်။ အရက်နံ့က ထောင်းထောင်းထနေတယ်။ အသိဉာဏ်နည်းပါးတဲ့ ရုပ်လက္ခဏာမျိုး၊ အသားလတ်လတ် မပိန်မဝ။ ယူနီဖောင်းမဝတ်ဘဲ အရပ်ဝတ်နဲ့။ အင်္ကျီဖြူ လည်ကတုံး၊ ပုဆိုးအကွက် ခပ်နွမ်းနွမ်းကို ဝတ်ထားတယ်။ ကုလားထိုင်မှာ ထိုင်ထိုင်ချင်း 'ငါ့ဇာတိက နတ်မောက်ကွ'လို့ ပြောတယ်။ စိတ်ထဲက 'အော် ဗိုလ်ချုပ်တို့မြို့မှာလည်း ဒီလိုလူစားတွေရှိပါလား'ဆိုတဲ့ မျက်လုံးနဲ့ စိုက်ကြည့်လိုက်မိတယ်လို့ ထင်တယ်။ မျက်နှာလွှဲပြီး ဝုန်းကနဲ ထပြန်ထွက်သွားတယ်။ အဲဒီတုန်းက ကျနော့်မျက်လုံးတွေကို ဘယ်လိုမှ ပြန်ပုံဖော်ကြည့်လို့မရဘူး။

(၅)

ပြန်စဉ်းစားစရာမလိုဘဲ မျက်စိထဲ မကြာခဏပေါ်ပေါ်လာတာက တွေဝေသော၊ ဒေါသကြီးသော၊ တစောက်ကန်းနိုင်သော၊ ခွဲပါးသော၊ ယုံကြည်ချက်ကြီးမားသော၊ သူများကို အထင်မကြီးသလို ကိုယ့်ကိုယ်ကိုယ်လည်း အထင်မကြီးသော၊ အတ္တနည်းသူ အရွယ်မရွေးလေးစားသော၊ အလှအပခံစားတတ်သော၊ မာနကြီးသော၊ ခေါင်းမာသော ကျနော်ရေးခဲ့တဲ့ "အရည်ပျော်သွားတယ်" ဝတ္ထုတိုထဲက ဇာတ်ကောင်၊ နောက်ဆုံး တွေ့လိုက်ရတာက မြေနီ ကုန်းတော်လှန်ရေးပန်းခြံဘက်၊ ခေါင်းငိုက်စိုက်နဲ့ လျှောက်သွားတဲ့ ရုပ်ပုံလွှာ။

(၆)

ပုပ်ရဟန်းမင်းကြီး ဘန်နာဒစ်က ကမ္ဘာကြီးမှာ မတရားမှုတွေ၊ အကြမ်းဖက်မှုတွေ၊ ဘာသာရေးတယူသန်မှုတွေ တနေ့တခြား တိုးပွားနေတယ်။ အရေးကြီးတာက ငြိမ်းချမ်းရေးပဲဖြစ်တယ်။ ရုပ်ပိုင်းဆိုင်ရာတွေ တိုးတက်နေပေမယ့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေ ရှိနေသေးတယ်တဲ့။

(၇)

ရုရှားနိုင်ငံရဲ့ ရက်ရက်စက်စက် ချေမှုန်းမှုကြောင့် ချေချင်းညာဟာ စိစိညက်ညက်ကြေပြီး ချွတ်ခြုံကျနေတယ်။ လူတွေဟာ ခေါင်းကိုက်ခေါင်းခဲနဲ့ တခြားအမည်ဖော်မရတဲ့ရောဂါတွေ ဖြစ်ပွားနေတယ်။ ဒါဟာ စိတ်ပိုင်းဆိုင်ရာ အခြေအနေများကြောင့်လို့ လေ့လာ စောင့်ကြည့်တဲ့ ဆရာဝန်တွေက ထုတ်ဖော်ပြောကြားတယ်။

(၈)

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့၊ လူ့အခွင့်အရေး စောင့်ကြည့်သူများ၊ အမေရိကန်၊ ဥရောပ၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ထိုင်း၊ အရှေ့တောင်အာရှနိုင်ငံတွေက စောင့်ကြည့်နေတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ကလည်း စောင့်ကြည့်နေတယ်။ ကမ္ဘာ့ကုလသမဂ္ဂကြီးကလည်း စောင့်ကြည့်ဆဲပါ။

(၉)

နှစ်သစ်မှာ အားလုံးကျန်းမာဖို့ လိုပါတယ်။ အစားအသောက်ကို မျှတစွာ စားသောက်ပါ။ နှစ်ခြိုက်စွာ အိပ်စက်အနားယူပါ။ နေ့စဉ်နာရီဝက်ခန့် လေ့ကျင့်ခန်းပြုလုပ်ပါ။ ကိုယ့်ရောဂါ ကိုယ်သိအောင် ကြိုးစားပါ။ ရောဂါကို မွေးမထားပါနဲ့၊ ဆရာဝန်နဲ့ အချိန်မီကုသပါ။ ဆေးမီးတိုများ လမ်းဘေးဆေးဆိုင်များကို အားမကိုးပါနဲ့။ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တတွေ နည်းနိုင်သမျှ နည်းအောင် ကျင့်ကြံကြပါ။

(၁၀)

ကိုယ်တယောက်တည်းမဟုတ်ပါ။ ကမ္ဘာကြီးကိုယ်တိုင် စောင့်ကြည့်ခြင်းခံနေရတယ်။ စောင့်ကြည့်လေ့လာ ဝေဖန်အကဲခတ်သုံးသပ်မှုများ၊ စိစစ်စူးစမ်းထောက်လှမ်း နားစွင့်ခွဲခြမ်းစိတ်ဖြာ စနည်းနာမှုများ တနေ့တခြား ပေါများနေတယ်။ ဒါတွေတကယ့်လက်တွေ့မှာ အကျိုးရှိသလား၊ မရှိဘူးလားဆိုတာကိုတော့ ...။ ■

မြင့်အောင်သန့်



မှားပါတယ်

အဲမိန်လား

အင်္ဂလန်နိုင်ငံအခြေစိုက် မျက်စိအထူးကု မစ်ရှင်အဖွဲ့တဖွဲ့ဟာ ထိုင်း-မြန်မာနယ်စပ်က မယ်တော်ဆေးခန်းမှာ ၁၉၉၅ခုနှစ်ကစပြီး အခမဲ့မျက်စိ ခွဲစိတ်ကုသမှု လာရောက်ပြုလုပ်ပေးပါတယ်။ မျက်စိလာခွဲကြတဲ့ လူအများစုဟာ မြန်မာပြည်က ဆင်းရဲချို့တဲ့ကြတဲ့ သက်ကြီးရွယ်အိုတွေ ဖြစ်ကြတယ်။ မျက်စိခွဲဖို့ သတ်မှတ်ထားတဲ့ရက်ကတော့ တကြိမ်မှာ အနည်းဆုံး(၁၀)ရက်ဖြစ်ပြီး မျက်စိဝေဒနာရှင်(၁၀၀)လောက်ကို အမှတ်စဉ်အလိုက် ခွဲစိတ်ကုသပေးပါတယ်။ မျက်စိလာခွဲတဲ့ အဖိုးအဖွားတွေထဲက အဖွားအိုတယောက်ဟာ မျက်စိခွဲဖို့ သူ့ရဲ့အမှတ်စဉ်နံပါတ်ဟာ (၉၉)ဖြစ်နေတယ်။ ဒီတော့ အတော့်ကို မျက်စိခွဲချင်နေတဲ့ အဲဒီအဖွားဟာ ဆေးခန်းက သတ်မှတ်ထားတဲ့ ရက်အတွင်းမှာ သူ့မျက်စိမခွဲရမှာကို အတော်လေးစိုးရိမ်နေတယ်။ ဒါနဲ့ သူ့ရဲ့လူနာစောင့်ကိုခေါ်ပြီး မယ်တော်ဆေးခန်းရဲ့ လူမှုဆက်ဆံရေးဌာနကိုသွားပြီး အဲဒီဌာနရဲ့ တာ ဝန်ရှိသူတဦးဖြစ်တဲ့ စောအုန်းစိန်ကို "ဆရာ ... အဖွားအလှည့်က (၉၉)ဆိုတော့ အများကြီးစောင့်ရဦးမယ်၊ အခုသတ်မှတ်ထားတာကလည်း (၁၀)ရက်ပဲဆိုတော့ အဖွားမျက်စိခွဲဖို့ မီပါ့မလား၊ မခွဲရရင်တော့ဒုက္ခပဲ၊ မြန်မာပြည်ကနေ နောက်တခေါက်လာဖို့ဆိုတာကလည်း မလွယ်ဘူး၊ အဖွားကို အရင်ခွဲဖို့ ပြောပေးပါလား"လို့ ဆိုတော့ ရီစရာ မောစရာတွေ ပြောရတာကို အလွန်ဝါသနာပါတဲ့ စောအုန်းစိန်ရဲ့အဖြေကြောင့် မျက်စိလာခွဲကြတဲ့ အဖိုးအဖွားတွေနဲ့ လူနာစောင့်တွေဟာ ဝါးလုံးကွဲ ပွဲကျသွားပါတော့တယ်။ စောအုန်းစိန်ဖြေလိုက်တာကတော့ "အဖွား ဘာမှမပူနဲ့၊ စိတ်ချလက်ချသာ စောင့်ပါ၊ စာရင်းမှာပါတဲ့ လူတွေ အားလုံးခွဲရမယ်၊ အခုမျက်စိလာခွဲပေးတဲ့ အင်္ဂလိပ်ဆရာဝန်တွေဟာ မျက်စိခွဲတဲ့နေရာမှာ ဘာမြန်သလဲမပြောနဲ့၊ ဟောတယောက် ဟောတယောက်နဲ့၊ ငါးချေးဖောက်တာကတောင် ကြာဦးမယ်" ဆိုတာပါပဲ။ ■



ဝမ်းပျက်ဝမ်းလျှောရောဂါ (သို့မဟုတ်) အထက်လှန်အောက်လျှောရောဂါ

ပါမောက္ခဦးလှမြင့်ထွန်း

ဝမ်းပျက်၊ ဝမ်းလျှောရောဂါသည် ကမ္ဘာပေါ်ရှိ ငါးနှစ်အောက်ကလေးများတွင် အဖြစ်အများဆုံးသော ရောဂါဖြစ်၏။ ကလေးငယ်တယောက်သည် တနှစ်တာအတွင်း ခြောက်ကြိမ်မှ ကိုးကြိမ်အထိ အနည်းနှင့်အများ ဝမ်းပျက်ဝမ်းလျှောတတ်ကြ၏။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်သော ကလေးငယ်များ၏ ထက်ဝက်ခန့်သည် အသက်တနှစ်အောက် ကလေးများဖြစ်ပြီး ဝမ်းသွားသူ၏ လေးပုံသုံးပုံသော ကလေးများသည် အသက်နှစ်နှစ်အောက် ဖြစ်ကြသည်။ ကလေးကြီးများတွင် ဝမ်းပျက်တတ်သည့်အကြိမ် နည်းပါးသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် တနှစ်တာလုံး ဖြစ်တတ်သော်လည်း နွေရာသီနှင့်ဆောင်းတွင်း၌ အဖြစ်များတတ်၏။ နွေကာလ၌ ဖြစ်သောဝမ်းရောဂါသည် ဆောင်းတွင်းကာလထက် ပိုဖြစ်တတ်သည်။ နွေကာလ၌ နေကပူပူ၊ ရေလည်းဆာဆာ၊ ဝမ်းနူးစာကလည်းများသဖြင့် ဝမ်းလျှောရောဂါ အဖြစ်များတတ်ကြသည်။ ဆောင်းတွင်းကာလတွင် နွေကဲ့သို့ နေမပူဘဲ အေးပါလျှက်နှင့် ဝမ်းပျက်ရခြင်းသည် ဗိုင်းရပ်(စ်)ပိုးကြောင့်ဖြစ်သော ရောဂါများကြောင့် အဖြစ်များရသည်။

ဝမ်းပျက်ပြီဆိုရင်ဖြင့် ဝမ်းတွင်း သွေးစက်ကလေးများ ပါမပါ ကြည့်ရပေမည်။ သွေးစက်ကလေးများ မမြင်ရပါက ၎င်းဝမ်းသွားခြင်းကို Acute Watery diarrhoea (ရုတ်တရက် ဝမ်းပျက်ဝမ်းလျှောရောဂါ)ဟု သတ်မှတ်ပြီး ဝမ်းတွင်သွေးစများ တွေ့မြင်ရပါက ၎င်းကို Bloody diarrhoea (Dysentry) (သွေးဝမ်းကိုက်ခြင်း) ဟု မှတ်ယူကြရသည်။ ယခုဆောင်းပါးတွင် ရုတ်တရက် အထက်လှန်အောက်လျှော (ဝါ) ဝမ်းပျက်ဝမ်းလျှောရောဂါကိုဆွေးနွေးတင်ပြလိုပါသည်။ ဝမ်းပျက်ပြီဆိုပါလျှင် ဝမ်းလျှောရုံသက်သက်ဝမ်းလျှောသည်မဟုတ်၊အော့အန်ခြင်းလည်း ဖြစ်တတ်သေးသည်။ **ဝမ်းလျှောမှုသက်သက်ဆိုလျှင် ကလေးငယ်သည် သိပ်မပင်ပန်းလှ။ အထက်ပါအတိုင်း လှန်အန်ပါက သောက်ပစ်လိုက်သော ဓာတ်ဆားရည်၊ စားလိုက်သော အစားအစာများ ပါထွက်သွားသည့် အတွက် အန္တရာယ်ပိုကြီးသည်။** ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကလေးငယ်များတွင် အဖြစ်အများဆုံး မှန်သော်လည်း အသက်အန္တရာယ်ပေးရာတွင် ရုတ်တရက်အသက်ရှုလမ်းကြောင်း ပိုးဝင်ခြင်း ARI လောက်မဆိုးလှပေ။ အဘယ်ကြောင့်ဆိုသော် ORS အိုအာအက်စ် (Oral Rehydration Solution) ဓာတ်ဆားရည်ကြောင့် ဖြစ်ပါသည်။ ဓာတ်ဆားရည် အသုံးမပြုခင်ကာလ ၁၉၇၀ ပြည့်နှစ် အရင်နှစ်များကဆိုလျှင် ဝမ်းပျက်ဝမ်းလျှောခြင်းသည် အဖြစ်အများဆုံးနှင့် အသက်အန္တရာယ်အပေးဆုံးသော ရောဂါဖြစ်၏။ ၎င်းနောက် ORT အိုအာတီ (Oral Rehydration Solution therapy)ဟု ခေါ်သော ဓာတ်ဆားရည်အား ပါးစပ်မှသောက်၍လည်းကောင်း၊ မသောက်နိုင်သော ကလေးများအား နှာခေါင်းပိုက်ပြွန်နှင့် ထည့်၍လည်းကောင်း စနစ်တကျ ဖြည့်တင်းပေးခြင်းဖြင့် ၎င်းကလေး၏ ဓာတ်ဆားရည် လျော့နည်းမှုကို အချိန်မီ ပြုပြင်ပေးနိုင်ပေသည်။ အသက်ချမ်းသာရစေပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းများကို ကြည့်လျှင်–

၁။ အစာလမ်းကြောင်းမှ ပိုးဝင်၍သော်လည်းကောင်း

၂။ အစာလမ်းကြောင်း မဟုတ်ဘဲ ကိုယ်ခန္ဓာတွင်း၌ ရောဂါပိုးဝင်သောကြောင့်လည်းကောင်း

၃။ Dietetic အစားအစာ မျှမျှတတ မှန်မှန်ကန်ကန်မစားဘဲ လွန်ကဲလွန်းသောကြောင့်လည်းကောင်း ဖြစ်တတ်ပါသည်။

အစာပြွန်လမ်းကြောင်းတွင်း ပိုးဝင်ခြင်းသည် မည်သည့်ပိုးက အဆိုးဆုံးလဲဟု မေးလျှင် ဗိုင်းရပ်(စ်)ပိုးက အဆိုးဆုံးဖြစ်သည်ဟု ပြောရပေမည်။ (Rota Virus) ရိုတာဗိုင်းရပ်(စ်)သည် ကလေးငယ်၏ ခန္ဓာကိုယ်အတွင်း အဝင်လွယ်၍ ဝမ်းလျှောခြင်းများ ဖြစ်စေသည်။ ဆောင်းရာသီတွင် ဗိုင်းရပ်(စ်)ပိုးများ ပျော်မြူးရာ ရာသီဖြစ်၍ ဝမ်းလျှောခြင်းအဖြစ်များရသည်။ အသက်တနှစ်အောက် အရွယ်ကလေးတို့သည် မိခင်မှပါလာသော ခံနိုင်စွမ်းရည်များ ကျဆင်းချိန်တွင် လေးဖက်သွား၍လည်းကောင်း၊ ဖင်ထိုင်ရက်က တဖုံ၊ မတ်တပ်ရပ်ပြီး ဟိုကိုင်၊ ဒီကိုင်ပြီး မိမိ ပါးစပ်အတွင်းသို့ ရသမျှပစ္စည်း ထည့်တတ်ကြပြန်တော့ ပတ်ဝန်းကျင်တွင် များပြားစွာရှိနေသော ရိုတာဗိုင်းရပ်(စ်)ပိုးတို့သည် ကလေး၏ အစာလမ်းကြောင်းတွင်းသို့ လွယ်ကူစွာ ဝင်ရောက်သွားတော့၏။ မကြာမီကာလတွင် ကလေးငယ်သည် ဝမ်းပျက်လာသည်။ ဓာတ်ဆားရည် ခန်းခြောက်ပြီး မအီမသာရှိလာသည်။ တခါတရံချောင်းဆိုးလာပြီးဓာတ် ဆားရည်ပြန်မဖြည့်ပါက ရေခန်းခြောက်ရောဂါနှင့် အန္တရာယ်ဖြစ်နိုင်သေးသည်။ သို့သော်လည်း ၅–ရက်၊ ၆–ရက်ကြာလျှင် ၎င်းဝမ်းပျက်ခြင်းသည် သူ့အလိုအလျောက် ပျောက်၍ သွားတတ်သေးသည်။ ၎င်းရိုတာအပြင် အခြားဖြစ်တတ်သော ဘက်တီးရီးယားပိုးမှာ E.Coli (အီးကိုလိုင်) ဘက်တီးရီးယားပိုးဖြစ်သည်။ E.Coli သည် အမျိုးမျိုးရှိပြီး ၎င်းသည်လည်း ကလေး၏အစာပြွန်လမ်းကြောင်းသို့ ဝင်ရောက်ရန် လွယ်ကူပြီး ဝမ်းပျက်ဝမ်းလျှောဖြစ်ရန်လည်း လွယ်ကူလှပေသည်။

အစားအစာ မမှန်ကန်မှု၊ အချိုးအစားမကျနမှု၊ လွန်ကဲစွာ စားသုံးမှုတို့က ကလေးတွေကို ဒုက္ခပေးတတ်ပါတယ်။ **မွေးကင်းစ ခြောက်လသားအရွယ်ကလေးငယ်၏ အစားအစာမှာ မိခင်၏ နို့ရည်ဖြစ်၏။** မိခင်က အသက် ငယ်ငယ်ရွယ်ရွယ်၊ ကျန်းမာရေးလည်း ကောင်းလျက်နှင့် အကြောင်းအမျိုးမျိုးကြောင့် မိခင်နို့ရည်မတိုက်ကျွေးဘဲ အခြားနို့များကို တိုက်ကျွေးခြင်းက အမှားတခုဖြစ်ပါသည်။ နွားနို့ကို ကလေးကြီးထွားစေလို၍ အချိုးအစားပိုတိုက်လျှင်လည်းမကောင်း၊ ခြိုးခြံချွေတာလို၍ နို့မှုန့်ကို လျှော့ထည့်ပြီး တိုက်ကျွေးလျှင်လည်း ဝမ်းပျက်ဝမ်းလျှော ဖြစ်တတ်သေး၏။ **ဖြည့်စွက်စာ ကျွေးရမည့်အရွယ်တွင် ဖြည့်စွက်စာ မကျွေးဘဲ နို့ကိုသာ ဖိတိုက်နေပါက အာဟာရချို့တဲ့ပြီး ဝမ်းပျက်တတ်သေး၏။**

ဝမ်းလျှောရောဂါဖြစ်လာပြီဟုဆိုလျှင် ကလေးငယ်တွင် ဖြစ်ပေါ်လာသော အပြောင်းအလဲကို မိဘများ အထူးသိအပ်လှပါသည်။ အန်ပြီး ဝမ်းပျက်ဝမ်းလျှောပါက ခန္ဓာကိုယ်အတွင်းမှ ရေလျော့နည်းခြင်း၊ ဓာတ်ဆားချို့တဲ့ခြင်းများ လျင်မြန်စွာဖြစ်ပေါ်စေသည်။ အဓိက ကိုယ်အလေးချိန်နှင့်တွက်ဆ၍ အဆင့်သတ်မှတ်နိုင်သည်။ ခန္ဓာကိုယ်အလေးချိန် ၅ရာခိုင်နှုန်းလျော့နည်းခြင်းကို (No dehydration) ရေခန်းခြောက်ခြင်းမရှိ အဆင့်(၁) သတ်မှတ်ပြီး ရေဆုံးရှုံးခြင်း (50ml/kg/day) ဖြစ်ပေါ်သည်။ ကိုယ်အလေးချိန် ၅–၁၀ ရာခိုင်နှုန်းလျော့နည်းခြင်းကို (Some denydration) အချို့တဝက် ရေခန်းခြောက်ခြင်း အဆင့်(၂)သတ်မှတ်၍ ခန္ဓာကိုယ်မှ တနေ့လျှင် ရေ (50-100ml/kg/day) ဆုံးရှုံးခြင်း ဖြစ်စေသည်။ ခန္ဓာကိုယ်အလေးချိန် ၁၀ရာခိုင်နှုန်းအထက် လျော့နည်းလျှင် (Severe dehydration) အလွန်ရေခန်းခြောက်ခြင်းအဆင့် (၃)ဟု သတ်မှတ်ပြီး ခန္ဓာကိုယ်မှ ရေဆုံးရှုံးခြင်း (>100ml/kg/day) ဖြစ်ပေါ်စေသည်။

အဆင့်(၁) ရေခန်းခြောက်ခြင်းမရှိ (No Dehydration)

ကလေးသည် လန်းဆန်းပြီး ရေကို သာမန်သောက်နေကျ အတိုင်း သောက်လိုခြင်း၊ မျက်တွင်းမကျသေးခြင်း၊ ကလေးငယ်၏ လျှာ မခြောက်သွေ့ဘဲ စိုနေခြင်း၊ အရေပြားကို ဆွဲကြည့်လျှင် လျင်မြန်စွာပြန်သွားသလို အရေပြားအတွန့် မဖြစ်ခြင်းကိုကြည့်၍ ၎င်းကလေးတွင် ရေခန်းခြောက်ခြင်းမရှိ၊ ဝမ်းသွားခြင်းသက်သက်သာရှိ၏ဟု မှတ်ယူရမည်။ ၎င်းကလေးငယ်များကို (ဆရာဝန်ထံ) ဆေးရုံသို့ အမြန် သွားရောက်ပြသရန် မလိုသေးချေ။ ဓာတ်ဆားရည်ကို အိမ်တွင်သာ မှန်မှန်တိုက်၍ စားနေကျအစာ မှန်မှန်ကျွေးသင့်သည်။ ထိုကလေးငယ်သည် ဓာတ်ဆားရည်သောက်ပြီး အချိန်တန်လျှင် ရေနှင့်ဓာတ်ဆားပြန်ပြည့်ပြီး ပုံမှန်အနေအထားသို့ ရောက်လိမ့်မည်။

အဆင့်(၂) တချို့တဝက် ရေခန်းခြောက်ခြင်း (Some Dehydration)

၎င်းကလေးငယ်သည် ကြည်လင်မှုမရှိ၊ စိတ်ဆတ်ပြီး ငြိမ်းငြိမ်းချမ်းချမ်း မနေနိုင်၊ မအီမသာဖြင့် တဂျီဂျီလုပ်နေမည်။ ရေကိုမြင်လျှင် ထိန်းမနိုင်သိမ်းမရ အာသာငမ်းငမ်း ရေကိုသောက်လိမ့်မည်။ မျက်တွင်းကျ၍ ချိုင့်ဝင်နေခြင်း၊ လျှာအရေခြောက်နေခြင်း၊ အရေပြားကိုဆွဲကြည့်လျှင် အရေတွန့်သည် တော်တော်နှင့်ပြန်မကျနိုင်ဖြစ်လျှင် ၎င်းကလေးသည် ရေခန်းစပြုပြီဟု မှတ်ယူရမည်။ ၎င်းကလေးငယ်ကို ဓာတ်ဆားရည် မှန်မှန်နှင့် မြန်မြန် ပုံစံကျကျ တိုက်၍ စောင့်ကြည့်ရတော့မည်။ ၎င်းကလေးမျိုး ဝမ်းသွားပြီး အန်လာပါက တိုက်လိုက်သော ဓာတ်ဆားရည် ကိုယ်တွင်းမဝင်ဘဲ ပြန်ထွက်လာတတ်သည်။ အလွန်အရည်ခန်းသော အဆင့်သို့ မကြာမီ ရောက်သွားတတ်သည်။ ထို့ကြောင့် အန်နေသောကလေးငယ်အား ဆေးရုံသို့ အမြန်ပို့သင့်၏။ ဆေးရုံအသွား လမ်းခရီးတွင် ဓာတ်ဆားရည်ကို တိုက်နိုင်သမျှတိုက်၊ အမြန်ဆုံး ဆေးရုံရောက်အောင် ပို့ပေးဖို့သာ လိုပါသည်။ တချို့တဝက်ရေခန်းခြင်းမှ အလွန်အမင်းရေခန်းခြင်းသို့ ရောက်နိုင်၍ ဆားရည်ပုလင်း ခန္ဓာကိုယ်တွင်း သွင်းပေး၍ နီးစပ်ရာဆေးရုံသို့ ပို့ပေးရန် လိုအပ်လှ၏။ ဆားရည်ပုလင်းမရှိလျှင် ၎င်းကလေးငယ်အား ဓာတ်ဆားရည်ကို နှာခေါင်းမှ ပြွန်ငယ်ထည့်၍ အချိုးကျကျ အရည်ဖြည့်ပြီး ဆေးရုံသို့ ပို့ပေးသင့်၏။ ဆားရည်ပုလင်းနှင့် နှာခေါင်းပြွန်ငယ်မရှိပါက ရှိရာဓာတ်ဆားရည်ကို အန်သောအချိန် ၁၀မိနစ်ခန့် ခေတ္တနားစောင့်ပြီး ဇွန်းဖြင့် နှစ်မိနစ်ခြားတကြိမ်တိုက်ပေး၍ ဆေးရုံသို့ အမြန်သာ ပို့ပေးသင့်၏။

အဆင့်(၃) အလွန်ရေခန်းခြောက်ခြင်း (Severe Dehydration)

ထိုအဆင့်တွင် ကလေးငယ်သည် ဝမ်းသွားရာမှ ရေခန်းခြောက်၊ ဓာတ်ဆားများလျော့ နည်းလာ၍ ကိုယ်ခန္ဓာ၏ ၁၀ရာ ခိုင်နှုန်းသော ကိုယ်အလေးချိန်ထက် လျော့နည်းသွားပြီး မှေးနေမည်၊ သတိလစ်နေက လစ်နေတတ်သည်။ ရေလည်းမသောက်နိုင်၊ ၎င်း၏ ပတ်ဝန်းကျင်ကို စိုးစဉ်မျှ ဂရုမထား၊ မှိန်းနေတတ်ကြသည်။

မျက်တွင်းဟောက်ပက်ဖြစ်ပြီး လျှာမှာလည်း ခြောက်ကပ်နေကာ အရေပြားကို ဆွဲကြည့်လျှင်လည်း တွန့်နေသောအရေပြား ပုံမှန်ပြန်ဖြစ်မသွား၊ လက်ကလေး၊ ခြေထောက်ကလေးများ အေးလာ၍ သွေးလန့်နေတတ်၏။ ရှူးရှူးလည်းမထွက်၊ အရုပ်ကလေးတရုပ်လိုသာ နေတော့မည်။ ၎င်းကလေးငယ်ကို နီးစပ်ရာဆေးရုံသို့ အမြန်ဆုံးပို့ပေးရန် ဖြစ်ပါသည်။ ဆေးရုံအသွား လမ်းခရီးတွင်လည်း ဆားရည်ကို ပိုက်သွင်း၍လည်းကောင်း၊ နှာခေါင်းပိုက်ပြွန်ထည့်၍လည်းကောင်း ပြုလုပ်ပေးသင့်သည်။ နောက်ကျပါက အန္တရာယ်များလှ၏။ ထိုသို့သောအခြေအနေမရောက်မီကပင် ဓာတ်ဆားရည်ကို ဝမ်းသွားသော ကလေးအား မှန်မှန်တိုက် ကျွေးသင့်လှ၏။

ကလေးများသည် တရက်မှ နှစ်ရက် မရပ်ဘဲ ဆက်၍ဝမ်းသွားနေပါက ဓာတ်ဆားရည်ကို နိုင်နိုင်တိုက်ပေးဖို့ လိုအပ်လှသည်။ တခါတရံ တရက်တည်း အကြိမ် ၃–၅ကြိမ်လောက် ဝမ်းသွားရုံနှင့် အလွန်ရေခန်းခြောက်သွားလျှင်ဖြင့် ၎င်းဝမ်းသည် သာမန်ဝမ်းမဟုတ်ဘဲ ကာလဝမ်းလျှောရောဂါဖြစ်နိုင်သေး၏။ ၎င်းကလေးအား အမြန်ဆုံး ဆေးရုံပို့ပြီး ဝမ်းစစ်ဆေးကာ ဆားရည်အမြန်ဖြည့်ပေးရမည်။

ဝမ်းပျက်ဝမ်းလျှောရောဂါသည် လသားအရွယ်ကလေးငယ်များတွင် အဖြစ်များတတ်ပြီး ရေခန်း၊ ဓာတ်ဆားလျော့နည်းတတ်သည်။ အဆင့်(၁)၊ အဆင့်(၂)တို့တွင် ဓာတ်ဆားရည်သာ တိုက်ကျွေးပြီး သောက်လက်စမိခင်နို့ကိုလည်း ဆက်လက်တိုက်သင့်လှ၏။ ဖြည့်စွက်အစာကျွေးနေသူကို ဖြည့်စွက်အစာ ဆက်လက်ကျွေးပြီး အဆင့်(၂)မှ အဆင့်(၃)သို့ရောက်လျှင်၊ ဝမ်းတွင်းသွေးပါလာလျှင်၊ ကလေးငယ်ဖျားလာလျှင်၊ အရည်မဝင်ဘဲ အန်၍သာနေပါက ကလေးငယ်အား ဆေးရုံသို့ အမြန်ပို့ရန် တာဝန်ရှိသည်။ သို့မှသာ ဝမ်းပျက်၊ ဝမ်းလျှော ကလေးငယ်ကို သက်သာအောင် ကုသပေးနိုင်ပါမည်။

သားငယ် သမီးငယ်များ ဝမ်းပျက်၊ ဝမ်းလျှောအန္တရာယ်မှ လွတ်ကင်းနိုင်ကြပါစေ။ ■

ပါမောက္ခဦးလှမြင့်ထွန်း

Good Health Journal

(အမှတ် ၆၀–၆၁)

ခုခံအားကျဆင်းမှုရောဂါ

အမြစ်ပြတ်ပျောက်ကင်းရေးလမ်းစသစ်

ဒေါက်တာအောင်စန်း

ယခင်က ကုရာနတ္ထိဆေးမရှိဖြစ်ခဲ့သော ခုခံအားကျဆင်းမှု ကူးစက်ရောဂါသည် ဆေးပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုး ပွားများမှုကို ထိရောက်စွာ တားဆီးနိုင်သော ခုခံအားကျဆင်းမှု ကူးစက်ရောဂါကုဆေးပေါင်း ကုထုံး(Antiretroviral therapy)၏အစွမ်းဖြင့် လူ့သက်တမ်းကို နှစ်ပေါင်းများစွာ ဆွဲဆန့်လာနိုင်ခဲ့ကြပါသည်။ သို့သော်လည်း အဆိုပါဆေးပေါင်းကုထုံးသည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို အမြစ်ပြတ်ပျောက်ကင်းအောင် ကုသနိုင်စွမ်းမရှိသောကြောင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုး ပွားများမှုကို တားဆီးနိုင်သည့် Antiretroviral drug (ARV) ခေါ် ဆေးဝါးများကို တသက်လုံး မှီဝဲနေကြရပါသည်။

ထိုခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုး ပွားများမှုကို တားဆီးနိုင်သည့် ARV ခေါ်(Antiretroviral drug) ဆေးဝါးများသည် သွေးအတွင်းရှိ ခုခံအားကျဆင်းမှု ကူးစက် ရောဂါပိုးများကို မရှိသလောက်နီးပါးဖြစ်အောင် နှိမ်နှင်းနိုင်သော်လည်း ခန္ဓာကိုယ်အတွင်းရှိဆဲ(လ်)များ၊ သွေးဖြူဥများ၊ ကလီစာများအတွင်း ပုန်းအောင်းနေသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုးများကို နှိမ်နှင်းနိုင်ခြင်း မရှိပါ။ ထို့ကြောင့် အဆိုပါ ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုး ပွားများမှုကို တားဆီးနိုင်သည့် ARV ခေါ်(Antiretroviral drug) ဆေးဝါးများသောက်သုံးမှုကိုရပ်လိုက်ပါက ပုန်းအောင်းနေသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါများသည်၊ ပုန်းအောင်းနေရာမှ သွေးထဲသို့ဝင်ရောက်လာပြီး သွေးထဲရှိ သွေးဥဖြူများ အထူးသဖြင့် (CD_4)စီဒီဖိုးခေါ် သွေးဖြူဥများကို ဖျက်ဆီးခြင်းဖြင့် ကိုယ်ခံအားကို ကျဆင်းစေကာ နောက်ဆက်တွဲ ကူးစက်ရောဂါများကို ဝင်ရောက်စေခြင်းဖြင့် ဝေဒနာရှင်ကို ဒုက္ခရောက်စေပါသည်။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို အမြစ်ပြတ်အောင် မကုသနိုင်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ ဆဲ(လ်)များ၊ သွေးဖြူဥများ၊ ကလီစာများအတွင်း ပုန်းအောင်းနေသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုးများကို မနှိမ်နှင်းနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ထိုပုန်းအောင်းနေသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုးများကို နှိမ်နှင်းနိုင်သော ဆေးဝါးများကို ရှာဖွေတွေ့ရှိပါက ရောဂါကို အမြစ်ပြတ်ပျောက်ကင်းအောင် ကုသနိုင်မည် ဖြစ်ပါသည်။ သို့သော် ယခုထက်ထိ ထိုကဲ့သို့ အာနိသင်ထက်သော ဆေးဝါးများကို မဖော်ထုတ်နိုင်သေးပါ။

ထို့ကြောင့် တခြားနည်းလမ်းအားဖြင့် ထိုပုန်းအောင်းနေသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုးများကို သွေးထဲသို့ ထွက်လာအောင်လုပ်ပြီး သွေးထဲရောက်မှ ARV ခေါ်(Antiretroviral drug) ဆေးဝါးများနှင့် နှိမ်နှင်းခြင်းအားဖြင့် အမြစ်ပြတ်အောင် ကုသနိုင်မည်ဟု တချို့သောဆေးပညာရှင်များက တွက်ဆထားကြပါသည်။

အထက်ပါအယူအဆအရ အသုံးကျနိုင်မည့် ဆေးဝါးအမျိုးမျိုးကို သုတေသနပေါင်းများစွာ ပြုလုပ်ခဲ့သော်လည်း ယခုထက်ထိ စိတ်ချရလောက်အောင် အာနိသင်ကောင်းသော ဆေးဝါးများကို မတွေ့ရသေးပါ။

မြောက်ကာရိုလိုင်းနား တက္ကသိုလ်မှ ဒေါက်တာဒေးဗစ်မာဂိုးလစ်ဦးဆောင်သော ဆေးပညာရှင်တစုက Valproic Acid ခေါ် အတက်ရောဂါကု ဆေးတမျိုးက ထိုပုန်းအောင်းနေသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုး များ၏ ပမာဏကို လျှော့ချနိုင်စွမ်း ရှိကြောင်း လေ့လာတွေ့ရှိခဲ့ကြပါသည်။

ARV ခေါ် (Antiretroviral drug)ဆေးဝါးများကို (၂)နှစ်ကြာ မှီဝဲပြီးသော လူနာ(၄)ယောက်ကို အဆိုပါ Valproic Acid ခေါ် အတက်ကုသသော ဆေးတမျိုးကို (၃)လကြာမှီဝဲစေသောအခါ အဆိုပါလူနာ (၃)ယောက်တွင် ထိုပုန်းအောင်းနေသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုးများ၏ ပမာဏမှာ (၇၅)ရာခိုင်နှုန်း လျော့ကျသွားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် Valproic Acid ခေါ် အတက်ကျရောဂါကု ဆေးဝါးကို တွဲဖက်မှီဝဲခြင်းဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို အမြစ်ပြတ်ပျောက်ကင်းအောင် ကုသနိုင်မည်လားဟု မျှော်လင့်လာကြပါသည်။

(၃)လတာအတွင်း ထိုကဲ့သို့ ရလဒ်ကောင်းများ ရရှိခြင်းသည် လွန်စွာ အားတက်ဖွယ်ကောင်းသော သတင်းကောင်းတခုဖြစ်ပြီး၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို အမြစ်ပြတ်ပျောက်ကင်းအောင် ကုသနိုင်မည့် မျှော်လင့်ချက်ရောင်ခြည်ကိုလည်း ဖြစ်စေပါသည်ဟု ကနေဒါနိုင်ငံ မက်ဂေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာရိုတီက ဆိုပါသည်။

သို့သော် တချို့သောပညာရှင်များကမူ သဘောမတူကြပါ။ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ဒေါက်တာ ရောဗတ်ဆီလီဆီယာနိုက အထက်ပါနည်းလမ်းဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို အမြစ်ပြတ်ပျောက်ကင်းအောင် ကုသနိုင်ဖို့ မဖြစ်နိုင်ပါဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ခုခံအားကျဆင်းမှု ကူးစက်ရောဂါပိုး အားလုံးကို သုတ်သင်နိုင်ဖို့လိုပါသည်။ တကောင်ကျန်လျှင်ပင် ထိုတကောင်မှ ပြန်လည်ပွားများနိုင်သောကြောင့် ဖြစ်ပါသည်။ ထို့အပြင် သိပ္ပံပညာရှင်များ မသိသေးသော တခြားသောနည်းလမ်းများဖြင့် ဆဲ(လ်)များအတွင်း ပုန်းအောင်းနေနိုင်သောကြောင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို Valproic Acid နှင့် အမြစ်ပြတ်ပျောက်ကင်းအောင် ကုသနိုင်တော့မည်ဟု ပြောရန် စောသေးသည်ဟု ဆိုပါသည်။

မည်သို့ပင် ဆိုစေကာမူ ဆေးပညာရှင်များ၏ မဆုတ်မနစ် အားထုတ်မှုကြောင့် မကြာမီကာလအတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို အမြစ်ပြတ်ပျောက်ကင်းအောင် ကုသနိုင်မည့်ဆေးဝါးများ ပေါ်ထွက်လာမည်ဟု မျှော်လင့်မိပါသည်။ ■

Health Digest

အတွဲ(၃) အမှတ်(၁၆)

မိဘများကွာရှင်းခြင်းနှင့်ကလေးငယ်များဘဝ

မိသားစုဆရာဝန်

ကလေးငယ်အများစုမှာ မိဘနှစ်ပါး၏ ကွာရှင်းခြင်းအပေါ် မနှစ်မြို့ကြပေ။ တချို့ကလေးငယ်များတွင် ရောထွေးသော ခံစားမှုရှိနေတတ်သည်။ အနည်းငယ်မျှသောကလေးတို့မှာ မိဘနှစ်ဦးကွာရှင်းခြင်းဖြင့် မိသားစုအခြေအနေမှာ ပိုမိုကောင်းမွန်နိုင်မည်ဟု မျှော်လင့်မှုရှိကြသည်။ မိဘများ ကွာရှင်းခဲ့ကြပြီးနောက် ကလေးငယ်များမှာ ဖခင်နှင့်ဖြစ်စေ၊ မိခင်နှင့်ဖြစ်စေ ဆက်လက်နေထိုင်သွားကြရတော့မည်ဖြစ်၏။ ကလေးငယ်များပင်လျှင် တချို့ဖခင်နှင့် လိုက်နေပြီး တချို့မှာ မိခင်နှင့် လိုက်နေကာ တသီးတခြားစီ ကွဲကွာရခြင်းမျိုးရှိနိုင်ပါသည်။

ကလေးငယ်ကြောင့်ကွာရှင်းမှုမဖြစ်နိုင်ပါ

လင်မယားကွာရှင်းခြင်းသည် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်သည်။ တဦးနှင့်တဦး ချစ်မေတ္တာကုန်ခန်း၍ ဖြစ်နိုင်သည်။ သဘောထားကွဲလွဲ၍ ဖြစ်နိုင်သည်။ မကြာခဏ ခိုက်ရန်ဖြစ်ပွား၍လည်း ဖြစ်နိုင်ပါသည်။ တယောက်နှင့်တယောက် အကြောင်းပြချက်များ တူညီကြမည်မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ၊ လင်မယား ကွာရှင်းကြရခြင်း၏ အကြောင်းရင်းမှာ ကလေးငယ်များကြောင့် မဟုတ်သည်မှာ သေချာပါသည်။

ကလေးငယ်များ၏ တွေးခေါ်မှုမှာ သနားစရာကောင်းလှပေသည်။ အကယ်၍သာ မိမိတို့သည် (ကလေးငယ်များသည်) ကောင်းမွန်စွာ နေထိုင်ပြုမူခဲ့လျှင်၊ ကျောင်းသင်ခန်းစာများကို အဆင့်မြင့်မားအောင် ကြိုးစားခဲ့လျှင်၊ မိဘများအား အိမ်မှုကိစ္စများ၌ ကူညီပေးခဲ့လျှင် မိဘများ ကွာရှင်းပြတ်စဲမှု ပြုချင်မှ ပြုလိမ့်မည်ဟု တွေးထင်ခဲ့ကြသည်။ အမှန်စင်စစ် ထိုကိစ္စများနှင့် မိဘများကွာရှင်းမှုမှာ သက်ဆိုင်ခြင်းမရှိပေ။ ကွာရှင်းခြင်းမှာ မိဘနှစ်ပါးနှင့်သာဆိုင်သော ပြဿနာကြောင့် ဖြစ်ပါသည်။

ပြန်လည်ပေါင်းစည်းအောင်လည်းကလေးငယ်များမစွမ်းနိုင်ပါ

မိဘနှစ်ပါး ကွာရှင်းမှုသည် ကလေးငယ်များကြောင့် မဟုတ်သကဲ့သို့၊ မိဘနှစ်ပါး ပြန်လည်ပေါင်းစည်းအောင်လည်း ကလေးငယ်များ မစွမ်းဆောင်နိုင်ပါ။ ကလေးငယ်များသည် မိဘနှစ်ပါးအား ချစ်ချစ်ခင်ခင်ဖြင့် အတူတကွ နေထိုင်ပေါင်းသင်းနေသည်ကိုသာ ရှုမြင်လိုကြသည်။ မိမိတို့၏ နေထိုင်ပြုမူမှုများကို ပြင်ဆင်ပြောင်းလဲခြင်းဖြင့် မိဘနှစ်ပါး ပြန်လည်ပေါင်းစည်းမှုကို ရယူလိုကြသည်။ သို့သော် ထိုသို့ဖြစ်လာနိုင်ခြင်းမရှိပါ။ မိဘများ၏ ပြဿနာဖြေရှင်းနိုင်ခြင်း ရှိ/မရှိသာ အဓိကဖြစ်သည်။ ကလေးငယ်များအဖို့ မိမိတို့၏ ခံစားချက်ကို မိဘများအား တင်ပြရုံမှလွဲ၍ တတ်နိုင်ကြမည်မဟုတ်ပေ။

ကမ္ဘာကြီးထက်ခြမ်းကွဲသကဲ့သို့ခံစားရသည်

မိဘနှစ်ပါးကွာရှင်းခဲ့ခြင်းကြောင့် ကလေးငယ်များတွင် ဒေါသဖြစ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း စသည့် စိတ်ပိုင်းဆိုင်ရာခံစားမှုများဖြစ်ပေါ်လေ့ရှိသည်။ ကလေးငယ်များ၏စိတ်တွင် မိဘနှစ်ပါးကွဲသွားခြင်းမှာ မိမိ၏ ကမ္ဘာကြီးထက်ခြမ်းကွဲသကဲ့သို့ ခံစားရသည်ဟု ထင်မြင်နေခဲ့ကြသည်။

စိတ်ပညာရှင်များက ကလေးငယ်၏ခံစားမှုကို ထွက်ပေါက်အဖြစ် လမ်းညွှန်ပေးခဲ့သည်။ "သင့်ခေါင်းအုံးကို ထိုးပစ်လိုက်ပါ၊ ဘူးခွံအလွတ်များကို ကန်ပစ်ပါ၊ ဘော့စ်ဘောကို ရိုက်ပစ်လိုက်ပါ၊ မြန်နိုင်သမျှ မြန်မြန်ပြေးလိုက်ပါ"။ သင်၏ခံစားမှုကို အခြားသူတဦးတယောက်အား ရင်ဖွင့်ပြောဆိုလိုက်ခြင်းသည်လည်း စိတ်သက်သာမှုကို ရရှိစေနိုင်ပါသည်။ သူငယ်ချင်းမိတ်ဆွေများ၏ မိဘကွာရှင်းမှုရှိခဲ့လျှင်လည်း သူငယ်ချင်း၏ ရင်ဖွင့်ပြောဆိုမှုကို စိတ်ရှည်လက်ရှည်နားထောင်ပေးသင့်သည်။ တချို့ကလေးငယ်များသည် မိဘနှစ်ပါးကွာရှင်းမှုအပေါ် ခံစားမှုပြင်းထန်တတ်ကြ၏။ လွန်စွာပူဆွေးခြင်း၊ ဝမ်းနည်းကြေကွဲခြင်းနှင့် ရူးသွပ်ခြင်းတို့အထိ ခံစားရ၏။ ကျောင်းကောင်းစွာမတက်ခြင်း၊ သင်ခန်းစာများ ကောင်းစွာမလုပ်ခြင်းနှင့် ဂရုမစိုက်ခြင်းများ ဖြစ်ပေါ်လာတတ်သည်။

မိဘများကွဲကွာပြီးနောက်ပိုင်း

မိဘများသည် ကွဲကွာကြပြီးနောက် တအိုးတအိမ်စီ သီးသန့်နေထိုင်ခဲ့ကြ၏။ ကလေးငယ်များသည် မိဘတဦးထံသွားလိုက်၊ အခြားတယောက်ထံသွားလိုက်နှင့် အချိန်ကုန်လာသည်။ ကလေးတချို့မှာ မိဘတဦးနှင့်နေပြီး၊ အခြားတဦးထံ အလည်အပတ်သဘောသွားရောက်တတ်သည်။ မိမိအပေါ် ချစ်မြတ်နိုးသူနေထိုင်သော အိမ်နှစ်အိမ်ရှိနေခြင်းပင်လျှင် တခါတရံ သာယာသလို ခံစားလာရတတ်သည်။

မိဘနှစ်ဦးသည် ကွဲကွာပြီးနောက်ပိုင်းတွင် တဦး၏ နေထိုင်ပြုမူပုံကို ကလေးငယ်များမှတဆင့် စုံစမ်းမေးမြန်းမှုများ ပြုလေ့ရှိကြသည်။ ထိုသို့သောအခါမျိုးတွင် ကလေးငယ်များအဖို့ စိတ်မသက်သာဖွယ်ရာ အခြေအနေမျိုး ကြုံကြိုက်လာရတတ်ပါသည်။

အနာဂတ်ကာလ

အနာဂတ်ကာလတွင် ကလေးငယ်များအတွက် ချောမွေ့မှုနည်းပါးလာနိုင်သည်။ မိခင်သည်လည်းကောင်း၊ ဖခင်သည်လည်းကောင်း နောက်ထပ်အိမ်ထောင်ပြုသောအခါ မိထွေး၊ ပထွေးများ ပေါ်ပေါက်လာမည်ဖြစ်၏။ မိထွေး (သို့မဟုတ်) ပထွေးများ ပါဝင်ပတ်သက်လာပြီးနောက်တွင် ရှုပ်ထွေးသော ပြဿနာများလည်း ဆက်လက်ပေါ်ပေါက်လာနိုင်မည်ဖြစ်ပေသည်။ မိဘများ ကွာရှင်းပြတ်စဲခြင်းနှင့်ပတ်သက်၍ ကလေးငယ်များအပေါ် အကျိုးသက်ရောက်မှုမှာ ရှုပ်ထွေးလှကြောင်းနှင့် ကြိုတင်ခန့်မှန်းရန် မလွယ်ကူကြောင်း တင်ပြလိုက်ရပေသည်။ ■

Family Health – အမှတ်(၄၁)

မှာခဲ့ပါရစေ

စောအဲအဲ(MTC)



ကျုပ်နားထဲက တစီစီမြည်နေပါတယ်။ ဘာအသံကိုမှ မကြားနိုင်တော့ဘူး။ မျက်လုံးတွေလည်းပြာကုန်ပါပြီ။ လူ့ဘဝရဲ့နောက်ဆုံးအချိန်ဆိုတာ ဒါပဲထင်ပါရဲ့ဗျာ ...။ ကျုပ်အခု ဘယ်ရောက်နေလဲ ... ကျုပ်သိတယ်။ ဆေးရုံပေါ်မှာ ...ဟုတ်တယ် ဆေးရုံပေါ်မှာပဲ။ ဒီဆေးရုံပေါ်ကို ကျုပ်မိန်းမနဲ့ သားသမီးတွေက ပို့ပေးခဲ့တာပါ။ ဒါကိုတော့ ကျုပ်မှတ်မိပါသေးတယ်။ အခု ကျုပ်အနားမှာ ဘယ်သူတွေရှိနေလဲ၊ ကျုပ်လိုက်ကြည့်ဖို့ကြိုးစားတယ်။ ဒါပေမယ့်ဗျာ ... ။ ကျုပ်ရဲ့လက်ချောင်းကလေးတချောင်းကိုတောင်လှုပ်နိုင်ဖို့အားအင် မရှိတော့ပါဘူး။ ကျုပ်အခြေအနေ ကျုပ်သိပါပြီဗျာ ... ။ ကျုပ်မနေရတော့ပါဘူး၊ ကျုပ်ဟောဒီလူ့လောကနဲ့ ကျုပ်ချစ်တဲ့ ဇနီး၊ သားသမီးတွေနဲ့ ခွဲခွာရတော့မယ်။ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒါတွေကို ကျုပ်မသိရင်ကောင်းမယ်ဗျာ။ ဒါပေမယ့် အခုတော့ ကျုပ်သိနေတယ်၊ အဲဒီအသိက ကျုပ်ကို ခြိမ်းခြောက်နေပြီဗျ၊ ကျုပ်ချစ်တဲ့ ဇနီး၊ သားသမီးတွေနဲ့ မခွဲနိုင်ဘူးဗျာ။ တနေ့တချိန်မှာ မဖြစ်မနေခွဲခွာရမယ်ဆိုတာ ကျုပ်မငြင်းပါဘူး။ အခုတော့ တအားလွန်တယ်ဗျာ ... ။ ဒီလောက်အထိကို မြန်ဆန်လိမ့်မယ်လို့ ကျုပ်မထင်မိဘူး။ ကျုပ်ရဲ့မိုက်ပြစ်တွေပါ။ "ဟော ... "ဟိုမှာ သူတို့ကျုပ်ကို လာခေါ်နေကြပြီ၊ မလာနဲ့၊ မလာနဲ့ မလာကြပါနဲ့ဦး ကျုပ်မှာစရာတွေ ရှိသေးလို့ပါ တောင်းပန်ပါတယ်ဗျာ ... ။ ကျုပ်လက်ကိုလွှတ်ပါ လွှတ်ပေးကြပါ ကျုပ်ဇနီးနဲ့ သားသမီးတွေကို မှာစရာရှိတာ မှာခဲ့ပါရစေ။ ကျုပ်ရှိခိုးပြီးတောင်းပန်ပါတယ်ဗျာ။ ခဏစောင့်ပါ။ ခဏလေးပါဗျာ ... ကျေးဇူးပြုပြီးသည်းခံပေးကြပါ။ ကျုပ်ရဲ့နောက်ဆုံးဆန္ဒကိုတော့ ဖြည့်ဆည်းသွားပါရစေဗျာ။ ခင်ဗျားတို့နောက်ကို ကျုပ်လိုက်ခဲ့ပါမယ်။ ကျုပ်သားသမီးတွေကို တခုပဲ မှာခဲ့ပါရစေဗျာ ...။ "မင်းတို့တတွေ ဆေးလိပ်ကို သေတဲ့အထိ လက်ဖျားနဲ့တောင် မတို့မိပါစေနဲ့လို့ ..."။

ကျုပ်က ဆေးလိပ်ကို အသေကြိုက်တဲ့သူဗျ။ ဒီဆေးလိပ်ကိုမှ မသောက်ရရင် အလုပ်ထဲမှာ အာရုံကို မနှစ်ထားနိုင်ဘူး။ ဒါတင် ဘယ်ကမလဲဗျာ ...။ တချိန်လုံး ဂဏှာမငြိမ်ဖြစ်ပြီး တောင်လျှောက်လိုက်၊ မြောက်လျှောက်လိုက်ကို ဖြစ်နေတာ။ ဒါကြောင့် ကျုပ်ကဆေးလိပ်ကို လက်ကြားထဲကနေ ဘယ်တော့မှ မချခဲ့ပါဘူး။ ညအိပ်ခါနီးရင်တောင်မှ ဆေးလိပ်တလိပ်လောက် သောက်လိုက်ရမှ အိပ်ပျော်တာ။ ကျုပ်ကို ကြည့်လိုက်ရင် စက်ရုံမီးခိုးခေါင်းတိုင်လား မှတ်ရတယ်ဗျို့ ...။ တချိန်လုံးမီးခိုးတွေ မှုတ်ထုတ်နေလိုက်တာ။ အဲဒီလောက်အထိကို ကျုပ်ကဆေးလိပ်ကို "လွှတ်" ကြိုက်ဗျ။ ကျုပ်အလုပ်ကလည်း စာရေးဆရာဆိုတော့ ပိုဆိုးတာပေါ့ဗျာ။ အကြံကောင်း ဉာဏ်ကောင်းလေးတွေထွက်ဖို့ စိတ်ကျဉ်းကျပ်မှုကို လျှော့ချဖို့အတွက် ကျုပ်က ဆေးလိပ်ကို အဖော်တယောက်လို ခင်တွယ်နေရတာပါ။ ပြောရဦးမယ် ... ကျုပ်ဆေးလိပ်သောက်တာကို ကျုပ်မိန်းမက မကြိုက်ဘူးဗျ။ ဒါပေမယ့်ဗျာ အိမ်ထောင်သက်ကြာလာတော့လည်း သိပ်ပြောတော့ပါဘူး။ လျှော့သောက်ဖို့လောက်သာ ပြောပါတော့တယ်။ ရည်းစားဘဝတုန်းကဆို ဘယ်ရမလဲဗျ။ "ကိုကို ဆေးလိပ်မသောက်နဲ့ သောက်ရင် စိတ်ဆိုးစိတ်ကောက်လိုက်မှာ" ဘာညာပေါ့။ ကျုပ်ဆေးလိပ်သောက်တာကိုများ တွေ့မိရင်ဖြင့်ဗျာ ... တကယ့်ကို မိုးမီးလောင်တာပဲဗျို့။ ရက်နှစ်ဆယ်လောက်တော့ သူ့ကို လိုက်ချော့ဖို့ အချိန်ပေးရပြီသာမှတ်။ ဒါပေမယ့်ဗျာ ... ကျုပ်ကိုဆေးလိပ်ဖြတ်ဖို့ ဘယ်အရာကမှ မတိုက်တွန်းနိုင်တော့ဘူးထင်ပါရဲ့။ ဆေးလိပ်ဖြတ်ဖို့အတွက် ဝန်ခံကတိတွေကို ကျုပ်မိန်းမကိုရော၊ ကျုပ်ကိုကျုပ်ရော၊ ကျုပ်ရဲ့သားသမီးတွေကိုရော ဂတိတွေပေးခဲ့ရပေါင်းလည်း မနည်းတော့ပါဘူး။ ဒါပေမယ့် တခါကမှ ပြတ်တယ်လို့ကို မရှိခဲ့ဖူးသေးပါဘူး။ ကျုပ်အသက် ၃၅နှစ်ရှိပြီဗျ။ ၁၄ နှစ်သားအရွယ်ကတည်းက ကျုပ်ဆေးလိပ်စသောက်တာပါ။ အခုဆိုရင် ဆေးလိပ်ဟာ ကျုပ်ဘဝထဲမှာ သက်တမ်းနှစ်ဆယ်ကျော်နေပြီ။ တော်ပြီပေါ့ဗျာ။ ဒီအနှစ်နှစ်ဆယ်အတွင်းမှာလည်း ဆေးလိပ်ရဲ့ကောင်းကျိုးကို ဘာမှမတွေ့ခဲ့ရဘဲ။ ဆေးလိပ်သောက်လို့ အကြံကောင်း၊ ဉာဏ်ကောင်းထွက်တယ်ဆိုတာကိုတော့ ဆေးလိပ်သမားပဲလက်ခံမှာပေါ့။ အခြားသူတွေအနေနဲ့ကတော့ ဟားတိုက်စရာပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ်ဗျာ ... ကျုပ်ဆေးလိပ်ကို ဖြတ်ချင်တယ်။ ဒါပေမယ့် ဆေးလိပ်မှ မသောက်ရရင် ကျုပ်ဘာလုပ်လုပ် စိတ်မဝင်စားတော့ဘူးဗျ။ နဂိုကတည်းကလည်း အလွန်အကျွံသောက်လာခဲ့တာဆိုတော့ ကျုပ်ရဲ့အသွေးအသားတွေက ပုံမှန်စွမ်းအင်တခုအနေနဲ့ ဒီအဆိပ်ငွေ့တွေကို တောင်းဆိုနေကြပြီလေ ...။

ကျုပ်ငယ်ငယ်တုန်းက အဘိုးနဲ့အတူနေရတာဗျ။ ကျုပ်အမေက ကျုပ်ကိုမွေးပြီး မီးတွင်းမှာပဲဆုံးပါးသွားရှာပါတယ်။ အဖေဆုံးတာကတော့ အတော်ကြာပြီဗျ။ ကျုပ်မမွေးခင်ကလို့တော့ပြောတာပဲ။ ကျုပ်အဘိုးတောင်မှ သေသေချာချာ မမှတ်မိတော့ဘူးတဲ့။ အဘိုးနဲ့အတူ ရွာမှာနေပြီး အဘိုးနွားတွေကို ကူကျောင်းရင်း ကျောင်းတက်ခဲ့ရတာပါ။ အဘိုးက လယ်တွေ၊ နွားတွေအများကြီး ပိုင်တယ်လေ။ အဲ ... ကျုပ်အဖိုးက ဆေးလိပ်သမားဗျ။ ဒါပေမယ့် သူက ကျုပ်ကို ဆေးလိပ်တခါမှမသောက်ခိုင်းပါဘူး။ ကျုပ်တခါမေးခဲ့ဖူးပါတယ်။ "အဘိုး ဆေးလိပ်သောက်တာ ဘာအရသာရှိလဲ"လို့။ အဲဒီလိုမေးတော့ အဘိုးက ကြောင်တောင်တောင်ဖြစ်သွားတယ်ဗျ။ "ဘာမှမဟုတ်ပါဘူးကွာ ပျင်းလို့သောက်တာပါ ဒါပေမယ့် မင်းဆေးလိပ်ကို ဘယ်တော့မှမသောက်ရဘူး ဆေးလိပ်ဟာမကောင်းဘူးကွ" ဆိုပြီး တားမြစ်ခဲ့ပါတယ်။ ဒီတော့ဗျာ နဂိုကတည်းက စပ်စုဖို့ ဝါသနာပါတဲ့ကျုပ်က ထပ်ပြီးတော့ အတွန့်တက်တော့တာပေါ့။ "ဆေးလိပ်မကောင်းရင် အဘိုးက ဘာဖြစ်လို့ ဆေးလိပ်သောက်တာလဲ" ဆိုပြီးမေးတော့ "အင်း ... အဘိုးလည်း ပြောမတတ်ပါဘူးကွာ တို့ငယ်ငယ်ကတည်းက နွားကျောင်းရင်းသောက်လာတာပဲ။ ဒါပေမယ့် မကောင်းတာတော့သိတယ်။ဆေးလိပ်သောက်ရင် ပါးစပ်နံမယ်၊ မျက်နှာရင့်မယ်၊ မောလွယ်တယ်၊ ဒီထက်ပိုပြီးတော့ အဘိုးလည်း မသိပါဘူးကွာ။ ဒီမယ်ငါ့မြေး ဆေးလိပ်ဆိုတာ မကောင်းဘူးလို့ပဲမှတ်ထားကွာ" တဲ့။ ကျန်းမာရေးအသိနိမ့်ပါးတဲ့ ကျေးလက်နေလူထုထဲက တဦးဖြစ်တဲ့ ကျုပ်အဘိုးဆီက ဒီလောက်အဖြေကို ရခဲ့တယ်ဆိုရင်ပဲ ကျေးဇူးတင်ရမလိုပါပဲ။ ဒါပေမယ့် ကျုပ်ကလူတမျိုးဗျ။ မလုပ်နဲ့ဆိုရင် လုပ်ချင်တယ်။ မသွားနဲ့ဆို သွားကြည့်ချင်တယ်။ တကယ့်ကို ဂျစ်ကန်ကန်ဗျ။ ပြန်မပြောနားမထောင်လောက် မဆိုးတာကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေတယ်။ ဒါနဲ့ပဲ ကျုပ်က အဘိုးလစ်တုန်း အဘိုးရဲ့ဆေးလိပ်ကို ခိုးသောက်ကြည့်တယ်ဗျ။ ကျုပ်ရဲ့ဝမ်းတွင်း ဗီဇကိုက မကောင်းဘူးလားမသိဘူး။ ဆေးလိပ်ရဲ့အရသာကို တကြိမ်တည်းနဲ့ ကြိုက်သွားတယ်ဗျာ။ ချိုတိုတို၊ မြတတအရသာ၊ ခေါင်းထဲမှာ ပြီတီတီ၊ ရီဝေဝေနဲ့ ဖြစ်လို့။ မှုတ်ထုတ်လိုက်တဲ့ မီးခိုးတွေကို ကြည့်ပြီး စိတ်ကူးယဉ်ကြည့်ရင် လေထဲမှာ လမ်းလျှောက်ရသလိုပဲဗျ။ တကယ့်ကိုအရသာပဲ။ အဲ ... ဘိုလိုပြောရရင် ဖီးလ်ပဲပေါ့ဗျာ နော့။ တနေ့တော့ အဘိုးကို ကျုပ်ဆေးလိပ်ခိုးသောက်ကြောင်း ပြောတယ်။အဲဒီတော့ အဘိုးကအလန့်တကြားနဲ့ "မင်းဆေးလိပ်သောက်တော့ ဘာအရသာရှိတုန်း"တဲ့။ ကျုပ်ကလည်း မလိမ်ပါဘူး။ "ကောင်းတယ်လို့"ဖြေလိုက်တယ်။ "အဲဒါမှ ဒုက္ခပဲ"လို့ အဘိုးကညည်းရောဗျာ ...။ ဟား ... ဟား ... တကယ်ပါ။ အဘိုးက ကျုပ်ကို သိပ်ချစ်တာဗျ။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူကျုပ်ကိုမဆူဘူး၊ မရိုက်ဘူးဗျ။ ဒါကိုကပဲ ကျုပ်ရဲ့ဘဝသက်တမ်းကို တဝက်ချိုးပစ်ဖို့ အဆိပ်ပင်ရေလောင်းခဲ့တဲ့ နိဒါန်းပဲထင်ပါတယ်ဗျာ။

အခုတော့ ကျုပ်ဆေးလိပ်ကို သောက်သာသောက်နေရတယ်။ အရင်တုန်းကရခဲ့တဲ့ ထူးကဲတဲ့ အရသာမျိုး ကျုပ်မှာ မခံစားရတော့ဘူး။ အားအားရှိ ပိုက်ဆံမီးရှို့နေသလိုပါဘဲ။ ဒါပေမယ့် ဒီဆေးလိပ်ကိုမှ မသောက်ရရင် နေလို့မဖြစ်လေတော့ ဆက်သောက်ရတာပေါ့ဗျာ။ အဲ ... အရင်ကလို အရသာကိုသာ ခံစားလို့မရတော့တာ ... အရမ်းကိုတော့ မောတတ်လာပြီဗျ။ အိမ်ကနေ လမ်းထိပ်လက်ဖက်ရည်ဆိုင်ကို အသွားအပြန် ချီတက်ရရင်ပဲ ကျုပ်မှာ မောလိုက်တာ ...။ အသက်အရွယ်နဲ့ မလိုက်အောင်ကို မောတာ။ ဒီလိုဆိုရင် အဘိုးပြောခဲ့တဲ့ စကားက မှန်သလိုပဲနော့။ အခုနောက်ပိုင်းမှာ ကျုပ်ချောင်းတွေ အရမ်းဆိုးလာတယ်။ အရင်ကလည်းဆိုးဖူးတာပါပဲ။ ဒါပေမယ့် အခုတခါတော့ တမျိုးကြီးဗျ။ ချောင်းဆိုးတဲ့ရက်တွေ၊ အခေါက်ရေတွေ ပိုပြီးစိပ်လာတယ်။ ကျုပ်မိန်းမကတော့ ကောင်းရှာပါတယ်။ ဆေးလိပ်တိုတွေကိုလွှင့်ပစ်၊ ဆေးလိပ်အသစ်တွေကို ဝှက်ထားနဲ့ ကျုပ်ဆေးလိပ်မသောက်ရရေးအတွက် အလုပ်ကိုရှုပ်လို့။ ကျုပ်ဆေးလိပ်သောက်နေရင်လဲ အနားမှာပွစိပွစိနဲ့။ ဒီလောက်ပါပဲ။ ကျုပ်တို့ရန်မဖြစ်ကြပါဘူး။ ကျုပ်အပေါ်မှာထားတဲ့ သူရဲ့စေတနာကို ကျုပ်နားလည်ပါတယ်။ ဒါပေမယ့် ကျုပ်ဆေးလိပ်ကို မဖြတ်နိုင်ဘူးလေ။ ဒါကိုသူလည်းသိသားပဲ။ ကျုပ်လည်း ဆေးလိပ်သောက်လို့ ချောင်းဆိုးတယ်ဆိုတာ သိတာပေါ့။ ကလေးမှမဟုတ်တော့ဘဲ။ ကလေးအဖေတောင် ဖြစ်နေပြီပဲဗျာ။ ဒါပေမယ့်ဗျာ ဆေးလိပ်ဖြတ်တဲ့ဒုက္ခနဲ့ ချောင်းဆိုးတာက ကျုပ်စိတ်ထဲမှာ လွန်ဆွဲနေကြတယ်လေ။ အခုထိလည်းဆွဲနေကြတုန်း။ ဒါပေမယ့် အနှစ်နှစ်ဆယ်သက်တမ်းရင့်တဲ့ ဆေးလိပ်သောက်ချင်စိတ်က နည်းနည်း အသာစီးရနေသလိုပါပဲ။ ကျုပ် ဆေးလိပ်ကို ဆက်သောက်တယ်။ နောက်ဆုံးဗျာ သလိပ်ထဲမှာ သွေးနည်းနည်းပါလို့ ဆေးခန်းသွားပြရတော့တာပေါ့။ အဲဒီတော့ ဆရာဝန်က ကျုပ်ကို သေသေချာချာ စစ်ဆေးပြီး စကားတခွန်း ပြောလိုက်တယ်ဗျ။ "ခင်ဗျားရဲ့အသက်နဲ့ ဆေးလိပ် ဘယ်ဟာကို ပိုချစ်သလဲ" တဲ့။ ကျုပ်အသက်ကို ကျုပ်ချစ်တာပေါ့။ ဒါကတော့ လူတိုင်း ဒီလိုပဲခံစားရတာပဲ။ ဒါပေမယ့် ဆေးလိပ်ကို ကျုပ်ကအသက်ထက်ဆုံးသောက်ခဲ့လေတော့။ "အင်း ... နည်းနည်းတော့ လျှော့သောက်ရတော့မှာပေါ့"။ ဆရာဝန်ကတော့ ကျုပ်ကို ဆေးလိပ်ဖြတ်ဖို့ပဲ တွင်တွင်ကြီး တိုက်တွန်းနေတယ်။ ကျုပ်ဆေးလိပ်ဖြတ်လို့ ခံစားရတဲ့ ဒုက္ခဆင်းရဲကိုတော့ သူဘာမှမသိဘူး။ ထားပါလေ ... သူက ဆေးလိပ်မသောက်ဖူးလို့ နေမှာပေါ့နော့။ ဒါမှမဟုတ် သေလောက်တဲ့အန္တရာယ်ရှိနေလို့ သတိပေးတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကျုပ်ကသေရမှာတော့ ကြောက်သားဗျ။ လျှော့သောက်ဖို့ ဆုံးဖြတ်လိုက်တယ်။

ကျုပ်ဆေးလိပ်ကို လျှော့သောက်လိုက်ပါပြီ။ ဒါပေမယ့်ဗျာ လျှော့ပါတယ်ဆိုမှ ပိုပိုပြီးတိုးလာသလိုပါပဲ။ ချောင်းတဟွတ်ဟွတ်ဆိုးပြီး အင်အားလျော့ရဲနေတဲ့ကြားက ဆေးလိပ်မီးခိုးတဖွားဖွားကြားမှာ ကျုပ်စာရေးမပျက်ခဲ့ဘူး။ ကျုပ်ရဲ့စာရေးစားပွဲခုံအောက်က ဆေးလိပ်ပြာခွက်ထဲမှာ ဆေးလိပ်တိုတွေတပုံကြီးဗျ။ ကျုပ်ကခေါင်းမာတဲ့သူဆိုတော့ အခြားသူမပြောနဲ့ ကျုပ်ကိုကျုပ်တောင် ပြောရခက်တယ်။ "အခုဆေးလိပ်သောက်လို့ အခုချက်ချင်းသေသွားမှာလား" ဆိုပြီး ခေါင်းမာမာနဲ့ဆက်သောက်တော့တာပေါ့ဗျာ။ တနေ့တော့ ကျုပ်သွေးတွေအန်တယ်။အတော့်ကိုများတယ်ဗျ။ ချောင်းမဆိုးရဲဘူး။ ချောင်းဆိုးတာနဲ့သွေးတွေပါလေတော့ ...။ ကျုပ်ရဲ့စိုးရိမ်မှုတွေက ကျုပ်ရဲ့ငယ်ထိပ်အထိကို တက်ဆောင့်နေပြီး။ မဖြစ်ဘူး မဖြစ်ဘူး။ ကျုပ်မိန်းမနဲ့ ကျုပ်ရဲ့သားသမီးတွေ သိလို့မဖြစ်ဘူး။ သိရင် သူတို့စိုးရိမ်ကုန်လိမ့်မယ်။ ကြမ်းခင်းပေါ်မှာ ပေကျံနေတဲ့ သွေးတွေကို ကျုပ်ကမန်းကတန်း

(စာမျက်နှာ ၁၄ သို့ ...)

လူထုကျန်းမာရေးပညာပေး ဆရာဝန့်တာဝန်

ဒေါက်တာခွန်စိုးမိုး

ဆရာဝန်များသည် ဘဝတလျှောက်လုံး ကျောင်းသားများဖြစ်ကြသည်။ နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသော ဆေးပညာကို သိရှိမှသာ မိမိ၏လူနာများအား ကောင်းမွန်သောကုသမှုကို ပေးနိုင်မည်ဖြစ်သည်။ အကယ်၍ လူနာများအား အဆင့်မမီသော ကုသမှုမျိုးပေးလျှင်၊ ဆရာဝန်ကျင့်ဝတ်နှင့် ညီပါ၏လား ဆိုသည်ကိုပင်စဉ်းစားသင့်ပေသည်။ တဘက်တွင် ကုသမှုလုပ်ငန်းဖြင့် အချိန်ကုန်နေလင့်ကစား၊ စာဖတ်ချိန်များများ မပေးနိုင်သည့်တိုင်၊ ကျွမ်းကျင်ပညာရှင်များ သင်ကြားပို့ချပေးသော စဉ်ဆက်မပြတ်ဆေးပညာသင်ကြား ပို့ချချက်များကို တက်ရောက်ခြင်းဖြင့် အချိန်တိုတိုအတွင်း၊ ခေတ်မီနည်းစနစ် ဗဟုသုတများများ ရစေနိုင်သည်။ တဘက်တွင် နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍ အစဉ်အမြဲတိုးတက်ရေးအတွက်စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးသည် မရှိမဖြစ်လိုအပ်နေသည်။

ဆရာဝန်များကို ပညာပေးခြင်းသည် အရေးကြီးသကဲ့သို့၊ လူထု ကျန်းမာရေးပညာပေးခြင်းသည်လည်း ပို၍အရေးကြီးလှပေသည်။ ဤလူထုပညာပေးခြင်းတွင် ကျောင်းဆရာ၊ စာရေးဆရာစသည်တို့ဖြင့် လူတိုင်းကိုယ်စီတာဝန်ရှိကြသော်လည်း၊ ကျန်းမာရေးပညာပေးခြင်းတွင်မူ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ သတင်းဖြန့်ဝေမှုသည် လွန်စွာအရေးပါလှပေသည်။

သို့ဆိုလျှင် ဆရာဝန်များ၏ အခန်းကဏ္ဍမှာအဘယ်နည်း။ သူတို့မှာကော လူထုပညာပေး ကဏ္ဍအတွက် တာဝန်မရှိပေဘူးလား။

ဆရာဝန်တိုင်း တာဝန်တရပ်အနေဖြင့် ဆေးကုခန်းတွင် ပညာပေးဟောပြောခြင်း မပြုသင့်ဘူးလား။ မိမိထံသို့ လာရောက်သောလူနာနှင့်အဖော်များကို ကိုယ်ကစပြီး သူတို့၏ရောဂါအကြောင်း၊ ပြုပြင်သင့်သည့် အနေအထိုင်ပုံစံတို့မှအစ တခေါက်လျှင် တမိနစ်မျှလောက် ဟောပြောကြည့်ကြစေလိုပါသည်။ ထိုအခါ လူနာများဘက်မှ ပြန်လည်တင်ပြမည့် အခက်အခဲများကိုလည်း ကြားသိလာရမည်ဖြစ်သည်။ လူနာများကလည်း သင့်အပေါ် ပိုမိုယုံကြည်လာလိမ့်မည်။ ဤသို့ဖြင့် ဆရာဝန်နှင့်လူနာကြား နွေးထွေးမှုလည်း ရလာသည်ကို တွေ့လိမ့်မည်။ သတိထားရမည့်အချက်မှာ ပညာပေးခံရသောသူများသည် ဆေးဘက်ဆိုင်ရာဝန်ထမ်းမဟုတ်သဖြင့် ဆေးအသုံးအနှုန်းများ တတ်နိုင်သလောက် ရှောင်ပါ။ နည်းနည်းနှင့်မှတ်မိအောင်ပြောပါ။

လူထုလူတန်းစား အားလုံး ကျန်းမာရေးတွင် စိတ်ဝင်စားမှုရှိပြီး၊ အနာဂတ်တွင် ကျန်းမာဖွံ့ဖြိုးသော လူ့အဖွဲ့အစည်း ဖြစ်ရန်အတွက် ဆရာဝန်များသည် တဖက်တွင် သင်ယူရင်း တဖက်တွင်လည်း သင်ကြားပို့ချရန် တာဝန်ရှိပါသည်။ အကောင်းဆုံး သင်ယူနည်းသည် သင်ကြားပို့ချခြင်းဟု အဆိုရှိသည် မဟုတ်ပါလား။ ■

တီဘီရောဂါအမြစ်ပြတ်တိုက်ဖျက်ရေးအတွက် ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီးဘီလ်ဂိတ်ဒေါ်လာသန်း (၉၀၀) လှူဒါန်း

ကမ္ဘာ့တဝန်း (၁၅)စက္ကန့်လျှင် တဦးနှုန်းသေဆုံးနေရတဲ့ တီဘီရောဂါ အမြစ်ပြတ်တိုက်ဖျက်ရေးစီမံကိန်းအတွက် အမေရိကန်လူမျိုး ကွန်ပျူတာဆော့ဖ်ဝဲ လုပ်ငန်းရှင် ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီး ဘီလ်ဂိတ်က အမေရိကန်ဒေါ်လာ သန်း(၉၀၀)လှူဒါန်းမယ်လို့ ဆွစ်ဇာလန်နိုင်ငံ ဒါဗိုမြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ ကတိပြုခဲ့တယ်လို့ သတင်းရရှိပါတယ်။ အာဖရိကတိုက်နဲ့ ဆင်းရဲတဲ့နိုင်ငံတွေမှာ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါနဲ့ ပူးတွဲဖြစ်ပွားလာတဲ့ တီဘီအန္တရာယ် အချက်ပေးခေါင်းလောင်းသံနဲ့ပတ်သက်ပြီး ဘီလ်ဂိတ်က 'သိပ်ကိုပြင်းထန်တဲ့ရောဂါတမျိုးပါ။ ပုဂ္ဂလိကဆေးကုမ္ပဏီတွေ၊ ပရဟိတအလှူရှင်တွေ၊ နိုင်ငံအစိုးရတွေအားလုံး ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်'လို့ ဆော်ဩခဲ့ကြောင်း သိရပါတယ်။

တချိန်တည်းမှာပဲ နိုင်ဂျီရီးယားသမ္မတ အိုဘာဆန်ဂျိုနဲ့ ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ဂေါ်ဒွန်ဘရောင်းတို့ကလည်း တီဘီဝေဒနာရှင်သန်း(၅၀)ကို ထိရောက်စွာကိုင်တွယ်ကုသမယ့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စီမံကိန်းသစ်ကို ထောက်ခံခြင်းအားဖြင့် (၁၀)နှစ်အတွင်းရောဂါသည်(၁၄)သန်းကို ကယ်တင်ဖို့ လိုအပ်ကြောင်း ကမ္ဘာ့ခေါင်းဆောင်များကို တိုက်တွန်းခဲ့ပါတယ်။ အဲဒီစီမံကိန်းအတွက် ကုသရေးလည်ပတ်စရိတ် အမေရိကန် ဒေါ်လာ(၄၇)ဘီလီယံနဲ့ သုတေသန အသုံးစရိတ် ဒေါ်လာ(၉)ဘီလီယံ အသီးသီးလိုအပ်မယ်လို့လည်း သိရပါတယ်။ ■

Ref: AP

အိပ်ချ်အိုင်ဗွီပိုင်းရပ်စ်အမျိုးအစားပေါ်မူတည်ပြီးအချိန်ဘယ်လောက်ကြာကြာ အသက်ဆက်ရှင်နိုင်မလဲသိနိုင်



အေအိုင်ဒီအက်စ်ရောဂါ ဝေဒနာခံစားနေရတဲ့ လူနာတဦးရဲ့ဘဝ နေဝင်ချိန်ဟာ အခြားအကြောင်း အရာများထက် အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်အမျိုးအစားပေါ် ပိုပြီးမူတည်ကြောင်း အမေရိကန်နဲ့ ယူဂန္ဒာ ဆေးပညာရှင်များက ပြောကြားလိုက်ပါတယ်။ အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ် အမျိုးအစား(ဒီ) စွဲကပ်နေတဲ့ ဝေဒနာရှင်တွေဟာ (အေ) အမျိုးအစားစွဲကပ်နေသူတွေထက် ပိုမိုလျင်မြန်စွာ သေဆုံးလေ့ရှိကြောင်း တွေ့ရှိခဲ့ကြပြီး လူနာရဲ့ သွေးထဲမှာ ဗိုင်းရပ်စ်ပိုး မည်မျှရှိတယ်ဆိုတာထက် ဗိုင်းရပ်စ်ပိုး အမျိုးအစားကသာ ပိုပြီးအရေးကြီးကြောင်း ဂျွန်ဟော့ပ်ကင်း တက္ကသိုလ်မှ ထိပ်တန်းသုတေသနမှူး အော်လီဗာလေယန်ဒက်လာက သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

၁၉၉၅ခုနှစ်မှ ၂၀၀၁ခုနှစ်အတွင်း အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ယောကျ်ား၊ မိန်းမစုစုပေါင်း(၃၀၀)လောက်ကို လေ့လာတဲ့အခါမှာ ၅၈ဦးဟာ အိပ်ချ်အိုင်ဗွီ(အေ) အမျိုးအစားစွဲကပ်နေခဲ့ပြီး ၂၀၃ဦးဟာ (ဒီ)အမျိုးအစားစွဲကပ်နေခဲ့ကြောင်း တွေ့ရတယ်လို့ ဆိုပါတယ်။ (ဒီ)အမျိုးအစား စွဲကပ်နေသူတွေထဲက (၁၀)ရာခိုင်နှုန်းဟာ သေဆုံးသွားကြကြောင်း တွေ့ရှိခဲ့ရပါတယ်။ (အေ)အမျိုးအစား စွဲကပ်နေသူတွေဟာ ပျမ်းမျှအားဖြင့်(၈.၈)နှစ်ကြာ ဆက်လက်အသက်ရှင်နေထိုင်ပြီး (ဒီ) အမျိုးအစား စွဲကပ်နေသူတွေကတော့ (၆.၉)နှစ် ဆက်လက်အသက်ရှင်နေထိုင်နိုင်ကာ (အေဒီ) ရောနှောစွဲကပ်နေသူတွေကတော့ (၅.၈)နှစ်သာ အသက်ရှင်နေထိုင်နိုင်တယ်လို့ သိရပါတယ်။ ■

Ref: Reuters

(စာမျက်နှာ ၁၃ မှအဆက် ...)

ပဲ သုတ်လိုက်တယ်။ သွေးတွေကို သုတ်နေတဲ့ကြားထဲက ကျုပ်ပါးစပ်ကသွေးတွေ ဆက်အန်တုန်း။ ဒီလောက်ဆို ကျုပ်သဘောပေါက်ပါပြီး။ ကျုပ်ဆေးခန်းကို ပြန်သွားရမယ်။ အမြန်ဆုံးပြန်သွားရမယ်။ သေသေချာချာ ဆေးကုသမှု ခံယူပြီး ဆေးလိပ်ကို လုံးဝဖြတ်ပစ်ရမယ်။ ဟုတ်တယ် ... ဒါအရေးကြီးတယ်။ ကျုပ်မသေချင်သေးဘူးဗျာ။ ကျုပ်သားသမီးတွေအတွက် လုပ်စရာတွေ အများကြီးကျန်သေးတယ်။ သူတို့လေးတွေကို အများကြီး မြေတောင်မြှောက်ပေးရအုံးမှာ။ ကျုပ်မိန်းမတယောက်တည်းနဲ့တော့ မဖြစ်ဘူး။ ကျုပ်သားသမီးတွေရဲ့ အနာဂတ်လှပဖို့အတွက် ကျုပ်ရှိမှဖြစ်မှာဗျ။ ကျုပ်ရှိမှဖြစ်မှာ။ ကျုပ်သေလို့မဖြစ်သေးဘူး။ အို ... ကျုပ်မသေရဘူးဗျာ၊ လုံးဝမသေရဘူး၊ ကျုပ်အခု ဆေးခန်းသွားမယ်။ ဒီဆရာဝန်နဲ့ကုမရရင် အခြားပါရဂူကြီးတွေနဲ့ ကုမယ်ဗျာ။ အခုသွားမယ်။ ကျုပ်ခေါင်းထဲမှာ ဒီလိုအတွေးပေါင်းစုံနဲ့ ချာချာလည်နေတဲ့အချိန်မှာ အမြင်အာရုံတွေကလည်း ရိပ်ခနဲ ရိပ်ခနဲပါပဲ။ ခေါင်းထဲမှာလည်း မိုက်ခနဲ မိုက်ခနဲဖြစ်လို့။ ကျုပ်ဆေးခန်းကိုသွားဖို့အတွက် အဝတ်အစားလဲဖို့ ထရပ်လိုက်တယ်။ ဒါပေမယ့်ဗျာ ... ကျုပ်မတ်တပ်တောင် မရပ်သေးပါဘူး။ ပြန်လဲကျသွားတယ်။ ကျုပ်လဲကျသွားတဲ့အချိန်မှာ စားပွဲပေါ်ကပန်းအိုးကို တိုက်မိလို့ "ခွမ်း"ဆိုတဲ့ ပန်းအိုးကျသံနဲ့အတူ အောက်ထပ်က ကျုပ်မိန်းမရဲ့ "ဟဲ့ ... သားငယ် အပေါ်မှာ နင့်အဖေ ဘာဖြစ်လဲမသိဘူး "ဆိုပြီး စိုးရိမ်တကြီး မေးမြန်းနေတဲ့အသံကို ကျုပ်ကြားလိုက်ရတယ်။ ခဏကြာတော့ "မေမေရေ ဒီမှာ ဖေဖေဘာဖြစ်လဲမသိဘူး သွေးတွေလည်းအများကြီးပဲ ...လာကြည့်ပါဦးမေမေ ... ဖေဖေရေ ထပါဦး"။ အသံပြဲကြီးနဲ့ ငိုချလိုက်တဲ့အသံတွေ၊ အပေါ်ထပ်ကို အပြေးအလွှားတက်လာတဲ့ခြေသံတွေ၊ ဒီအသံတွေကြားမှာပဲ ကျုပ်သတိလစ်သွားတယ်ဗျာ ...။

ကျုပ်ဆေးရုံပေါ် ရောက်နေပြီဆိုတာသိတယ်။ ဘေးနားမှာ ဆရာဝန်ကြီးတွေ၊ သူနာပြုဆရာမလေးတွေ၊ ကျုပ်မိန်းမနဲ့ သားသမီးတွေ ပြီတော့ ရပ်ကွက်ထဲက အသိမိတ်ဆွေတွေ ရှိနေမယ်ဆိုတာ ကျုပ်သိပါတယ်။ ဒါပေမယ့်ဗျာ ... သူတို့ရဲ့အသံတွေ သူတို့ရဲ့ ရုပ်လွှာတွေကို ကျုပ်မြင်နိုင်စွမ်း မရှိတော့ပါဘူး။ ကျုပ်စကားပြောချင်တယ်ဗျာ ... ။ ဒါပေမယ့် စကားလုံးတွေက နှုတ်ခမ်းဖျားထဲမှာပဲ ပျောက်ဆုံးနေတယ်။ နောက်ဆုံးအခွင့်အရေးအနေနဲ့ ကျုပ်သားသမီးတွေကို တခုလောက်ပဲ မှာခဲ့ချင်ပါတယ်ဗျာ။ "မင်းတို့အဖေဖြစ်တဲ့ငါဟာ သေတဲ့အထိ ဆေးလိပ်ကို လက်ကြားက မချခဲ့တဲ့အတွက် ဒီလိုဝေဒနာဆိုးကြီးနဲ့ အတူ သားတို့၊ သမီးတို့နဲ့ခွဲခွာရတော့မယ်ကွာ ... ဒါကြောင့် မင်းတို့တွေ ဆေးလိပ်ကို သေတဲ့အထိ လက်ဖျားနဲ့တောင် မတို့မိကြပါနဲ့လို့ ...။ ■

စောအဲအဲ (MTC)

ကျန်းမာရေးဂျာနယ်သို့ စာမူပေးပို့လိုလျှင် ...
အယ်ဒီတာအဖွဲ့
နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်
စာကြည့်တိုက်၊ မယ်တော်ဆေးခန်း
မဲဆောက်မြို့။
P.O.Box (21), Mae Sot, 63110
Tak Province, Thailand
E-mail : ntg05journal@yahoo.com
doctorlunswe@yahoo.com
sorpdb@yahoo.com
Ph : BMA Office - 055544495
Dr Lun Swe - 012841418
Nai Aye Lwin - 078458939

ပန်းချီပညာရှင်များ – တင်ကိုကိုဦး
သတင်းဓာတ်ပုံ – BMA၊ မန်းမျိုးမြင့်၊ နိုင်အေးလွင်

တရုတ်နိုင်ငံရဲ့ကူးစက်ရောဂါဖြစ်ပွားမှုနှုန်းအများဆုံးထဲမှာ အေအိုင်ဒီအက်စ်ရောဂါကတတိယနေရာလိုက်နေ

တရုတ်နိုင်ငံမှာဖြစ်ပွားနေတဲ့ ကူးစက်ရောဂါများထဲမှာ အေအိုင်ဒီအက်စ်ရောဂါ ကူးစက်မှုနှုန်းက အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကူးစက်မှုနှုန်းကို ကျော်လွန်ပြီး တတိယ အသေအပျောက် အများဆုံး ရောဂါအဖြစ် ရောက်ရှိလာခဲ့ကြောင်း တရုတ်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အရင်နှစ်က ကူးစက်ရောဂါဖြစ်ပွားသူ(၄.၄၂)သန်းရှိခဲ့ပြီး လူပေါင်း(၁၃၂၆၃)ယောက် သေဆုံးကာ ရောဂါဖြစ်ပွားမှုနှုန်း (၁၂.၇) ရာခိုင်နှုန်းနဲ့ သေပျောက်မှုနှုန်း (၈၁.၉၂)ရာခိုင်နှုန်း ရှိခဲ့တယ်လို့ ဆိုပါတယ်။

တီဘီ၊ အသည်းရောင်အသားဝါ(ဘီ)၊ ဝမ်းကိုက်ရောဂါ၊ ဂနိုနဲ့ဆစ်ဖလစ်ရောဂါတွေဟာ အများစုတွေ့ရတဲ့ရောဂါ (၅)မျိုးဖြစ်ပြီး (၈၅.၆၆)ရာခိုင်နှုန်း ရှိခဲ့တယ်လို့ ဆိုပါတယ်။ တီဘီရောဂါ၊ ခွေးရူးပြန်ရောဂါ၊ အေအိုင်ဒီအက်စ်၊ အသည်းရောင်အသားဝါ(ဘီ)နဲ့ မေးခိုင်ရောဂါတွေဟာ မွေးကင်းစကလေးငယ်တွေသေပျောက်မှုနှုန်းထဲမှာ အဓိကရောဂါတွေဖြစ်ခဲ့ပြီး (၈၉.၇)ရာခိုင်နှုန်း ရှိတယ်လို့ သိရပါတယ်။ ဆားစ်ရောဂါ၊ ပိုလီယိုရောဂါနဲ့ ဆုံဆို့နာ ရောဂါတွေကြောင့် သေဆုံးမှုနှုန်းထားကိုတော့ ထုတ်ပြန်ကြေညာတာ မတွေ့ရကြောင်း အဆိုပါ သတင်းက ဆိုပါတယ်။

အသက်ရှူလမ်းကြောင်း မှတဆင့် ကူးစက်တဲ့ ရောဂါဖြစ်ပွားမှုနှုန်းဟာလည်း (၃၁.၇)ရာခိုင်နှုန်းသို့ တက်လာခဲ့တယ်လို့ သိရပါတယ်။ အဲဒီအထဲမှာ ဝက်သက်ရောဂါက (၇၃.၅၂) ရာခိုင်နှုန်း ရှိခဲ့ပြီး တီဘီရောဂါက (၂၉.၀၃)ရာခိုင်နှုန်းသို့ တက်လာခဲ့ကြောင်း သိရပါတယ်။ ■

Ref: Xinhuanet

အိန္ဒိယနဲ့မလေးရှားနိုင်ငံတွေမှာကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် အာရှအိမ်နီးချင်း(၅)နိုင်ငံမှာကြက်ငှက်တင်သွင်းခွင့်ပိတ်ပင်

ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်းက အိန္ဒိယနဲ့ မလေးရှားနိုင်ငံတွေမှာ ကြက် ငှက်တုပ်ကွေးရောဂါတွေ ဖြစ်ပွားလာမှုကြောင့် တရုတ်အပါအဝင် အာရှအိမ်နီးချင်း (၅)နိုင်ငံမှာ ကြက်ငှက်တင်သွင်းမှုကို ပိတ်ပင်တားဆီးမှုတွေ ပြုလုပ်ခဲ့ကြောင်း၊ ရောဂါကူးစက်မှုဟာ ဥရောပအထိ ဆက်လက်ပြန့်နှံ့နေဆဲဖြစ်ကြောင်းသတင်းရရှိပါတယ်။

ဟန်ဂေရီနဲ့ ဆလိုဗက်ကီးယားနိုင်ငံတွေမှာ H5N1 ဗိုင်းရပ်စ်အမျိုးအစားကိုလည်းကောင်း၊ ဘော့စနီးယားနဲ့ ဟာဇီဂိုးဗီးနားမှာ H5 အမျိုးအစား ဗိုင်းရပ်စ်ကိုလည်းကောင်း တွေ့ရှိခဲ့ရတယ်လို့ ဆိုပါတယ်။ အလားတူ အာဖရိကနဲ့ နိုက်ဂျီးယားနိုင်ငံတွေမှာလည်း ရောဂါပျံ့နှံ့လာတဲ့အတွက် ကြက်ငှက်သုတ်သင်မှုတွေကို အလုံးအရင်းနဲ့လုပ်ဆောင်နေရကြောင်း သက်ဆိုင်ရာနိုင်ငံတွေက သတင်းထုတ်ပြန်ကြေညာခဲ့ပါတယ်။

မလေးရှားနိုင်ငံမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုအပေါ် ဒေသခံတွေကကြောက်ရွံ့နေမှုကြောင့် နိုင်ငံရဲ့အကြီးဆုံး ကြက်မွေးမြူဖြန့်ဖြူးရေး လုပ်ငန်းအပါအဝင် အာရှရဲ့အကြီးမားဆုံးကက်စီနို လောင်းကစားရုံကြီးကိုလည်း လာရောက်လည်ပတ်တော့တဲ့သူမရှိလို့ ပိတ်ပစ်လိုက်ရကြောင်း၊ အခြားစီးပွားရေးလုပ်ငန်းများစွာကိုလည်း ထိခိုက်မှုဖြစ်စေခဲ့ကြောင်း၊ စားသောက်ကုန်လုပ်ငန်းအပေါ်လည်း လူထုရဲ့ယုံကြည်မှု အလျင်အမြန်လျော့ကျလာနေကြောင်း သိရပါတယ်။ တချိန်တည်းမှာပဲ ကာကွယ်ဆေးထုတ်လုပ်တဲ့ Novartis AG ဆေးကုမ္ပဏီက တိရိစ္ဆာန်ကနေ လူကိုကူးစက်လာဖွယ်ရှိတဲ့အတွက် ကာကွယ်ဆေးတိုးမြှင့်ထုတ်လုပ်ဖို့ ပြင်ဆင်နေကြောင်း သတင်းရရှိပါတယ်။ ■

Ref: AP

သုံးနှစ်အတွင်း အိပ်ချ်အိုင်ဗွီကူးစက်မှုနှုန်း ထက်ဝက်လျှော့ချနိုင်ဖို့ ထိုင်းနိုင်ငံကစီစဉ်နေ

အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးကြိုးပမ်းမှုရဲ့ တစိတ်တဒေသအနေနဲ့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုနှုန်းကို ထက်ဝက်လျှော့ချနိုင်ဖို့ ထိုင်းနိုင်ငံက စီစဉ်နေကြောင်း အေပီသတင်းတပုဒ်မှာ ဖော်ပြခဲ့ပါတယ်။ ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အာရွှန်ပေါ်ဆာဝါဒီက 'ထိုင်းနိုင်ငံက ကာကွယ်ရေးစီမံကိန်းတွေအားကောင်းဖို့ မဟာဗျူဟာရည်မှန်းချက်တခုအနေနဲ့ ရှေ့ဆက်ဆောင်ရွက်သွားမှာဖြစ်တယ်။ ကျနော်တို့ ၂၀၀၈ခုနှစ်မှာ အိပ်ချ်အိုင်ဗွီပိုးကူးစက်သူ ၇၅၀၀ လောက်ပဲတိုးမယ်လို့ထင်ပါတယ်။ ပြီးတော့ ၂၀၁၀ မှာ ၆၁၀၀ အောက်ကိုရောက်သွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်'လို့ ပြောကြားသွားပါတယ်။ ၂၀၀၅ခုနှစ်က ထိုင်းနိုင်ငံမှာ အိပ်ချ်အိုင်ဗွီကူးစက်မှုအသစ် ၁၅၀၀ ရှိခဲ့တယ်လို့လည်း သိရပါတယ်။

ထိုင်းနိုင်ငံမှာ လွန်ခဲ့တဲ့ (၂၂) နှစ်က အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ပထမဆုံးအကြိမ် တွေ့ရှိခဲ့ပြီးနောက် အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကူးစက်ခံရသူ တသန်းကျော် ရှိလာပြီလို့ ထိုင်းအစိုးရက ပြီးခဲ့တဲ့နှစ် ဇူလိုင်လအတွင်းမှာ ပြောကြားခဲ့ပါတယ်။ အဲဒီအထဲမှ လူ(၅၀၀၀၀၀) ခန့် သေဆုံးခဲ့ပြီး လူ(၅၀၀၀၀၀)ကျော်ဟာ အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကူးစက်ခံထားရတယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံဟာ ၁၉၈၀ပြည့်လွန်နှောင်းပိုင်းနှစ်များက ရောဂါတိုက်ဖျက်ရေးကို လျင်လျင်မြန်မြန် ဆောင်ရွက်ခဲ့ပေမယ့် ၂၀၀၄ခုနှစ်မှာတော့ အရှိန်အဟုန်နှေးကွေးခဲ့တယ်လို့ ပညာရှင်တွေက သတိပေးခဲ့ပါတယ်။

ကုလသမဂ္ဂရဲ့ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်တိုက်ဖျက်ရေး ပူးတွဲအဖွဲ့က ဒေသဆိုင်ရာညွှန်ကြားရေးမှူး မစ်ချယ်ဆီဒီဘီက 'လူငယ်တွေဆီကရတဲ့ အချက်အလက်တွေအရ ခွဲခြားဆက်ဆံမှုအမျိုးမျိုးဟာ အဓိကရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုဖြစ်တယ်'လို့ ပြောကြားခဲ့ပါတယ်။ လိင်တူဆက်ဆံသူတွေ၊ ပြည့်တန်ဆာတွေကို ခွဲခြားဆက်ဆံမှုနဲ့ ပြည်ပမှလာရောက်နေထိုင်သူတွေကြား ခွဲခြားဆက်ဆံမှုတွေဟာ စိန်ခေါ်တဲ့အဆင့်ကို ရောက်ရှိနေကြောင်း ဆီဒီဗီက အေအက်ဖ်ပီသို့ ပြောကြားခဲ့ပါတယ်။ ■

Ref: AFP

နှလုံးရောဂါသည်မိခင်လောင်းတွေအသက်အန္တရာယ်သတိထားဖို့လို

နှလုံးရောဂါရှိနေတဲ့ ကိုယ်ဝန်ဆောင်မိခင်လောင်းတွေ မသေသင့်ဘဲသေဆုံးရခြင်းမှ တားဆီးကာကွယ်ဖို့အတွက် ကျွမ်းကျင်ဆရာဝန်တွေကို ပိုမိုလေ့ကျင့်မွေးထုတ်ထားပေးရမယ်လို့ ပါရဂူတွေက အကြံပြုတိုက်တွန်းထားကြောင်း ဗြိတိန်ကျန်းမာရေးဂျာနယ်က ဖော်ပြလိုက်ပါတယ်။ ဆေးဘက်ဆိုင်ရာပါရဂူတွေက အကြံပြုထားရာမှာ နှလုံးရောဂါသည် ကိုယ်ဝန်ဆောင်မိခင်တွေဟာ အခြားသာမန်မိခင်လောင်းတွေထက် ပိုပြီးသေဆုံးနိုင်ခြေရှိနေတယ်၊ ကိုယ်ဝန်ဆောင်စဉ်အတွင်းမှာ နှလုံးရောဂါအခံကြောင့် ရုတ်တရက် နှလုံးသွေးရပ်သွားခြင်း၊ လေဖြတ်သွားခြင်းနဲ့ နှလုံးရောဂါကြောင့် သေဆုံးသွားခြင်းအထိပင် ဖြစ်သွားနိုင်ပြီး ကလေးကိုပါ အန္တရာယ်ဖြစ်နိုင်ဖွယ်ရှိတယ်လို့ သတိပေးထားပါတယ်။ အဲဒီလို အန္တရာယ်ရှိလင့်ကစား မှန်မှန်ကန်ကန် ပြုစုစောင့်ရှောက်မယ်ဆိုရင်တော့ ကိုယ်ဝန်ဆောင်လို့ရတယ်လို့လည်း ပါရဂူတွေရဲ့ အကြံပြုချက်ထဲမှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် နာတာရှည်နှလုံးရောဂါရှိနေတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေဟာ အထူးကုဆရာဝန်တွေရဲ့မှန်ကန်တဲ့အကြံပြုချက်နဲ့ ကလေးမွေးဖွားဖို့ ဂရုတစိုက် ပြင်ဆင်စီမံထားမှုတွေ ပြုလုပ်ထားရင် အန္တရာယ်ကင်းစွာ ကလေးမွေးဖွားနိုင်တယ်။

ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း အချိန်ကြာမြင့်စွာနဲ့ ခက်ခက်ခဲခဲ နေထိုင် လုပ်ကိုင်ရတဲ့ အလုပ်မျိုးတွေကို ရှောင်ရမှာဖြစ်ပြီး ကိုယ်ဝန်ဆောင်စဉ်ကာလမှာ မိခင်နဲ့ သန္ဓေသားရဲ့အခြေအနေကိုလည်း အမြဲမပြတ် စောင့်ကြည့်မှတ်တမ်းပြုစုထားဖို့ လိုအပ်တယ်လို့လည်း ဖော်ပြထားပါတယ်။ ■

Ref: BBC

ကမ္ဘာကျော်ရုပ်ရှင်မင်းသားကြီး ဂျက်ကီချန်း အေအိုင်ဒီအက်စ်ဝေဒနာရှင်တွေကို အားပေးကူညီ

ကမ္ဘာတဝန်းမှာရှိတဲ့ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဝေဒနာသည်တွေကို ပစ်ပယ်လျစ်လျူရှုမှု လျော့နည်း ပပျောက်စေရေးအတွက် ကမ္ဘာကျော် အက်ရှင်မင်းသားကြီး ဂျက်ကီချန်းက အကူအညီပေးလျက်ရှိကြောင်းမြန်မာနိုင်ငံအခြေစိုက် ယူနီဆက်ရုံးရဲ့ သတင်း ထုတ်ပြန်ချက်အရ သိရှိ ရပါတယ်။ ဂျက်ကီချန်းသရုပ်ဆောင်ထားတဲ့ TV Sport အစီအစဉ်ကိုကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်) က စီစဉ်ထုတ်လွှင့်လိုက်ပြီး နှစ်စဉ် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါနဲ့ မွေးဖွားလာတဲ့ ကလေးသူငယ် သန်းပေါင်းများစွာအတွက် ပစ်ပယ်လျစ်လျူရှုထားခြင်းမှ သက်သာမှုရရှိစေမယ်လို့ မျှော်လင့်ကြောင်း ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။

TV Sport အစီအစဉ်မှာ ရုပ်ရှင်မင်းသားကြီး ဂျက်ကီချန်းက 'အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာသည်တွေကို ပစ်ပယ်တာ၊ခွဲခြားထားတာတွေဟာ အင်မတန် ရင်နာစရာကောင်းပါတယ်။ သူတို့လေးတွေဟာ ပညာရေး ချို့တဲ့ကြ၊ ဆေးဝါးကုသရေးမှာလည်း ချို့တဲ့ကြနဲ့ ခင်ဗျားတို့ ကျနော်တို့ရဲ့ မေတ္တာ၊ ကရုဏာနဲ့ ကာကွယ်ကုသပေးမှုတွေကိုလည်း မရရှိဘဲဖြစ်နေကြပါတယ်။ ဒါကြောင့်မို့ ကျနော်နဲ့အတူတူ ဒီခွဲခြားပစ်ပယ်ခံရမှုတွေကို တိုက်ဖျက် ပစ်ကြရအောင်၊ ကလေးတွေအတွက် ညီညွတ်ကြစို့၊ အေအိုင်ဒီအက်စ်တိုက်ဖျက်ကြစို့'လို့ အဆိုပါအစီအစဉ်မှာ မေတ္တာရပ်ခံ ထားကြောင်း သိရပါတယ်။ ရုပ်ရှင်မင်းသားကြီး ဂျက်ကီချန်းဟာ ယူနီဆက်ရဲ့ချစ်ကြည်ရေးသံတမန်အဖြစ် ကလေးသူငယ်များအရေးကို မြှင့်တင်ဖို့ မကြာသေးမီကကမ္ဘာအနှံ့ခရီးဆန့်ခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်မှာ ဆက်လက် ဖော်ပြထားပါတယ်။

'လူတယောက်ရဲ့လက်ကိုကိုင်ရုံလောက်နဲ့သော်လည်းကောင်း၊ စကားပြောဆိုရုံလောက်နဲ့သော်လည်ကောင်း၊ဂရုစိုက်ရုံလောက်နဲ့ သော်လည်ကောင်း အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ မကူးစက်နိုင်ပါဘူး။ အေအိုင်ဒီအက်စ် ကူးစက်ရာမှာ လူရွေးခြင်း မရှိသလို ကျမတို့ အနေနဲ့လည်း ဝေဒနာရှင်တွေကို ခွဲခြားဆက်ဆံမှု မပြုသင့်ပါဘူး' လို့လည်း ယူနီဆက်ဌာနေ ကိုယ်စားလှယ် မစ္စကယ်ရော်လောင်းကပြောဆိုခဲ့ပါတယ်။ ယူနီဆက်အနေနဲ့ မြန်မာနိုင်ငံမှာ ကလေးသူငယ်တွေနဲ့ လူငယ်လူရွယ်တွေကို အိပ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ရောဂါ ကူးစက်မှုမှ မိမိကိုယ်ကိုမိမိကာကွယ်နိုင်ဖို့နဲ့ဝေဒနာရှင်တွေကို ပစ်ပယ်လျစ်လျူရှုခြင်းကို လျော့နည်း ပပျောက်စေဖို့ လုပ်ဆောင်လျက် ရှိကြောင်း သတင်းရရှိပါတယ်။ ■

Yangon: Feb 24, 2006



ကြက်ငှက်တုပ်ကွေးကြောင့် လူဦးရေ(၁၄၂)သန်းခန့်သေဆုံးနိုင်

ကြက်ငှက်တုပ်ကွေးရောဂါသာ ကမ္ဘာတဝန်း ကူးစက်ဖြစ်ပွားပါက လူဦးရေ (၁၄၂)သန်းခန့် သေဆုံးနိုင်ပြီး အမေရိကန်ဒေါ်လာ ၄.၄ထရီလျံခန့် ဆုံးရှုံးသွားနိုင်ဖွယ် ရှိကြောင်း ဩစတြေးလျတက္ကသိုလ်မှ သုတေသီများ ပြုစုတဲ့ ထုတ်ပြန်ချက်တခုမှာ ဖော်ပြထားကြောင်း သိရပါတယ်။ သဘောထား တွေကို လွတ်လပ်စွာ အသိပေးထုတ်ပြန်ရေး သုတေသန အဖွဲ့အစည်းတခုဖြစ်တဲ့ 'လိုဝီအင်စတီကျု'က ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါတယ်။ မပြင်းထန်တဲ့ကြက်ငှက်တုပ်ကွေးပိုး ကျရောက်မှု လောက်နဲ့တင် ကမ္ဘာ့စီးပွားရေးကို ရေရှည်ထိခိုက် သွားစေနိုင်တယ်လို့ ဆိုပါတယ်။

ရောဂါကူးစက်မှု အပြင်းထန်အဆိုးဝါးဆုံး အခြေအနေတရပ်ပေါ်ပေါက်ပါက ဩစတြေးလျပြည်သူ (၁)ရာခိုင်နှုန်းခန့် (လူပေါင်း ၂၁၄၀၀၀)ခန့် သေဆုံးပြီး နိုင်ငံရဲ့ ဂျီဒီပီ (ပြည်တွင်းအသားတင်ထုတ်လုပ်မှု) ဟာလည်း ၁၀.၆ရာခိုင်နှုန်း ကျဆင်းသွားဖွယ်ရှိကြောင်း သုတေသနစာတမ်းပြုစုသူ၊ စီစဉ်ခန့်မှန်းသူနဲ့ ဩစတြေးလျ သီးသန့် ဘဏ်ဘုတ်အဖွဲ့ဝင် ပါမောက္ခ ဝါးဝစ်မက်ကစ်ဘင်နဲ့ ဩစတြေးလျအမျိုးသားတက္ကသိုလ်မှ သုတေသီတို့က ပြောဆိုပါတယ်။ သုတေသနထုတ်ပြန်ချက်မှာ အာဖရိကနဲ့ ဥရောပဒေသတွေကိုလည်း ကြက်ငှက်တုပ်ကွေး ရောဂါပိုး ဝင်ရောက်ပျံ့နှံ့နေကြောင်း ဖော်ပြထားပါတယ်။

အလွန်ကူးစက်မြန်တဲ့ H5N1 အမျိုးအစားကြက်ငှက်တုပ်ကွေးပိုးကြောင့် ၂၀၀၃ခုနှစ် မှစပြီး ကမ္ဘာတဝန်း လူပေါင်း (၉၁)ဦး ထက်မနည်းသေဆုံးခဲ့တဲ့အနက် အရှေ့တောင်အာရှနဲ့ တရုတ်နိုင်ငံတို့မှာ အများဆုံး ဖြစ်တယ်လို့ သိရပါတယ်။ ■

Ref: AFP

ဆေးလိပ်သောက်သုံးမှုကြောင့် ၂၀၂၀ခုနှစ်မှာ ကမ္ဘာတဝန်း သေဆုံးမှု နှစ်ဆမြင့်တက်လာနိုင်

ဆေးလိပ် သောက်သုံးမှုကြောင့် သေဆုံးတဲ့ဦးရေဟာ နှစ်စဉ် မြင့်တက်လျက်ရှိရာ လာမယ့် ၂၀၂၀ ခုနှစ်မှာ ကမ္ဘာတဝန်း ဆေးလိပ်သောက်သုံးမှုကြောင့် သေဆုံးသူဦးရေ နှစ်ဆမြင့်တက်ပြီး (၁၀) သန်းအထိ ရှိလာနိုင်ကြောင်း၊ အဲဒီထက် ပိုပြီးတော့လည်း များပြား လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားခဲ့ပါတယ်။ အသက်(၁၃)နှစ်မှ (၁၅)နှစ်အတွင်းဆေးလိပ်သောက်သူ အရေအတွက်ဟာ ကမ္ဘာတဝန်းမှာ မျှော်လင့်ထားတဲ့ အရေအတွက်ထက် များပြားနေတဲ့အတွက် အခုခန့်မှန်းချက်ဟာ နည်းပါးကောင်း နည်းပါးနေနိုင်သေးတယ်လို့ ဆိုပါတယ်။ ငယ်ရွယ်သူ အမျိုးသမီး ဆေးလိပ်သောက်သုံးသူ အရေအတွက် မြင့်မားနေခြင်း၊ ဆေးလိပ် မီးခိုးငွေ့မှတဆင့်ကျန်းမာရေးထိခိုက်မှု ပိုမိုများပြားလာခြင်း တွေကလည်း သေဆုံးသူဦးရေကို မြင့်တက်စေနိုင်တယ်လို့ဆိုပါတယ်။

ဂျော်ဂျီယာပြည်နယ် အတ္တလန္တာမြို့ ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးဌာနမှ ဆရာဝန် ချားလ်ဝါရင်က 'ကမ္ဘာတဝန်း သေဆုံးသူဦးရေ ခန့်မှန်းထားတာထက် မြင့်မားလာနိုင်ပါတယ်။ ကာကွယ်မှု တစုံတရာ မလုပ်ခဲ့ရင် သေဆုံးသူဦးရေက မြင့်မားနေဦးမှာပါပဲ'လို့ ရိုက်တာ သတင်းဌာနကို ပြောကြားခဲ့ပါတယ်။

ကမ္ဘာလုံးဆိုင်ရာ လူငယ်များ ဆေးလိပ်သောက်သုံးမှုအတွက် နိုင်ငံပေါင်း (၁၃၁)နိုင်ငံမှ ဆယ်ကျော်သက်(၇၅၀၀၀၀)ကို စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ပြီး ကျောင်းသားလူငယ် (၉)ရာခိုင်နှုန်းနီးပါးက ဆေးလိပ်သောက်သုံးကြောင်း တွေ့ရှိခဲ့ပါတယ်။ (၁၁)ရာခိုင်နှုန်းက ဆေးရွက်ကြီး ဝါးခြင်း၊ ဆေးပြင်းလိပ်သောက်ခြင်းတွေကို ပြုလုပ်နေကြောင်း တွေ့ရှိခဲ့ပါတယ်။ ဒါ့အပြင် အမျိုးသား ဆေးလိပ်သောက်သုံးသူ အရေအတွက်နဲ့ အမျိုးသမီး ဆေးလိပ်သောက်သုံးသူ အရေအတွက် ကွာခြားချက်ဟာလည်း ကျဉ်းမြောင်းလာကြောင်း တွေ့ခဲ့ရပါတယ်။ ဝါရင်က 'အမျိုးသမီးငယ်တွေကြားမှာ ဆေးရွက်ကြီး အသုံးပြုမှု မြင့်မားလာခြင်းက ကျနော်တို့ ကြုံတွေ့ခဲ့ရသမျှ သတင်းထဲမှာ အဆိုးဝါးဆုံး သတင်းပါပဲ'လို့ပြောကြားခဲ့ပါတယ်။ လန်ဆက် ဆေးပညာဂျာနယ်က ပြုလုပ်ခဲ့တဲ့စစ်တမ်းမှာ ပါဝင်ဖြေဆိုခဲ့တဲ့ ကျောင်းသားလူငယ် (၄၀) ရာခိုင်နှုန်းကျော်ဟာ အိမ်မှာဆေးလိပ်ငွေ့ရှူရှိုက်ရကြောင်းနဲ့ (၅၀)ရာခိုင်နှုန်းက အများပြည်သူနဲ့ဆိုင်တဲ့ နေရာတွေမှာ ဆေးလိပ်ငွေ့ ရှူရှိုက်သူတွေဖြစ်ခဲ့ရကြောင်းဖြေဆိုခဲ့ကြပါတယ်။ ဆေးလိပ်သောက်သုံးခြင်းကြောင့် နှလုံးရောဂါဖြစ်ခြင်း၊ လေဖြတ်ခြင်း၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာ ပြဿနာများ၊ အဆုတ်ရောဂါနဲ့ အခြားသော ကင်ဆာရောဂါများဖြစ်ပွားမှုကို တိုးမြင့်စေနိုင်ပါတယ်။ လန်ဆက်စစ်တမ်းအရ အိန္ဒိယနိုင်ငံမှာ (၆) တန်း ကျောင်းသားတွေ ဆေးလိပ် သောက်သုံးမှုဟာ (၈) တန်းကျောင်းသားတွေဆေးလိပ်သောက်သုံးမှုထက် ၂ဆမှ ၄ဆ အထိ ပိုမိုများ ပြားနေကြောင်း တွေ့ခဲ့ရပါတယ်။ လန်ဆက်စစ်တမ်းကို အိန္ဒိယနိုင်ငံမှာ ရှိတဲ့ ကျောင်းပေါင်း (၃၂) ကျောင်းမှ ကျောင်းသား (၁၁၆၄၂) ဦး ကို မေးမြန်းခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။ ■

Ref: CNN

နိုက်တင်ဂေးလ်ကာတွန်း



NIGHTINGALE နိုက်တင်ဂေးလ်
ကျန်းမာရေးဂျာနယ်သို့ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်...
အယ်ဒီတာအဖွဲ့
နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်
စာကြည့်တိုက်၊ မယ်တော်ဆေးခန်း
မဲဆောက်မြို့။

P.O.Box (21) , Mae Sot , 63110
Tak Province , Thailand
E-mail : ntg05journal@yahoo.com
doctorlunswe@yahoo.com
sorpdb@yahoo.com
Ph : BMA Office - 055544495
Dr Lun Swe - 012841418
Nai Aye Lwin - 078458939